
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL .17, NO . 33 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 28, 2017

# အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုမူဝါဒ ကန့်သတ်မှုကြောင့် လက်ကျန် ကျန်ရှိနေသည့်ပဲများ ဈေးကွက်တည်ငြိမ်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်



စာမျက်နှာ - ၁၈ ➤

■ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အခြေအနေများကို စောင့်ကြည့်နေသည့် အမေရိကန် ကုမ္ပဏီများစွာရှိဟုဆို

စာမျက်နှာ - ၁၃ ➤

■ ပြည်ပမှ ပဲစင်းငုံတင်သွင်းခွင့် ကန့်သတ်လိုက်ပြီးနောက်တွင် အိန္ဒိယ၌ ပဲဈေးနှုန်း ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာ

စာမျက်နှာ - ၁၃ ➤

■ မတ်ပဲနှင့် ပဲတီစိမ်း တင်သွင်းမှုအား ကန့်သတ် ကုန်စည်အမျိုးအစား ခေါင်းစဉ် အောက်သို့ အိန္ဒိယအစိုးရက ထည့်သွင်းသတ်မှတ်

စာမျက်နှာ - ၁၃ ➤



အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတင်သွင်းမှုတို့အား ကန့်သတ်လိုက်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ပဲလောကတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများအား မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တွေ့ဆုံခြင်း

စာမျက်နှာ - ၁၉ ➤





Promotion Ends 30 September 2017
KiaMyanmar
DRIVE & FLY WITH
KIA
DISCOUNT
$1,000
FREE 5D/4N TRIP
SEOUL
2-Person Worth $ 2,400
GUARANTEED
2-WEEK DELIVERY*(OR)
1 Year Free Maintenance Service
ရန်ကုန်လိုင်စင်ပယ်ယူသူအမည်ပေါက်နှင့်ဂန်ငွေခွန်အပြီးအစီး
* From the date of confirmed sales
SUPER SEVEN STARS CO.,LTD.
Yangon : No.22-B,23-A, Kabar Aye Pagoda Road, Yankin Township, Yangon. Ph. 09 73180000, 09 77008888 ,099 69933618 (Corporate)
Mandalay : No.74, Corner of Yangon-Mandalay Road &Kywe Sai Kan 11 Road, Chan MyaTharyar Quarter, PyiGyiTagon Township, Mandalay. Ph. 099 6993 3636, 099 7789 5937 (Corporate)
Naypyitaw : No.482-B/483-A/B, YarZaHtar Ni Main Road, PaungLaung Toe Chae(2), YwarkaukYat, Naypyitaw. Ph. 099 7789 5936, 09-977895932
KIA
The Power to Surprise
5 YEAR
100,000 KM
WARRANTY




Loyal Star
Loyal Star Trading Co.,Ltd.
Importer and Distributor of Heavy Machinery Spare Parts
Undercarriage Parts
Floating Seal Group
Ground Engaging Tools
Filters
Friction Material
Engine related components
Fuel Injection Components
Transmission Gears and Pumps
စက်ယန္တရားကြီးများ၏ အပိုပစ္စည်းများကို လူကြီးမင်းတို့စိတ်တိုင်းကျ ဝယ်ယူရရှိနိုင်ပါသည်။
No.74, Thumingalar Road, 4 Ward, Kaytumarlar Avenue, South Okkalapa Township, Yangon, Myanmar.
Telephone : 01-2333 438, Fax: 01-23333 08, Hot Line : 09-45990 2864, 09-45 9898 248

# စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးသို့ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြား



စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကား ပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ထိရောက်စွာ ဆောင်ရွက်နေပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၏အောက်တွင်လည်း အာဆီယံစားသုံးသူ အကာအကွယ်ပေးရေး ကော်မတီ (ACCP)ကို ဖွဲ့စည်းပြီး မဟာဗျူဟာလေးရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ၊ အထူးစီးပွားရေးဇုန်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူများကို အသိပညာပေးခြင်း ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သူ၊ ရောင်းချသူများကိုလည်း အသိပညာပေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသခံ လူမှုအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကိုပြင်ဆင်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေကို အတည်ပြုပြီးပါက နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း စသည်ဖြင့် ပြောကြားပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးတို့က

စာမျက်နှာ - ၈ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တူရကီနိုင်ငံတွင် ကျင်းပသည့် (၈၆)ကြိမ်မြောက် Izmir မြို့ နိုင်ငံတကာကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တူရကီနိုင်ငံတွင် ကျင်းပမည့် (၈၆) ကြိမ်မြောက် Izmir မြို့နိုင်ငံတကာကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့ပါသည်။

အဆိုပါကုန်စည်ပြပွဲကို ဩဂုတ် ၁၈ ရက်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ခဲ့သည်။ ယင်းကုန်စည်ပြပွဲကို တူရကီနိုင်ငံ စီးပွားရေးဝန်ကြီးဌာန၊ သိပ္ပံ၊ စက်မှုနှင့် နည်းပညာဝန်ကြီးဌာနတို့က ဦးဆောင်ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါကုန်စည်ပြပွဲတွင် စွမ်းအင်အရင်းအမြစ်နှင့် ပတ်သက်သော စက်မှုပစ္စည်းများ၊ ယာဉ်အမျိုးမျိုး၊ ထုတ်ကုန်အမျိုးမျိုးများကို နိုင်ငံပေါင်းများစွာမှ လာရောက်ပြသကြသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် တူရကီနိုင်ငံမှ စီးပွားရေးဝန်ကြီး Mr. Nihat Zeybekci၊ သိပ္ပံ၊ စက်မှုနှင့် နည်းပညာဝန်ကြီး Mr.faruk WZLU၊ Izmir မြို့ မြို့တော်ဝန်၊ ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံမှ ဆန်၊ ပဲမျိုးစုံတို့အား တူရကီနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံ ကုန်စည်ပြပွဲများကျင်းပ၍ ဈေးကွက်သစ်ရှာဖွေနိုင်ရေးနှင့် ကုန်သွယ်မှုတိုးတက်စေရေးဆိုင်ရာ နည်းပညာအကူအညီပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Izmir မြို့ရှိ စက်မှုဇုန်သို့ သွားရောက်လေ့လာကြကြောင်း သိရှိရသည်။

အဆိုပါခရီးစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ညွှန်ကြားရေးမှူး ဦးမျိုးသူတို့လိုက်ပါပြီး ဩဂုတ် ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါင်ရှန်းပြည်သူ့အစိုးရ မြို့တော်ဝန်Mr. Yang Jun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel တို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်ရှန်းပြည်သူ့အစိုးရ မြို့တော်ဝန် Mr. Yang Jun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့အား ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါင်ရှန်းပြည်သူ့အစိုးရ မြို့တော်ဝန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မန္တလေးတိုင်းဒေသကြီး မြစ်သာစက်မှုဇုန်နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဝိုင်းမော်စက်မှုဇုန်များ အကောင်အထည်ဖော် တည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းကဏ္ဍများတွင် အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ ရယူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် သဘောတူညီချက်နှင့် စပ်လျဉ်းသော ဆွေးနွေးပွဲကျင်းပနိုင်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အဝင်နည်းပြီး ဝယ်လိုအားများတဲ့အတွက် ဆန်ကြမ်းဈေးဆက်တက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချော အရောင်းအဝယ်အေးလို့ ဈေးငြိမ်နေပေမယ့် ဆန်ကြမ်းအဝင် နည်းပြီး အရောင်းသွက်တဲ့အတွက် ဈေးအနည်းငယ်မြင့်တက်ကြောင်း ဝါတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၃၅၀၀၀နဲ့ လတ်စ တစ်အိတ်ကျပ် ၃၃၀၀၀၊ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ဆန်တစ်အိတ် ကျပ် ၃၂၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ် ဆန်းဆန် တစ်အိတ်ကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀ ဖြစ်ကြောင်း သိရပါတယ်။ ဆန်ချောမှာ ပြည်တွင်း စားသုံးမှုသာရှိပြီး အရောင်းအဝယ်လည်းအေး ဈေးလည်းအေးကြောင်း သိရပါတယ်။

ဆန်ကြမ်းကတော့ အရောင်းသွက်ပြီး အဝင်လည်းပါးတဲ့ အတွက် ဈေးအနည်းငယ်တက်ကြောင်းသိရပါတယ်။ ဧည့်မထ ဆန် ထိပ်စတစ်အိတ်ကျပ် ၂၀၈၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၉၀၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်ကျပ် ၂၀၈၀၀ မှ ကျပ် ၂၁၁၀၀၊ အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၈၈၀၀ မှကျပ် ၁၉၀၀၀ ရှိပြီး အရောင်းသွက်တဲ့အတွက် တစ်အိတ်ကို ကျပ် ၂၀၀မှ ကျပ်၃၀၀အထိ ဈေးတက်ပါတယ်။ မနောသုခနဲ့နွေဆန် ရက် ၉၀ ကတော့ ဈေးငြိမ်နေပါတယ်။ မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀နဲ့ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၁၅၀၀ မှကျပ် ၂၁၈၀၀ဖြစ်ကြောင်း ဝါးတန်းဆန်ကုန်စည် ဒိုင်ရဲ့ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ဖြစ် နေပြီး ဧည့်မထ ၅ မှတ်မှော်ဘီနဲ့ စူပါအမျိုးအစားသာ တစ်အိတ်ကို တစ်ယွမ်ခန့်ဈေးကျပြီး ကျန်အမျိုးအစားများ ဈေးငြိမ်နေကြောင်းသိရပါတယ်။ ဧည့်မထ၅မှတ် မှော်ဘီ တစ် အိတ် ၁၃၂ ယွမ်မှ ၁၃၃ ယွမ်၊ ဧည့်မထ ၅မှတ်စူပါတစ်အိတ် ၁၃၂ယွမ်မှ၁၃၃ယွမ်၊ ဧည့်မထ၁၀ မှော်ဘီတစ်အိတ် ၁၂၈ယွမ် မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ယွမ်၊ မနောသုခ ၂၅မှတ်တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ် တစ် အိတ်၁၁၈ယွမ်မှယွမ်၁၂၀၊ ငစိန် ၂၅မှတ် တစ်အိတ် ၁၁၃ယွမ် မှ ၁၁၅ ယွမ်ရှိကြောင်းသိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၁၈၂၀၁ တန် အဝင်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန် ရှိနေတယ်လို့ သိရပါ တတ်။ ဩဂုတ် ၂၄ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၁ ဒသမ ၄၅ ကျပ်ဈေးပေါက်ကြောင်း မူဆယ်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ဩဂုတ်လ စတုတ္ထပတ်တွင် ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်၌ မြို့နယ်အချို့၏ ဆန်စပါးဈေးနှုန်းများ အပြောင်းအလဲဖြစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဩဂုတ်လစတုတ္ထပတ်၏ ဆန်စပါးဈေးကွက်မှာ ပုံမှန်ရောင်းဝယ်လျက်ရှိသော မြို့နယ်၊ အရောင်းအဝယ် အနည်းငယ်သွက်သောမြို့နယ်များနှင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်သင့်တင့်သော မြို့နယ်များလည်းရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် မိုးစပါးလက်ကျန်မှာ တစ်လထက်တစ်လ လျော့နည်း၍ ဈေးကွက်လိုအပ်ချက်အရသာ စက်ပိုင်ရှင်များက ကြိတ်ခွဲရောင်းချလျက်ရှိကြောင်း လက်ကျန်စပါးများအပေါ် မူတည်၍ ဈေးကွက်လိုအပ်ချက်အရ မအူပင်ခရိုင် ဧည့်မထမိုး/နွေဆန်စပါးဈေးအနည်းငယ်မြင့်တက်၍ ဖျာပုံခရိုင်မှာ ဧည့်မထ နွေစပါးများ သောင်းဂဏန်းဝန်းကျင် မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ယခုတစ်ပတ်ဆန်ပိုမိုတင်ပို့နိုင်ပြီးဈေးကွက်သစ်အဖြစ် ကင်ညာနိုင်ငံသို့ပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ရှိကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၂ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၂၄၅၁၇ တန်တင်ပို့ခဲ့ ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှငစိန်ဆန် ၆၉၆၆ တန်၊ ဧည့်မထဆန် ၁၂၆၀၅တန် ကျော်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၂၀၊ ချင်းရွှေဟော် ကုန် သွယ်ရေးစခန်းမှ ငစိန်ဆန် ၆၇ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန် ၄၁၇၈ တန်ကျော်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၉၅ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၈၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်း များမှ တန်ချိန် ၂၁၀၆၀ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ် ပတ်မှာ ၃၄၅၇ တန်တင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့နိုင်သော်လည်း ဆန်ကွဲ တင်ပို့မှု လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ ၅၁၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၀၃၆ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၁၆၇၈ တန်ခန့်နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ၃၅၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၃၉၆တန် လျော့နည်း ခဲ့ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၂ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်း ဆန် ၃၇၅၇၄တန် ကျော်ကို အရှေ့တောင်အာရှ၊ အာဖရိကနဲ့ ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၇၈၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် ၁၆၂၅ တန်၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၁၀၀၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၅၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၈၇၈ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဧည့်မထဆန် ၂၂၅ တန်တင် ပို့ခဲ့ပါတယ်။

တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၁၉၁၅ တန်၊ ဂါနာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၃၀၀၀၊ ကင်ညာနိုင်ငံ သို့ ဧည့်မထဆန် ၈၇၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထ ဆန် ၃၁၂၅ တန်၊ တိုဂိုနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၀၀၀ တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့ ပေါင်းဆန် ၅၂၆ တန်နဲ့ဧည့်မထ ဆန် ၁၁၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၂၄၄၆၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၁၁၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဈေးကွက်သစ်အဖြစ် ကင်ညာနိုင်ငံသို့ပါ တင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ ယခုတစ်ပတ် ဆန်ပိုမိုတင်ပို့နိုင် သော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ အမေရိကန် ဒေါ်လာ၂ဒသမ၁၈၄သန်းတန်ဖိုးရှိဆန်ကွဲ ၈၉၀၆ တန်တင်ပို့ ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံ သို့ တန်ချိန် ၂၀၀၊ တရုတ်နိုင်ငံသို့ ၄၆ တန်၊ ဂျီဘူတီနိုင်ငံသို့ တန်ချိန် ၄၅၀၊ ဂမ်ဘီယာနိုင်ငံသို့ ၁၂၅ တန်၊ မက်ဒါဂါစကား နိုင်ငံသို့ တန်ချိန် ၃၀၀၊ အီးယူနိုင်ငံများသို့ ၇၅၃၅တန် တင်ပို့ ခဲ့ပါတယ်။

ယခင်တစ်ပတ်က ဆန်ကွဲ ၁၂၇၈၈ တန်တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၃၈၈၂တန်လျော့ကျ ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ ဆန်ပိုမို တင်ပို့နိုင်ပြီး ဈေးကွက်သစ်လည်း ထပ်မံရရှိခဲ့တာတွေ့ရပါ တယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၈-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၆ | ၄၀၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၁ | ၃၉၂ | △ | ၄၀၀ | ၃၉၅ | ▽ | ၄၁၀ | ၄၁၀ | □ | ၃၉၀ | ၃၉၅ | △ |
| ဆန်ဖြူ ၁၀% | ၃၀၅ | ၃၀၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၀၅ | ၃၀၅ | □ | ၃၉၀ | ၃၀၇ | ▽ | - | - | - | ၃၀၅ | ၃၀၅ | □ |
| ဆန်ဖြူ ၂၅% | ၃၇၉ | ၃၇၉ | □ | ၃၇၅ | ၃၆၀ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၄၀ | ၃၄၀ | □ |
| ပေါင်းဆန် | ၄၁၂ | ၄၁၃ | △ | - | - | - | ၄၁၀ | ၄၀၀ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၅-၈-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၉၇၀ | □ | ၂၀၅၀၀ | □ | ၇၉၇၀ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၇၀၀ | □ | ၁၈၅၀၀ | □ | ၆၇၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | □ | ၁၉၂၀၀ | □ | ၁၂၅၀၀ | □ | ၄၁၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | △ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၂၀ | □ | ၂၁၀၀၀ | △ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၇၀၀၀ | △ | - | - | ၄၁၀၀၀ | △ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၅၀ | □ | ၃၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၉၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၁-၈-၂၀၁၇ မှ ၂၅-၈-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 894 | 54,776,030.110 |
| 2 | Form D | 30 | 1,351,039.010 |
| 3 | Form E | 79 | 5,744,686.480 |
| 4 | Korea GSP | 7 | 96,204.050 |
| 5 | Form AK | 116 | 8,676,854.220 |
| 6 | Form AJ | 7 | 507,721.070 |
| 7 | Form AI | 80 | 3,444,967.331 |
| 8 | Form AANZ | 5 | 193,801.550 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1218** | **74,791,303.821** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၅-၈-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၂၄ | - | - | ၁၄၁၇ | ၁၃၃၃ | ▼ | ၁၃၆၅ | ၁၃၂၅ | ▼ | ၁၃၈၅ | ၁၃၀၀ | ▼ |
| ပဲစင်းငုံ | ၈၃၃ | - | - | - | ၇၅၈ | - | ၈၁၀ | ၇၁၀ | ▼ | ၇၇၅ | ၇၀၀ | ▼ |
| ပဲတီစိမ်း | ၁၇၀၀ | - | - | ၁၈၁၃ | ၁၆၈၉ | ▼ | - | - | - | ၁၄၂၀ | ၁၃၁၅ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၆၀၀ | ■ | ၂၃၂၃ | ၂၂၀၁ | ▼ | ၂၃၀၅ | ၂၁၀၄ | ▼ | ၂၁၈၅ | ၂၀၈၀ | ▼ |
| ပဲလွန်းဖြူ | ၁၇၅၀ | ၁၆၆၅ | ▼ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၉၁၀ | ၁၅၆၅ | ▼ | ၂၄၀၀ | ၂၄၃၆ | ▲ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၅-၈-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၁၀ | ၅၂၀ | ▼ | ၆၅၅ | ၇၈၀ | ▲ | ၆၅၅ | ၇၈၀ | ▲ |
| ပဲစင်းငုံ | ၃၉၀ | ၄၈၀ | ▲ | ၆၆၃ | ၆၇၉ | ▲ | ၆၇၉ | ၆၉၅ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၄၈ | ၇၉၆ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၈၉၃ | ၉၃၆ | ▲ | ၈၈၉ | ၉၅၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၂၊၈၊၁၇)ထိ | ယခုတစ်ပတ် (၁၉၊၈၊၁၇)ထိ | (၁၊၁၊၁၇) မှ (၁၉၊၈၊၁၇) ထိ |
| မတ်ပဲ | ၃၃၅၉၇၁ | ၁၃၇၁၅ | ၃၄၉၆၈၆ |
| ပဲတီစိမ်း | ၉၉၃၀၄ | ၄၄၃ | ၉၉၇၄၇ |
| ပဲစင်းငုံ | ၁၈၅၁၀၄ | ၈၃၄၃ | ၁၉၃၄၄၇ |
| ကုလားပဲ | ၃၄၀၃၄ | ၅၃၄ | ၃၄၅၆၈ |
| ပဲလွန်းဖြူ | ၁၂၃၃၅ | ၃၆ | ၁၂၃၇၁ |
| မြေထောက်ပဲ | ၈၅၈၈ | ၁၂၂ | ၈၇၁၀ |

## ပြည်ပဲတီစိမ်း တရုတ်ဝယ်လက်ရှိမှုအပေါ် မန္တလေးလိုင်းသမားဝယ်ယူခဲ့

ပြည်ပဲမျိုးစုံဈေးကွက်မှာ မိုးပဲတီစိမ်းသီးနှံ အဝင်ဆက်ရှိခဲ့ပြီး မင်းတုန်း၊ ကံမနှင့် ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခဲ့ကြကာ ပဲလက်ကျန်လည်း အသင့်အတင့်ရှိကြလို့ မန္တလေးလိုင်းသမားများမှ တရုတ်ဝယ်လက် ဝယ်ယူမှုအပေါ် မူတည်၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုတစ်ပတ်အတွင်း တစ်ရက်အိတ် ၂၀၀ ကျော် နေ့စဉ်လိုလို ရောင်းချမှုရှိခဲ့ပြီး ပဲဈေးနှုန်းအနေဖြင့် တစ်တင်းကျပ် ၂၇၀၀၀ နှင့်ကျပ် ၂၈၀၀၀အကြား ယခင်တစ်ပတ်ဈေးအတိုင်း ဈေးဆက်ငြိမ်လျက် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်းက ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းလျှင်ကျပ် ၂၂၀၀၀ ဖြင့်သာရောင်းဝယ်ခဲ့ကြတဲ့အတွက် ယခုနှစ်ဈေးမှာ တစ်တင်းကျပ် ငါးထောင်ခန့်ပိုရနေတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်လက်လီ ပဲဈေးကွက်အတွင်း စားတော်ပဲသီးနှံဈေးကောင်းရ

ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ လက်လီပဲဈေးကွက်ထဲမှာတော့ စားတော်ပဲသီးနှံက ဈေးအမြင့်ဆုံးနဲ့အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ လက်လီဝယ်ယူမှုသာရှိလို့ နေ့စဉ်အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၄၅၀၀၀ ရလျက်ရှိသော်လည်း ယခင်တစ်ပတ်ကထက်တော့ ဈေးလျော့နည်းသွားခဲ့ပါတယ်။ ယခင်တစ်ပတ်က စားတော်ပဲသီးနှံဈေးမှာ တစ်တင်း ကျပ် ၄၆၅၀၀ ရရှိခဲ့ပြီး ပြည်လက်လီ ပဲဈေးကွက်အတွင်းဈေးအကောင်းဆုံးဖြစ်ပေမယ့် ယခုတစ်ပတ်မှာတော့ ပဲကြီးသီးနှံဈေးကို မမီဘဲ ပဲကြီးသီးနှံ(ရွှေကျွန်း)ရော (ကမ်းနား) ပဲများထက် ဈေးလျော့နည်းသွားခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ဩဂုတ်လစတုတ္ထပတ်အတွင်း မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်တွင် ပြည်ပဝယ်လက် ပဲအားလုံးဈေးနှုန်းကျဆင်းပြီး ပဲကြီးဈေးအမြင့်ဆုံးဈေးရှိ


မုံရွာကုန်စည်ဒိုင်ဈေးကွက် ဩဂုတ်လစတုတ္ထပတ် ပဲမျိုးစုံဈေးကွက်တွင် ပဲဈေးနှုန်းအားလုံးလိုလို ဈေးနှုန်းလျော့နည်းခဲ့ပြီး ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများအပြင် ကုလားပဲမှာလည်း ဈေးကျဆင်းခဲ့တာကိုတွေ့ရှိရပါတယ်။ ကျန်လက်လီပဲများမှာ ဈေးငြိမ်နေသလို အရောင်းအဝယ်အေးကြောင်း ကုန်စည်ဒိုင်ရပ်ကွက်မှသိရှိရပါတယ်။

ယခုတစ်ပတ် မတ်ပဲသီးနှံမှာ ပဲအဝင်သိပ်မရှိတော့လို့ လက်ကျန်ပဲများဖြင့် ရန်ကုန်ဝယ်လက်ဝယ်ယူပေါ် မူတည်ပြီး တစ်ရက်လျှင်အိတ် ၁၀၀-၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၂၆၅၀၀ဖြင့် ယခင်တစ်ပတ်ကဈေးထက် အနည်းငယ်ကျဆင်းခဲ့တာကို တွေ့ရှိရပါတယ်။

ယခုတစ်ပတ် ပဲစင်းငုံသီးနှံမှာ ဈေးနှုန်းအနိမ့်ဆုံးသို့ကျဆင်းခဲ့ပြီး တစ်တင်းလျှင် ကျပ် ၁၄၂၀၀ ဖြင့် ဆက်လက်ကျဆင်းကာ တစ်ရက်လျှင် အိတ် ၅၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ကုန်စည်ဒိုင်ရပ်ကွက်မှ သိရပါတယ်။ ပဲတီစိမ်းသီးနှံမှာ ပစ္စည်းအရည်အသွေးအလိုက် ဈေးနှုန်းအတက်အကျရှိပြီး ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ကျပ် ၂၅၀၀၀ ရှိပြီး တစ်ရက်လျှင် အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

ကုလားပဲသီးနှံမှာ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်လျော့ခဲ့ပြီး ယခုတစ်ပတ်တွင် ကုလားပဲဖြူလုံးကြီး အမြင့်ဆုံးဈေး တစ်တင်းလျှင်ကျပ် ၄၂၀၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ 929တစ်တင်းလျှင်ကျပ် ၄၀၂၀၀ ဈေးရှိပြီး ဒေသတွင်း ပဲခွဲစက်သမားများ နေ့စဉ်ပုံမှန်အဝယ်ရှိတာကြောင့် တစ်ရက်လျှင် ကုလားပဲမျိုးစုံ အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်တယ်လို့ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ်တွင် အခြားပဲများအားလုံးလိုလို ဈေးနှုန်းကျဆင်းနေသော်လည်း ပဲကြီးဈေးမှာ တစ်တင်းလျှင်ကျပ် ၅၅၀၀၀ မှကျပ် ၆၀၀၀၀ အမြင့်ဆုံးဈေးရရှိပြီး လက်လီဝယ်လက်သမားများနှင့် ဒေသတွင်းပဲကြော်ဖိုလုပ်ငန်းများက ဝယ်ယူလို့တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်ရပ်ကွက်မှသိရှိရပါတယ်။**လင်းလင်းသန့်**



## ဩဂုတ်လစတုတ္ထပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ SI (မြေပဲဖြူလုံးဆန်)ကျပ် ၂၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲတစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၂၃၀၀၀ နှင့် အမြင့်ဈေး ကျပ် ၂၇၀၀၀၊ စွန်တာပြာ တစ်တင်းလျှင် ကျပ် ၂၇၀၀၀၊ ပဲဇီးကွက် တစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၂၉၀၀၀နှင့်အမြင့်ဈေးကျပ် ၃၀၀၀၀၊ ပဲနီပြား တစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၂၅၀၀၀ နှင့် အမြင့်ဈေး ကျပ် ၂၉၀၀၀ တို့ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် တင်း ၅၀၀ကျော် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။ ကုလားပဲအမျိုးအစား HL တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၃၉၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၄၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့် အနိမ့်ဈေး ကျပ်၃၃၀၀၀၊ အမြင့်ဈေး ကျပ် ၃၄၀၀၀ ဖြင့် ရေစကြို ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဥမ္မာဦး( ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်ရှိမြေပဲဆန်ဈေးကွက် ဈေးငြိမ်လျက်အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ယခုတစ်ပတ်မှာဆီထွက်သီးနှံဖြစ်သောမြေပဲဆန် ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ကဈေးအနည်းပြန်လှုပ်လာပြီး ယခုတစ်ပတ်မှာဈေးငြိမ်ကာ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ မြေပဲဆန်များ နေ့စဉ်အိတ် ၁၀၀၀ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ)ကျပ် ၂၄၀၀နဲ့ အိတ်၄၀၀ခန့်၊ (လုံးဆန်နီ)ကျပ် ၂၃၀၀နဲ့ အိတ် ၃၀၀ ခန့်၊ (ဆီဆန်) ကျပ် ၂၁၀၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူပြီးဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိလို့ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

## ပြည်ပဲဆန်ဈေးကွက်တွင် ဝင်ရောက်မှုနည်းနေသေးသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်သို့ မိုးမြေပဲအသစ်များကို ဝက်ထီးကန်၊ အောင်လံ၊ ပေါက်ခေါင်းနဲ့ ရွှေတောင်မြို့နယ်တို့ရှိ ကျေးရွာများမှ အဝင်အနည်းငယ်သာရှိသေးသဖြင့် ဈေးကွက်တွင် အရောင်းအဝယ် အနည်းငယ်သာ ဖြစ်တာတွေ့ရပါတယ်။

နေ့စဉ်ဝင်ရောက်မှုနည်းသေးသော်လည်း ဈေးကွက်တွင် ကျန်ရှိနေသော မြေပဲဆန်အဟောင်းများရော ယခုဝင်ရောက်တဲ့ မြေပဲဆန်အသစ်များပါ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက မြစ်ရေများလျှံတက်လာသဖြင့် မြေပဲခင်းများ ပျက်စီးသွားတဲ့အတွက် မြေပဲဆန်ဝင်ရောက်မှု နည်းသွားခဲ့တာဖြစ်ပါတယ်။ ယခုနှစ်မှာ မြစ်ရေများ မတက်သေးသဖြင့် မြေပဲဆန် ဝင်ရောက်မှုမှာ ယခင်နှစ်ထက် များနေတာတွေ့ရပါတယ်။ အရောင်းအဝယ်မှာယခင်နှစ်နဲ့နှိုင်းယှဉ်ပါက မိုးလွတ်၊ ရေလွတ်ဖြစ်သဖြင့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် (အသစ်) တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး (အဟောင်း) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ဈေးကျလာတာတွေ့ရပါတယ်။ လုံးဆန်ဈေးမှာ (အသစ်) တစ်ပိဿာလျှင် ကျပ် ၂၃၅၀နှင့်(အဟောင်း) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၄.၈.၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT. PRIMROSE | P.Oil (In Bulk) တန်၄၃၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - SINAR BANDA | ကုန်သေတ္တာ၅၁၀ ကုန်တင်<br>ကုန်သေတ္တာ ၅၃၄ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - GSS YANGON | ကုန်သေတ္တာ ၂၃၆ ကုန်တင် ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - KOTA RATNA | ကုန်သေတ္တာ ၂၇၂ကုန်တင်<br>ကုန်သေတ္တာ ၃၂၅ ကုန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BATAM | ကုန်သေတ္တာ ၅၈၂ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁) | - GA ZI | ဆန်တန်၂၀၀၀၀ ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၂) | - HAN HUI | Machinery တန် ၁၂၅၈ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၃) | - BANG PAKAEW | သကြားတန် ၆၅၂၁ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - MCC HALONG | ကုန်သေတ္တာ ၃၆၄ကုန်တင်<br>ကုန်သေတ္တာ ၆၇၁ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAJESTY | ဆန် ၂၅၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၂၀၅၀၀တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - AT 27 | ဆန် ၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - PAX | ဆန် ၂၄၈၀၀ တန် ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - HAN THAR | အလုပ်မလုပ် |
| မြန်မာ့သီလဝါဆိပ်ကမ်း(၁) | - XETHA BHUM | ကုန်သေတ္တာ ၂၂၆ ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း(၃) | - BBC ROSARIO | (3) Stage Turbine ၁၀၁ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း(၄) | - LUCKY SOURCE | Steel Product & Fertilizar<br>၂၉၇၉၀ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း(၅) | - DREAM DIAMOND | Units Vehicle (RO/RO)<br>၁၀၂၅ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THEO TOKOS | ဆန် ၂၀၀၀၀ တန် ကုန်တင်ရန် | SINGAPORE | ၂၆.၈.၂၀၁၇ |
| CONTI LAPIS LAZULT | Steel & Fertilizer<br>၂၉၀၀၀ကုန်ချရန် | CHINA | ၂၆.၈.၂၀၁၇ |
| TAN BINH -127 | ဆန် ၁၁၀၀၀ တန် ကုန်တင်ရန် | BANGLADESH | ၂၆.၈.၂၀၁၇ |
| STAR MASAYA | Deformed Bar<br>10000 ကုန်ချရန် | ANGOLA | ၂၆.၈.၂၀၁၇ |
| ASIAN LEADER | Units Vehicle (RO/RO)<br>၄၀၄တန်ကုန်ချဆဲ | JAPAN | ၂၆.၈.၂၀၁၇ |
| OCEAN DREAM | PAX CRIOSE VESSE<br>၁၁၅၇ တန်ကုန်ချရန် | SINGAPORE | ၂၇.၈.၂၀၁၇ |
| VIKING EMERALD | Units Vehicle (RO/RO)<br>၁၃၀၄တန်ကုန်ချဆဲ | JAPAN | ၂၇.၈.၂၀၁၇ |
| VIKING AMBER | Units Vehicle (RO/RO)<br>၁၀၃၉ တန်ကုန်ချဆဲ | JAPAN | ၂၈.၈.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၈.၂၀၁၇ |
| THAN LWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၈.၂၀၁၇ |
| UNI-AMPLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၄.၈.၂၀၁၇ |
| MAERSK WARSAW | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၅.၈.၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၈.၂၀၁၇ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၅.၈.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၈.၂၀၁၇ |
| MAERSK ATLANTIC | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၈.၂၀၁၇ |
| RATANA THIDA | SINGAPORE | အလုံ/သီလဝါဆိပ်ကမ်း | ၂၇.၈.၂၀၁၇ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇.၈.၂၀၁၇ |
| KOTA RAJIN | SINGAPORE | - | ၂၇.၈.၂၀၁၇ |
| NINOS | SINGAPORE | - | ၂၇.၈.၂၀၁၇ |
| TOVE MERSK | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၈.၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၈.၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁.၉.၂၀၁၇ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၉.၂၀၁၇ |
| SHAMIN | SINGAPORE | စက်မှုဆိပ်ကမ်း | ၁.၉.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY SEAL | DIESEL | - | ၂၅.၈.၂၀၁၇ |
| MT.GLORY STAR | DIESEL | INDONESIA | ၂၆.၈.၂၀၁၇ |
| MT.FAIR ENERGY | ASPHALT | SINGAPORE | ၂၆.၈.၂၀၁၇ |
| MT.SINGA BARLIN | DIESEL | SINGAPORE | ၂၆.၈.၂၀၁၇ |
| MT.BOSS OIL- 7 | P.Oil (In Bulk) | INDONESIA | ၂၆.၈.၂၀၁၇ |
| MT.CHAO ANOMA | P.Oil (In Bulk) | INDONESIA | ၂၆.၈.၂၀၁၇ |
| MT.MESON | P.Oil (In Bulk) | INDONESIA | ၂၆.၈.၂၀၁၇ |
| MT.FLY MARLIN | DIESEL | SINGAPORE | ၂၆.၈.၂၀၁၇ |
| MT.NILUFER SULTAN | DIESEL | SINGAPORE | ၂၇.၈.၂၀၁၇ |
| MT.YU RU | MOGAS (92 Ron) | SINGAPORE | ၂၈.၈.၂၀၁၇ |
| MT.GREAD DIAMOND | DIESEL | SINGAPORE | ၂၈.၈.၂၀၁၇ |
| MT.BABY LON | DIESEL | SINGAPORE | ၂၈.၈.၂၀၁၇ |
| MT.AULAC JUPITER | DIESEL | SINGAPORE | ၃၁.၈.၂၀၁၇ |
| MT.PRIMROSE | P.Oil (In Bulk) | INDONESIA | ၁.၉.၂၀၁၇ |

## ဩဂုတ်လ စတုတ္ထပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သော စျေးကွက်နှင့်စျေးနှုန်း

ပခုက္ကူ ကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီ စျေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၆၀၀၀ ဖြင့်တင်း ၅၀ ကျော် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ ကုလားပဲစျေးနှုန်းများမှာ အနည်းငယ်ကျလျက်ရှိပြီး အရောင်းအဝယ်အေးနေကာ ကုလားပဲဖြူV2 တစ်တင်း လျှင် ကျပ် ၄၁၀၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၃၉၀၀၀ နှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၃၉၀၀၀စျေး များဖြင့် တင်း ၅၀ နှင့် ၁၀၀ ကြားတွင် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။

ပဲတီစိမ်း (သစ်) တစ်တင်းလျှင် ကျပ် ၂၃၄၀၀ စျေးဖြင့် တင်း (၅၀) ကျော်ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူ ဒေသထွက် နှမ်းညို တစ်တင်းလျှင် ကျပ် ၂၈၈၀၀ ဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဝါ(ပြင်) တစ်တင်းလျှင် ကျပ် ၃၁၅၀၀ ဖြင့် နှမ်းဝါ(ယော) တစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဖြင့် ကုန်စည်ဒိုင်တွင် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ အခြားပဲများဖြစ်သည့် ပဲဇီးကွက် မှာ ကျပ် ၂၈၀၀၀ စျေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါ တယ်။ တိရစ္ဆာန်စာဖြစ်သော ပြောင်းဖူးစေ့ (CP) တစ်တင်း လျှင်ကျပ် ၁၀၀၀၀စျေးဖြင့် တင်း ၅၀ ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ(ဆုံဆီ) တစ်ပိဿာစျေးနှုန်းမှာ လက်ကားစျေး ၅၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီစျေးမှာ တစ်ပိဿာလျှင် ထိပ်စ ၁၅၀၀၊ အလတ်စကျပ် ၁၄၀၀ အနိမ့်ကျပ် ၁၂၅၀စျေးဖြင့် တစ်နေ့လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၂၅၀၀၀ကြား နေ့စဉ် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

**လှိုင်ဦမွှာဦး(ပခုက္ကူ)**

## ပြည်ပဲကြီး စျေးလည်းကောင်းပြီး အရောင်းအဝယ်သွက်နေ

ဩဂုတ်လလယ် ပြည်ပဲစျေးကွက်မှာ စျေးအမြင့်နဲ့ ဆက်လက် အရောင်းအဝယ်ဖြစ်နေတဲ့ သီးနှံကတော့ ပဲကြီးသီးနှံ ဖြစ်နေခဲ့ပါတယ်။ ပဲဝင်ရောက်မှုမရှိတော့ဘဲ အဝင်ပါးသွားပေမယ့် လှောင်ပဲလက်ကျန်များရှိနေတာကြောင့် နေ့စဉ် ပဲကြော်ဖို လုပ်ငန်းသမားများဝယ်ယူမှုအပေါ် အိတ် ၂၅၀ကျော်ရောင်းချခဲ့ကြရတယ်လို့သိရပါတယ်။ ပဲစျေးငြိမ်နေတာကြောင့်(ရွှေကျွန်း) တစ်တင်း ကျပ် ၅၀၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၇၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ကုလားပဲ သီးနှံထက် စျေးပိုရနေခဲ့တယ် လို့လည်းသိရပါတယ်။ ဒါကြောင့် ပြည်ပဲစျေးကွက်အတွင်း အခြားပဲများအားလုံးထက်စျေးလည်းကောင်း အရောင်းအဝယ်လည်း ပိုသွက်နေခဲ့တဲ့ ပဲသီးနှံများဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာဆီထွက်သီးနှံစျေးကွက် ပြည်ပဝယ်လက်ပါးလို့စျေးငြိမ်

မုံရွာကုန်စည်ဒိုင်စျေးကွက်၏ ဩဂုတ်လတတိယပတ် အတွက် ဆီထွက်သီးနှံစျေးကွက်မှာ မြေပဲလုံးဆန်အနေနဲ့နယ် အဝင်ပါးလို့ ပစ္စည်းလက်ကျန်နည်းပြီး ပြည်ပဝယ်လက်နည်း သွားတယ်လို့ စျေးကွက်မှ သိရပါတယ်။

ယခုတစ်ပတ်မြေပဲလုံးဆန်(နီ) တစ်ပိဿာကျပ် ၂၂၅၀မှ ကျပ် ၂၃၀၀၊မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာကျပ် ၂၂၅၀ မှ ၂၃၂၅ ကျပ်၊ ဆီဆန်တစ်ပိသာကျပ် ၂၁၅၀-၂၀၅၀ကျပ်ဖြင့် စျေးငြိမ် ခဲ့ပြီး ဒေသတွင်း လှောင်လက်သမားနှင့်ဆားလှော်သမား လက်လီ ပုံမှန်ရှိခဲ့လို့ ပဲတစ်မျိုးလျှင်တစ်ရက်အိတ် ၃၀၀ကျော် အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါ တယ်။

ယခုတစ်ပတ်နှမ်းစျေးကွက်မှာတော့ နှမ်းနက်တစ်တင်း လျှင်ကျပ် ၃၉၀၀၀ မှ ကျပ် ၃၅၀၀၀ ဖြင့် တစ်ရက်အိတ် ၂၀၀ခန့်၊ နှမ်းဖြူတစ်တင်းလျှင်ကျပ် ၃၆၀၀၀ ဖြင့် တစ်ရက်အိတ် ၁၀၀ခန့် နှင့်နှမ်းညိုတစ်တင်းလျှင်ကျပ် ၂၈၅၀၀ဖြင့် တစ်ရက်အိတ်၄၀၀ ခန့် အသီးသီးစျေးငြိမ်ပြီး အရောင်း အဝယ်ဖြစ်တယ်လို့ ကုန် သည်ရပ်ကွက်မှသိရှိရပါတယ်။

**လင်းလင်းသန့်**

## လက်လီပဲစျေးကွက်မှာ ပြည်ပဲနီပြားသီးနှံ စျေးကောင်းရနေ

ပြည်စျေးကွက်ရဲ့လက်လီပဲစျေးကွက်အတွင်းမှာ ပဲနီပြားသီးနှံသည်လည်း လက်လီဝယ်ယူမှုအနည်းငယ်ဖြင့် နေ့စဉ် အိတ်အနည်းငယ်စီရောင်းချခဲ့ရကာ စျေးကောင်းရတဲ့သီးနှံဖြစ်နေခဲ့ပါတယ်။ ပဲနီပြားတစ်တင်းလျှင် ကျပ် ၃၁၅၀၀ ဖြင့် ယခင်တစ်ပတ်ကစျေးထက် တစ်တင်းကျပ် ၁၅၀၀ ကျော်မြင့်တက်လာသလို ဘိုကိတ်၊ ပဲပုပ် စတဲ့ လက်လီပဲသီးနှံများ ထက်လည်း စျေးပိုရနေကြောင်းသိရပါတယ်။ ယခုနှစ်အတွင်း ပြည်ပ ဝယ်လိုအားရှိတဲ့ပဲများ စျေးအေးနေပေမယ့် ပြည်တွင်း ဝယ်လက်အဓိကထားဝယ်ယူသော ပဲသီးနှံများအားလုံးလိုလိုဟာ စျေးကောင်းရတဲ့နှစ်ဖြစ်ခဲ့တယ်လို့ ပဲစျေးကွက်က သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ ယခင်နှစ်ကကဲ့သို့ ယခုနှစ်လည်း စျေးကောင်းရ

ပြည်ပဲမျိုးစုံစျေးကွက်အတွင်း ပြည်တွင်းဝယ်ယူမှု အဓိကအရောင်းအဝယ် ဖြစ်တဲ့ ပဲများအနက် ကုလားပဲသီးနှံစျေးဟာလည်း စျေးကောင်းရနေတဲ့ သီးနှံ ဖြစ်ခဲ့ပါတယ်။ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲခွဲစက်သမားများ ပုံမှန်ဝယ်ယူလျက် ရှိကြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၁၅၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲအဝင်မရှိသော်လည်း လက်ကျန်ပဲများ ရှိတဲ့အတွက် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ပဲစျေးနှုန်းမှာ တစ်တင်း ကျပ် ၄၁၅၀၀ ဖြင့် ဇူလိုင်လကုန်ပတ်မှစ၍ ပဲစျေးများ တဖြည်းဖြည်း မြင့်တက်လာခဲ့တယ်လို့သိရပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်းက တစ် တင်းကျပ် လေးသောင်းကျော်ရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပင်လယ်ရေကြောင်းလမ်းမှ မန်ကျည်းတန်ချိန် ၅၀တင်ပို့

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက် အထိ သီတင်းပတ်အတွင်း မန်ကျည်း တန် ၅၀ကို ထိုင်းနိုင်ငံသို့ ပင်လယ်ရေ ကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါ တယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့ တဲ့ မန်ကျည်း ၁၂၂ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၀ ကျော် တင်ပို့ မှု လျော့နည်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေ ရိကန်ဒေါ်လာ ၁၄၂၅၀ ဝင်ငွေရရှိခဲ့ တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ဩဂုတ်လစတုတ္ထပတ်မှာ မုံရွာကြက်သွန်နီဈေးကွက် ဈေးနှုန်းအနည်းငယ်ကျဆင်း

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအောက်ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်မှာလည်း အေးနေကြောင်းသိရပါတယ်။ တရုတ်ကြက်သွန်နီများဝင်လာလို့ ပြည်တွင်းကြက်သွန်နီများဈေးနှုန်းကျဆင်းသွားတယ်လို့ ကြက်သွန်နီကုန်သည်ထံမှ သိရပါတယ်။ ပွဲရုံသို့ကြက်သွန်နီ နေ့စဉ်ပိသာ၁၀၀၀၀ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊မန္တလေးမြို့များသို့ အဓိကတင်ပို့ရောင်းဝယ်လျက်ရှိပြီး ယခုတစ်ပတ်မှာ အရောင်းအဝယ်အနည်းငယ်အေးနေကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင်ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းမှာ (ကြီး) ကျပ်၁၅၀၀၊ (လတ်) ကျပ် ၁၄၀၀၊ (သေး) ကျပ် ၁၃၀၀ ရှိပြီး လက်လီ တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၇၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ် ၁၅၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးနှုန်းမှာ (ကြီး)ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊ (သေး) ကျပ် ၁၄၀၀ နှုန်းရှိပြီး လက်လီ တစ်ပိဿာ ဈေးနှုန်းမှာ(ကြီး)ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ် ၁၅၀၀နှုန်းရှိလို့ ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် လျော့ကျလာကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူပိဿာ ၁၀၀၀ ခန့် အဝင်ရှိနေပြီး ဈေးနှုန်းအနည်းငယ်သာအတက်အကျရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာ ပွဲရုံဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်) ကျပ် ၂၅၀၀ နှုန်းရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

### ကုန်သွယ်ရေးစခန်းစုံမှ ကြက်သွန်နီတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၆၆၄၀ တန်ဖိုးရှိ ကြက်သွန်နီ ၃၂တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၆၈၀ တန်ဖိုးရှိကြက်သွန်နီခြောက်တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၃၇၅ တန်ဖိုးရှိ ကြက်သွန်နီ ၂၅တန်ကို ထိုင်းနိုင်ငံသို့လည်းကောင်းအသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ကြက်သွန်နီ ၄ တန်၊ မြဝတီမှ ကြက်သွန်နီတန် ၃၀ ကို တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းသို့ ကြက်သွန်ကုန်တင်ယာဉ်ဝင်ရောက်မှုလျော့ကျလာခြင်းကြောင့် ကြက်သွန်ဈေးမြင့်တက်ရခြင်းဖြစ်ကြောင်း အဆိုပါ ဈေးကွက်အတွင်းမှသတင်းရရှိပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီ ယခင်နှစ်ထက် ဈေးကောင်းရလျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီသီးနှံအနေဖြင့် ဈေးနှုန်းများ တက်လိုက်ကျလိုက်ဖြစ်နေတာတွေ့ရပါတယ်။ အတက်အကျမြန်ဆန်နေပေမယ့် အောက်ဖော်ပြပါအတိုင်း ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စားသုံးသူအကြိုက် ကြက်သွန်နီ(အလတ်စ)ဈေးနှုန်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့် ပိုမိုဈေးကောင်းရလျက်ရှိနေတာတွေ့ရပါတယ်။ ယခုနှစ် ဇွန်လပထမပတ်မှစ၍ တရိပ်ရိပ်နှင့် ကြက်သွန်နီဈေးနှုန်းများ ပိုမိုမြင့်တက်လာတာကိုလည်းတွေ့ရပါတယ်။ ယခု တစ်ပတ်ကြက်သွန်နီပွဲရုံများ၌ လက္ကားတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၆၅၀-၁၇၀၀၊ (လတ်) ကျပ် ၁၅၅၀-၁၆၀၀၊ (သေး) ကျပ် ၁၄၀၀-၁၄၅၀တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး)ကျပ် ၁၉၀၀၊ (လတ်) ကျပ် ၁၇၀၀-၁၈၀၀၊ (သေး)ကျပ် ၁၅၀၀-၁၆၀၀တို့နှင့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပြည်ဈေးကွက်သို့ ပုံမှန်ထက် အဝင်နည်းနေပြီး အရောင်းအဝယ်အနေဖြင့် ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ တင်ပို့မှု အပါအဝင်တစ်ရက်ကို ပိဿာ(၃၀)ဝင် အိတ် ၁၈၀-၂၀၀ ခန့်သာရှိ၍ အရောင်းအဝယ်အေးနေကြောင်းလည်းသိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

| စဉ် | လအမည် | ကြက်သွန်နီ(အလတ်စ) ကာလတူဈေးနှုန်း(ကျပ်) | | | |
|---|---|---|---|---|---|
| | | ၂၀၁၆ | | ၂၀၁၇ | |
| | | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ၁ | ဇွန်လ | ၆၀၀ | ၇၀၀ | ၁၂၀၀ | ၁၄၀၀ |
| ၂ | ဇူလိုင်လ | ၆၀၀ | ၇၀၀ | ၁၃၀၀ | ၁၅၀၀ |
| ၃ | ဩဂုတ်လ (နောက်ဆုံးပတ်) | ၆၀၀ | ၇၀၀ | ၁၆၀၀ | ၁၈၀၀ |

## ချင်း

### ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့မှုလျော့

ဩဂုတ်လ ၁၃ ရက်မှ ၁၉ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၂၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်း တန်ချိန် ၁၅၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၇၉၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

### အောင်ပန်းဈေးကွက်မှာ ချင်းလက်ကျန် နည်းနေသော်လည်း အဝင်ရှိနေ

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာတော့ ချင်းလက်ကျန်နည်းနေပေမယ့် အဝင်ရှိနေပါတယ်။ ကလောမြို့နယ်၊ ဟဲဟိုးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်တွေကထွက်တဲ့ ချင်းတွေကတော့ နည်းနည်းစီအဝင်ရှိနေပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က စစ်တွေဝယ်လက်အနည်းငယ်ရှိတာကြောင့် အောင်ပန်းဈေးကွက်မှာ ချင်းအရောင်းအဝယ်သွက်ခဲ့ပြီး တစ်ပတ်အတွင်းကုန်ချိန်သိန်းဂဏန်းနီးပါးအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လောလောဆယ်မှာ ဈေးပတ်သမားတွေသာအဆွဲရှိပြီး မိတ္ထီလာ၊ တောင်သာ၊ မကွေးဘက်မှ အဝယ်ရှိလို့ ငါးရက်တစ်ဈေးကို ကုန်ချိန်တစ်သောင်းရှစ်ထောင်ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ချင်းစိုတစ်ပိဿာကိုကျပ် ၃၀၀မှ ကျပ်၃၃၀ဈေးရှိနေပြီး ချင်းခြောက် တစ်ပိဿာကို ကျပ် ၁၁၀၀ ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းဈေးကွက်ငြိမ်နေပြီး ဝယ်လက်လည်းမရှိ၊ အဝင်လည်းမရှိဘူးလို့သိရပါတယ်။ ဈေးကတော့ တစ်ပိဿာကိုကျပ် ၃၀၀ နဲ့ နောက်ဆုံးဈေးပိတ်သွားခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်အဝင်လည်းမရှိတာကြောင့် အောင်ပန်းဈေးကွက်ရဲ့အခြေအနေကို စောင့်ကြည့်ပြီးမှပဲ ရောင်းဝယ်မှုကိုပြန်စမယ်လို့ကုန်သည်များထံမှသိရှိရပါတယ်။ **စောယုထွေး(တောင်ကြီး)**

### မောင်တောမှချင်းပိုမိုတင်ပို့ပြီး စစ်တွေမှလျော့နည်းတင်ပို့

ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၉၁၃၀ တန်ဖိုးရှိ ချင်းစို ၁၈၂ တန်ကိုလည်းကောင်း၊ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၃၃၂၀ တန်ဖိုးရှိ ချင်းစို ၅၇ တန်ကိုလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က မောင်တောမှ တင်ပို့ခဲ့တဲ့ ၈၆ တန်ကျော်၊ စစ်တွေမှ တင်ပို့ခဲ့တဲ့ ၆၈တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် မောင်တောမှ ၉၆ တန် ပိုမိုပြီး စစ်တွေမှ ၁၁ တန် လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။စစ်တွေမှာချင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ)ယခင်တစ်ပတ်က ၁၀၃၆၃၅၈ ကျပ် ဝန်းကျင်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၀၃၅၃၇၂ ကျပ်သို့ ဈေး အနည်းငယ် ကျဆင်းခဲ့ပါတယ်။ **မော်မော်အောင်**

## နနွင်း

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတင်ပို့မှုလျော့

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၃၂ တန်ကို အိန္ဒိယနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်း ၁၆၈တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း၁၃၆ တန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၀၀ ရရှိခဲ့ပြီးနနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၈၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

### ရှမ်းနနွင်း ပြည်ပအဆွဲမရှိသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေ

နနွင်းမှာလည်း ပြည်ပအဆွဲမရှိလို့ ပုံမှန်အရောင်းအဝယ်တော့ရှိနေပါတယ်။

နနွင်းအဝင် သိပ်မရှိဘဲ လှောင်လက်တွေကသာ ထုတ်ရောင်းနေတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ တရုတ်ဝယ်လက်က တစ်ခါတစ်ရံမှသာ အဆွဲရှိတာကြောင့်ဒီတစ်ပတ်မှာအရောင်းအေးနေပါတယ်။

လက်လီသမားလောက်သာ အရောင်းအဝယ်ဖြစ်နေပြီး တစ်ပိဿာကို ကျပ် ၁၁၀၀ မှ ကျပ် ၂၇၀၀ အထိ အမျိုးအစားအလိုက် ဈေးကွဲပြားပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းအဝင်မရှိသလောက်နည်းသွားပေမယ့် လှောင်လက်တွေမှာတော့ ပစ္စည်းနည်းနည်းရှိနေပါတယ်။

ဒီတစ်ပတ်မှာတော့ တရုတ်ဝယ်လက်က အဆွဲရှိတာကြောင့် ကုန်ချိန်ခြောက်သောင်း၊ ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကတော့ တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ်၂၆၀၀ ဝန်းကျင်ဈေးရှိတယ်လို့ သိရပါတယ်။ **စောယုထွေး(တောင်ကြီး)**

## မန်ကျည်း

### ပြည်ဈေးကွက်တွင် လက်ကျန်မန်ကျည်းမှည့်ဟောင်း အဝင်နည်းလျက်ရှိ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မန်ကျည်းမှည့်လက်ကျန်အဟောင်း အဝင်နည်းလာတာ တွေ့ရပါတယ်။ ဝင်နေကျဖြစ်တဲ့ ကြံခင်း၊ မြန်အောင်၊ ရွှေတောင်တို့ဘက်မှ အဝင်မရှိသလောက် တွေ့ရပါတယ်။ ဒေသတွင်း မန်ကျည်းမှည့်လက်ကျန်နှင့် လှောင်စ လက်ကျန်သာရှိနေပြီး ဈေးနှုန်းမြင့်တက်လျက်ရှိနေပါတယ်။ ယခုတစ်ပတ် ပြည်မန်ကျည်းမှည့် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ထိ ဈေးမြင့်လာပြီး ဒေသတွင်း လက်လီဈေးကတော့ ကျပ် ၄၀၀၀ နဲ့ရောင်းဝယ်လျက်ရှိကြပါတယ်။ မန်ကျည်းသီးစိမ်းတစ်ပိဿာလျှင် ကျပ် ၉၀၀ ဈေးသာရှိတော့ကြောင်း သိရပါတယ်။ မန်ကျည်းသီးစိမ်းများကတော့ ရွှေတောင်မှတစ်ဆင့် ပုတီးကုန်း၊ သဲကုန်းဘက်မှ ဝင်ရောက်လာတာဖြစ်ကြောင်းသိရပါတယ်။ **နီနီဝင်း**

### ကြူကုတ်ကြက်သွန်ဖြူပုံမှန်ဝင်ရောက်နေပြီး ဈေးဆက်ကျ

ပြည်ကြက်သွန်ဖြူ(ပွဲရုံ)များတွင် ကြက်သွန်ဖြူအိတ်တွေ ရှမ်းလိုင်းရော တရုတ်လိုင်းပါ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေပါတယ်။ ဈေးနှုန်းများမှာလည်း အနည်းငယ်စီဆက်၍ ကျဆင်းလာတာကြောင့် ပြည်မြို့နယ်တွင်းစားသုံးသူရောသုံးစွဲသူပါဈေးနှုန်းအကြိုက် ဖြစ်နေပါတယ်။ ယခုတစ်ပတ်ပြည်ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ လတ် ကျပ် ၃၂၀၀၊ ကြူကုတ်စ ကျပ် ၂၀၅၀ဈေးထိကျလာတာတွေ့ရပါတယ်။ ဒေသတွင်းလက်လီအရောင်းဈေးများတွင် တစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၆၀၀ နှင့် ကြူကုတ်စ ကျပ် ၂၄၅၀ ဖြင့်ရောင်းချ လျက်ရှိနေပါတယ်။ ယခုတစ်ပတ် ဒေသတွင်း အရောင်းအဝယ်နည်းနေပြီး ဒေသခြားအရောင်းအဝယ်သာရှိနေတာကြောင့် ရောင်းအားကျဆင်းနေတယ်လို့လည်းသိရပါတယ်။ တစ်ပတ်တွင်း ကြက်သွန်ဖြူအိတ် ၂၀၀ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ **နီနီဝင်း**

# အာဆီယံစက်မှုလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများ

*၂၀၁၅ ခုနှစ်တွင် ၆၃၃သန်းရှိခဲ့သော အရှေ့တောင်အာရှဒေသ၏ လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် သန်း ၇၀၀သို့ တိုးတက်ရောက်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ ထိုကဲ့သို့ တိုးတက်ခြင်းက အလုပ်လုပ်နိုင်သောလူငယ်များ တိုးပွားလာသကဲ့သို့ စားသုံးသူအရေအတွက်ကိုလည်း တိုးတက်လာစေပါသည်။ Mc Kinsey အစီရင်ခံစာအရ ၂၀၃၀ ပြည့်နှစ်တွင် တိုးတက်လာသော အာဆီယံလူငယ်အရေအတွက်က ဒေသ၏စားသုံးမှုကို ၃၄ ရာခိုင်နှုန်းတိုးတက်စေနိုင်ကြောင်းဖော်ပြထားသည်။ ကမ္ဘာလုံးဆိုင်ရာလူငယ်အရေအတွက် တိုးတက်လာမှုက ကမ္ဘာလုံးဆိုင်ရာ စားသုံးမှုကို ၂၅ရာခိုင်နှုန်းသာ တိုးတက်စေနိုင်ကြောင်းကိုလည်း အဆိုပါအစီရင်ခံစာတွင် နှိုင်းယှဉ်ဖော်ပြထားသည်။*

■ သိန်းမြင့်ဝေ

လူဦးရေတိုးတက်ပြီး ကုန်စည်များကို ပိုမိုစားသုံးနေခြင်းသည် အရှေ့တောင်အာရှဒေသရှိ စက်မှုလုပ်ငန်းများအတွက် ကောင်းသောနိမိတ်ဖြစ်ပါသည်။ အာဆီယံစက်မှုလုပ်ငန်းကဏ္ဍသည် အာဆီယံ GDP၏ ၂၀ရာခိုင်နှုန်းခန့်ရှိသောကြောင့် အရေးကြီးသော စီးပွားရေးလုပ်ငန်းဖြစ်သည်။ လုပ်ခများ မြင့်တက်နေသောကြောင့် နိုင်ငံတကာကုမ္ပဏီများ (Multinational companies) သည် ကုန်စည်ထုတ်လုပ်ရန် နေရာသစ်ကို ရှာဖွေနေကြသည်။ ထိုအချက်က အာဆီယံနိုင်ငံများအတွက် ပိုမိုကြီးမားသော စက်မှုလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်လာစေနိုင်သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)သည်လည်း အကောက်ခွန်လျှော့ချခြင်း၊ ကျွမ်းကျင်လုပ်သားများ သွားလာခွင့်ပြုခြင်းနှင့်အတူ ဒေသဆိုင်ရာကုန်သွယ်ရေးကို မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ ထို့ကြောင့် အာဆီယံစက်မှုလုပ်ငန်းရှင်များအတွက် အရှေ့တောင်အာရှဒေသအတွင်းမှာပင် တိုးတက်မှုအခွင့်အလမ်းများ (Growth opportunities) ပိုမိုရရှိမည်ဖြစ်သည်။

စီးပွားရေးတိုးတက်မှု (Growth) ကို လုပ်ငန်းအရွယ်အစားကြီးထွားမှုဖြစ်စဉ် (Process of increasing in size) ဟူ၍ ယေဘုယျ သိရှိထားကြသည်။ သို့သော်လည်း ဤအဆို၊ အယူအဆသည် စီးပွားရေးလုပ်ငန်းအားလုံးအတွက် အကျုံးမဝင်ဘဲ အနည်းနှင့်အများ ပြောင်းလဲမှုရှိနိုင်ပါသည်။စက်မှုလုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းအရွယ်အစား ပိုမိုကြီးထွားမလာဘဲ တိုးတက်မှုရှိလာနိုင်သည်ဟူ၍ ဆိုလိုပါသည်။ စီးပွားရေးလုပ်ငန်းများ၏ ရည်ရွယ်ချက်သည် အမြတ်ပိုမိုရရှိရန် သို့မဟုတ် ဈေးကွက်ပိုမိုချဲ့ထွင်ရန် ဖြစ်ပါသည်။ ထိုကဲ့သို့သော ရည်ရွယ်ချက်များအတွက်စီးပွားရေးလုပ်ငန်းများသည် နည်းပညာတိုးတက်မှု (Technological advancements)ကို အသုံးချသင့်ပါသည်။ ကမ္ဘာ့ဈေးကွက်အတွင်းရှိ ပြောင်းလဲမှုများကို မြန်ဆန်စွာတုံ့ပြန်ရန်နှင့် ထုတ်လုပ်မှုအရှိန် (Manufacturing speed)ကို မြှင့်တင်ရန်အတွက် နည်းပညာတိုးတက်မှုကို အသုံးပြုရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအောင်မြင်ရန်အတွက် စားသုံးသူများနှင့်နီးကပ်စွာရှိရမည်၊ စားသုံးသူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဟု တိုက်တွန်းပြောဆိုကြသည်။ အခြားတစ်ဘက်တွင်လည်း စီးပွားရေးအောင်မြင်ရန်အတွက် လုပ်ငန်းများ လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများ (Top challlenges facing companies today) ကို စီမံခန့်ခွဲနိုင်ရမည်ဟူ၍ ဆိုထားပြန်ပါသည်။



ထို့ကြောင့် အာဆီယံစက်မှုလုပ်ငန်းရှင်များ လတ်တလောရင်ဆိုင်နေရသော ထိပ်တန်းစိန်ခေါ်မှုများကို ဆွေးနွေးဖော်ပြလိုပါသည်။ နိုင်ငံမတူသည့်အပြင် ထုတ်လုပ်မှုအဆင့် ကွဲပြားကောင်းကွဲပြားနိုင်သော်လည်း အာဆီယံစီးပွားရေးလုပ်ငန်းများ လက်တွေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုများဖြစ်ပါသည်။ တစ်နည်းအားဖြင့် အာဆီယံစက်မှုလုပ်ငန်းရှင်များ၏ တိုးတက်မှုစီမံချက် (Own growth plans) ကို ရိုက်ခတ်လျက်ရှိသော ဒဏ်ရာဒဏ်ချက်များကို မျှဝေဖော်ပြခြင်းဖြစ်ပါသည်။ အဆိုပါစိန်ခေါ်မှုများအနက် အဓိကစိန်ခေါ်မှု သုံးမျိုးကို မီးမောင်းထိုး ဖော်ပြလိုပါသည်။ ၎င်းတို့မှာ လုပ်ခမြင့်တက်လျက်ရှိခြင်း (Increasing labor costs)၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း(Finding the right fit-retaining and attrecting talent) နှင့် လူအစားအလိုအလျောက်လုပ် စက်ကိရိယာကို အသုံးပြုခြင်း (Automation of jobs)တို့ ဖြစ်ကြပါသည်။

### လုပ်ခမြင့်တက်လျက်ရှိခြင်း

အရှေ့တောင်အာရှဒေသတစ်ဝန်းတွင် လူအင်အား (Manpower)သည် စက်မှုကုန်ချောထုတ်လုပ်သောလုပ်ငန်းစုအတွက် သော့ချက်ကျသည့်အကြောင်းအချက်တစ်ရပ်ဖြစ်လာသည်။ အာဆီယံသည် ပြည်ပလုပ်သား (Foreign labour) အပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချရန်အတွက် အရှေ့တောင်အာရှဒေသရှိ အစိုးရများသည် နိုင်ငံခြားသား ဝန်ထမ်းအသုံးပြုမှုပေါ်လစီ (Policies in employing foreign staff) ကို တင်းကျပ်စွာ ချမှတ်အကောင်အထည်ဖော်နေပါသည်။ အာဆီယံလုပ်ငန်းရှင်များ အခက်တွေ့ပြီး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ လုပ်ခတိုးပေးရမည်လော သို့မဟုတ်ထုတ်လုပ်မှုစွမ်းအားကို လျှော့ချရမည်လောဟူသည့်အချက်ဖြစ်ပါသည်။

### ကျွမ်းကျင်လုပ်သားရှားပါးခြင်း

လုပ်ငန်းခွင်အတွင်းလုပ်သားများ အံဝင်ခွင်ကျရှိမနေခြင်း အထူးသဖြင့်ကျွမ်းကျင်သော လုပ်သားများ၊ ပင်ကိုယ် စွမ်းရည်ရှိသူများကို ကြာရှည်ထိန်းမထားနိုင်ခြင်းနှင့် မဆွဲဆောင်နိုင်ခြင်းကိုဆိုလိုသည်။ ကျွမ်းကျင်ဝန်ထမ်းခန့်ထားခြင်း (Recruiting skilled personnel) သည် အာဆီယံစက်မှုလုပ်ငန်းရှင်များအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ စီးပွားရေးတိုးတက်မှု အလားအလာအတွက် အကြီးအကျယ် ဟန့်တားဖြစ်နေပါသည်။ ကျွမ်းကျင်ဝန်ထမ်းကို ထိန်းသိမ်းဆွဲဆောင်ရခြင်းသည် အနေတော် စီးပွားရေးတိုးတက်မှု (Optimal business growth) ရရှိရေးအတွက် အဓိကအဟန့်အတား (Main barrier) တစ်ခုဖြစ်ကြောင်း အာဆီယံစီးပွားရေးခေါင်းဆောင်များ၏ ၇၃ရာခိုင်နှုန်းက ခံစားပြောဆိုပါသည်။ စင်ကာပူနိုင်ငံသည်လုပ်သားပိုမို အသုံးပြုရသောကဏ္ဍများ (Labour-intensive sectors) တွင် လူအင်အား ပြတ်လပ်မှု (Shortage of manpower)ကို ရင်ဆိုင်နေရသည်။ စင်ကာပူနိုင်ငံသည် လူငယ်လုပ်သားများအတွက် ဆွဲဆောင်မှုရှိသောနေရာဖြစ်သော်လည်း ထိုကဲ့သို့ လူအင်အားပြတ်လပ်မှုကို တွေ့မြင်နေရသည်။

လုပ်သားများအပေါ် ဝန်ပိလာသော အလုပ်တာဝန်များ (Workloads) ကိုလျှော့ချရန်အတွက် နည်းပညာကို အသုံးပြုနိုင်သည်။ သို့သော်လည်း ကုမ္ပဏီ၏တိုးတက်မှုကို အထောက်အကူပြုရန်အတွက် စီးပွားရေးကိစ္စရပ်များ (Business issues) ကို ပိုမိုအာရုံစိုက်ရေးသည် ဝန်ထမ်းလုပ်သားများပေါ်တွင် မူတည်နေဆဲဖြစ်ပါသည်။

### လူအစား အလိုအလျောက် စက်ကိရိယာများအသုံးပြုခြင်း

ကုမ္ပဏီများသည် လုပ်သားအင်အား လိုအပ်ချက်များ (Labour-intensive roles) ကို လျှော့ချရန်အတွက် စက်ရုပ်များ သို့မဟုတ် အလိုအလျောက်စက်ကိရိယာများကို အစားထိုးအသုံးပြုရန် ကြိုးပမ်းလာကြသည်။ သို့သော်လည်း စက်မှုလုပ်ငန်းအားလုံးသည် လူအင်အားအစား စက်ကိရိယာအသုံးပြုသည့် နည်းလမ်းကို ကောင်းမွန်စွာ အသုံးမပြုတတ်ခြင်းနှင့်နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ အဆင်သင့်မဖြစ်ခြင်းတို့ကြောင့် အခက်အခဲများ ရှိနေဆဲဖြစ်သည်။ ထိုနည်းတူစွာပင် စားသုံးသူများနှင့်ဖောက်သည်များကလည်း ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအား (Efficiency and productivity) ကို မြှင့်တင်ပေးနိုင်မည့် အဆိုပါနည်းပညာကိုမသိရှိနားမလည်၊အသုံးမချတတ်ကြသေးပေ။

အဆိုပါ စိန်ခေါ်မှုများကို လျှော့ချရန်နှင့် လုပ်ငန်းတိုးတက်မှုကို တွန်းအားပေးရန် အလို့ငှာ ခေတ်မီလုပ်ငန်း အရင်းအမြစ်စီမံကိန်း ရေးဆွဲသည့်စနစ် (Enterprise resource planning system) ကဲ့သို့သော နည်းပညာအသုံးပြုဖြေရှင်းသည့် နည်းလမ်းကို အကောင်အထည်ဖော်နေပါသည်။ ဤ Technology Solution များကြောင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လုပ်ငန်းစွမ်းဆောင်ရည်တိုးခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုအရှိန်မြန်ဆန်ခြင်းနှင့် အရည်အသွေးရှိသောကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချနိုင်ခြင်းစသည့် ကောင်းကျိုးများရရှိပါသည်။

ကိန်းဂဏန်းအချက်အလက်များ အချိန်မီရရှိခြင်းကလည်း စီးပွားရေးလုပ်ငန်းအချင်းချင်း ပိုမိုချိတ်ဆက်မိခြင်း၊ ထုတ်ကုန်အရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းအားကို ထိန်းထားနိုင်ခြင်းတို့ကို ဖြစ်စေသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပိုမိုထိရောက်သောဆုံးဖြတ်ချက်များကို ချမှတ်စေနိုင်သည်။ တိကျသော ကိန်းဂဏန်းများအပေါ် အခြေခံချမှတ်သော ဆုံးဖြတ်ချက်များက လုပ်ငန်း၏ ယှဉ်ပြိုင်အားသာချက် (Competitive advantage) ကို များစွာအထောက်အကူပြုနိုင်သည်။ ဆက်လက်၍ မြန်ဆန်သော စီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်သည်။

အရှေ့တောင်အာရှသည်ဒေသ၏ စီးပွားရေး မြန်ဆန်စွာဆက်လက်တိုးတက်ရေးအတွက် အလားအလာကောင်းပါသည်။ စက်မှုလုပ်ငန်းရှင်များသည်လည်း ဖော်ပြပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီးဒေသရှိ ကိုယ်ပိုင်အခွင့်အရေးများ(Own unique opportunities) ကို ရယူအသုံးချခံစားကြရန်ဖြစ်သည်။

**Source: sbr.com.sg**

**စာမျက်နှာ - ၃ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ....မှအဆက်**

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဗဟိုကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ကို ပိုမိုအရှိန်အဟုန် မြှင့်တင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပါသည်။

အဆိုပါအစည်းအဝေးသို့ စားသုံးသူအကာ အကွယ်ပေးရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကလည်း Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC (IR)**

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၈၈၁၄၃၀၀ တန်ဖိုးရှိ ဒီဇယ် ၃၉၉၅၅ ဒသမ ၂၇၃ တန်ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၇၄၂၁၇၀၃ တန်ဖိုးရှိ ခတ်ဆီ ၁၃၂၅၇ ဒသမ ၁၇၆ တန်ကို လည်းကောင်း၊ စုစုပေါင်း ၅၃၂၁၂ ဒသမ ၄၄၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း(95 )တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၂၇၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၂၇၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၁၃၃၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၇၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၀၂၂၆၅၅ တန်ဖိုးရှိ ဒီဇယ် ၂၁၂၀ နဲ့အမေရိကန်ဒေါ်လာ ၅၆၉၉၆၀ တန်ဖိုးရှိ ခတ်ဆီ ၁၀၅၄ တန်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ ၂၆၂၂၈၅ တန်ဖိုးရှိ ဒီဇယ် ၅၄၉ တန်ကို လည်းကောင်း တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၈ တန်ဖိုးရှိ Re-Export ဒီဇယ် ၄၀၆၀ တန်ကို လည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေ စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၄၄ တန်ဖိုးရှိ Re-Export ဒီဇယ်တန်ချိန် ၅၀၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးငြိမ်နေပြီး အောက်တိန်း (92)နဲ့ (95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၇၀ ကျပ်၊ အောက်တိန်း (92) ၆၇၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၉၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၂၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၂၅ ရက်တွင် ဝယ်ဈေးဈေးငြိမ်နေသော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ် ၂၁ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ် ၁၅၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၀၀၊ ဒီဇယ်တစ်လီတာ ကျပ် ၆၉၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၇၁၀၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ်လ ၂၁ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၂၅ ရက်မှာ ဝယ်ဈေး ကျပ် ၁၃၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၉၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဩဂုတ် ၂၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေးကျပ် ၁၄၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၂၅ ရက်မှာ ဝယ်ဈေး ကျပ် ၂၀၀၀၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေပေမယ့် အောက်တိန်း(92) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ် ၊ အဆင်မြင့်ဒီဇယ် ၇၂၅ ကျပ် ၊ အောက်တိန်း(92) ကျပ် ၇၂၀၊ အောက်တိန်း (95) ကျပ် ၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း(92)တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21- August | 16.93 | 3166.27 | 2103.50 | 6487.25 | 976.00 |
| 22- August | 16.97 | 3130.12 | 2084.10 | 6542.35 | 979.00 |
| 23- August | 16.99 | 3117.56 | 2089.17 | 6528.69 | 976.00 |
| 24- August | 16.99 | 3107.86 | 2107.24 | 6577.62 | 973.00 |
| 25- August | 16.95 | 3127.04 | 2119.81 | 6701.70 | 976.00 |

Source:kitco.com

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျအနည်းငယ်သာရှိ

ကမ္ဘာ့ရွှေဈေးရော ပြည်တွင်းရွှေဈေးပါ ဆက်တိုက်မြင့်တက်နေချိန်တွင် ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျအနည်းငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကလည်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်သာရှိခဲ့သည့်နည်းတူ ယခုတစ်ပတ်တွင်လည်း ယခင်တစ်ပတ်ကအတိုင်းသာ ရှိခဲ့သည်။

ယခုတစ်ပတ်တွင် အမြင့်ဆုံးဈေးအဖြစ် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၇ ကျပ်(ရောင်းဈေး)အထိ မြင့်တက်ခဲ့ပြီး အနိမ့်ဆုံးဈေးအဖြစ် ၁၃၅၄ ကျပ်အထိသာ ကျဆင်းခဲ့သည်။

“ဒီတစ်ပတ်က ပြီးခဲ့တဲ့တစ်ပတ်က လိုပဲ အတက်အကျနည်းနည်းပဲရှိတယ်။ ဈေးကွက်ထဲမှာ ဝယ်လိုအား များရင်များသလို အတက်အကျရှိတယ်။ ဒါပေမယ့် သိပ်အတက်အကျမရှိတော့ ရောင်းရဝယ်ရတာ အဆင်ပြေပါတယ်။ နေ့စဉ်လိုလို အတက်အကျကတော့ နည်းနည်းစီရှိတယ်။ တစ်ကျပ်နှစ်ကျပ်လောက်ပါပဲ။ အမြင့်ဆုံးက ၁၃၅၇ ကျပ်အထိ မြင့်တက်ခဲ့ပြီး အနိမ့်ဆုံးက ၁၃၅၄ ကျပ်အထိပဲ ကျခဲ့တာပါ။ ဒါကြောင့် သိပ်အတက်ကြီးမဟုတ်သလို အများကြီးလည်း ကျမသွားပါဘူး”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲစင်တာများတွင် ဩဂုတ် ၂၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့ပြီး ဩဂုတ်လ ၂၅ ရက် တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးရော ပြည်တွင်းရွှေဈေးပါ ဆက်လက်မြင့်တက်

ရက်သတ္တနှစ်ပတ်ဆက်တိုက် မြင့်တက်လျက်ရှိသည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လာခဲ့ရာ ကျပ် ၉၂၃၀၀၀ သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ဆက်လက်မြင့်တက်လျက်ရှိရာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ နီးပါးသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ပထဝီနိုင်ငံရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ကမ္ဘာ့ရွှေဈေးသည်လည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ရွှေဈေးမြင့်တက်နေမှုကြောင့် ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း အရောင်းအဝယ်များ အေးလျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းရွှေဈေးကွက်တွင်လည်း အရောင်းအဝယ်များအေးနေသဖြင့် မကြာခင်အချိန်တွင် ပြန်လည်ကျဆင်းလာနိုင်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

“ကမ္ဘာ့နိုင်ငံရေးက အခုထိတင်းမာနေတုန်း။ အဲဒီလို တင်းမာနေတဲ့အတွက် ကမ္ဘာ့ရွှေဈေးတွေ ဆက်တိုက်မြင့်တက်နေတာပါ။ ကမ္ဘာ့ရွှေဈေးတွေ မြင့်တက်နေတာကြောင့် ပြည်တွင်းရွှေဈေးတွေလည်း မြင့်တက်နေပါတယ်။ ဈေးတွေစံချိန်တင်မြင့်တက်နေတာကြောင့် ကမ္ဘာမှာရော ပြည်တွင်းမှာပါ အရောင်းအဝယ်တွေ အေးနေပါတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ဩဂုတ် ၂၁ ရက်က ကျပ် ၉၁၆၀၀၀ ရှိခဲ့ပြီး ဩဂုတ် ၂၃ ရက်တွင် ကျပ်၉၁၈၀၀၀သို့မြင့်တက်ခဲ့သည်။ ဩဂုတ် ၂၅ ရက်တွင် ကျပ် ၉၂၂၀၀၀ သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၂၆ ရက်တွင် ကျပ် ၉၂၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဩဂုတ် ၂၁ ရက်က ၁၂၈၄ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ၁၂၈၉ ဒေါ်လာသို့လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် ၁၂၉၁ ဒေါ်လာသို့လည်းကောင်း ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## MTSH ၏ စတုတ္ထအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး (4th Annual General Meeting) ကျင်းပမည်

MTSH(Myanmar Thilawa SEZ Holdings Public Limited) ၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း MTSH ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MTSH ၏အစုရှယ်ယာရှင်များထံသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ အစည်းအဝေးတက်ရောက် မဲပေးခွင့်ကိုယ်စားလှယ်လွှဲစာ၊ အစည်းအဝေး တက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် QR Code ပါ အစုရှယ်ယာသက်သေခံဖြတ်ပိုင်း၊ အမြတ်ဝေစု(Dividend) ခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာတို့ကို အချိန်မီပေးပို့မည်ဖြစ်ကြောင်း သိရသည်။

အမြတ်ဝေစုခံစားခွင့်ရှိသည့်အစုရှယ်ယာရှင်များကို ဩဂုတ် ၁၁ ရက် (အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက် -Record Date) တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပပြီးစီးသည့်နေ့နောက်ပိုင်းတွင် အသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

August 25, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.27 |
| BDT | Bangladesh Taka | 81.18 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.66 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 64.07 |
| I DR | Indonesia Rupiahs | 13349.06 |
| JPY | Japan Yen | 109.64 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 105.41 |
| PHP | Philippines Pesos | 51.16 |
| RUB | Russia Rubles | 59.14 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1128.30 |
| LKR | Sri Lanka Rupe | 153.00 |
| THB | Thailand Baht | 33.33 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22731.08 |

*Source:xe.com*

## World Gold Price

August-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 21 | 1289 | 1286 | 1286 |
| 22 | 1286 | 1286 | 1286 |
| 23 | 1290 | 1287 | 1287 |
| 24 | 1291 | 1288 | 1288 |
| 25 | 1290 | 1288 | 1287 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-8- 2017 | 918.50 | 918.50 |
| 22-8-2017 | 919.00 | 918. 70 |
| 23-8- 2017 | 919.50 | 919.50 |
| 24-8 -2017 | 922.50 | 922.00 |
| 25-8- 2017 | 921.50 | 921.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6.67 | 33.22 | 80.96 | 64.07 |
| 22 | 6.66 | 33.34 | 80.86 | 64.07 |
| 23 | 6.66 | 33.35 | 81.17 | 64.05 |
| 24 | 6.66 | 33.35 | 81.23 | 64.05 |
| 25 | 6.66 | 33.33 | 81.18 | 64.07 |

## Energy NYMEX

25-8-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.84 | 0.41 | 0.86 |
| Brent Crude Futr (USD/bbl) | 52.52 | 0.48 | 0.92 |
| Gasoline Rbob Fut (Cent/gal) | 173.92 | 7.51 | 4.51 |
| Natural Gas Futr (USD/MMBtu) | 2.92 | -0.00 | -0.17 |
| Heating Oil Futr (Cent/gal) | 164.64 | 2.54 | 1.57 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ဘိလပ်မြေအဝင်လျော့

ဩဂုတ်လ ၁၃ရက်မှ၁၉ရက်အထိ သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၂၇၃၅၀တန်ဖိုးရှိဘိလပ်မြေ ၁၁၃ ဒသမ ၅၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၃ ဒသမ ၅၀ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ နဲ့ ကိုရီးယားနိုင်ငံမှ သုည ဒသမ ၀၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၂၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၈၁၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။



# ဘိလပ်မြေဈေးကွက်အရောင်းအေး

ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၂၆၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၁၄၄၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၁၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးသလို ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ စိန်ဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ကြံ့နှစ်ကောင်(စိမ်း)ကျပ်၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်အေးပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၆၃၀၀၊အပါချီ(ထိုင်း)ကျပ်၅၀၅၀၊ ကြံ့ကျပ် ၅၀၀၀၊မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၆၀၀၊ အယ်လ်ဖာ ကျပ် ၄၇၀၀၊ ဆင်မင်း (ကျောက်ဆည်)ကျပ်၃၇၀၀၊ ကျားခေါင်းကျပ် ၄၀၀၀၊ မြင်းခေါင်းကျပ် ၄၀၀၀၊ မြန်မာဆင် ကျပ် ၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ်မြေဩဇာတန်ချိန် ၁၅၀၀၀နီးပါးဝင်

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၉၆၂၁၀ တန်ဖိုးရှိ မြေဩဇာ ၁၄၇၄၂ ဒသမ ၄၅၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၅၆၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၈၇၄၇ တန်၊ ကိုရီးယားနိုင်ငံမှ ၃၁၄ ဒသမ ၉၃၂တန်၊ မလေးရှားနိုင်ငံမှ ၆၅ ဒသမ ၈၄ တန်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံမှ ၉၉၂ ဒသမ ၃၀ တန်၊ စင်ကာပူနိုင်ငံမှ ၂၈ ဒသမ ၈၀ တန်၊ ထိုင်းနိုင်ငံမှ ၂၀၂၆ဒသမ ၀၈ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန်၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ယူရီးယား၊ နိုက်တြိုဂျင်၊ အမိုးနီးယားကလိုရိုဒ်၊ ကွန်ပေါင်း၊ ဩဂဲနစ်၊ ဓာတ်ဆား၊ အာမိုတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၄၉၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မြေဩဇာတန်ချိန် ၉၇၉၀ကျော် ပိုမို တင်သွင်းခဲ့တယ်လို့သိရပါတယ်။

# မန္တလေးမြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှမြေဩဇာ တန်ချိန် ၁၄၇၄၀ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၉၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၇၉၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၈၂၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၂၈၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေးနဲ့တောင်ကြီးမှာ အရောင်းအေးပြီး မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မိုးများတာကြောင့် မြေဩဇာ အရောင်းအေးသလို ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ကွန်ပေါင်း(ပန်းရောင်)ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် မိုးများနေတာကြောင့် အရောင်းအဝယ်ပြန်အေးသွားတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အရောင်းအဝယ်အေးပေမယ့် မြေဩဇာဈေးမကျဘဲ ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၂၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၁၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၃၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၇၀၀၊ တောင်သူမ ကျပ် ၁၅၈၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ဆက်အေးပြီး ယူရီးယား၊ မြားကမ္ဘာနဲ့ပိုတက်က ဈေးနည်းနည်းကျလာကာ ပိုးသတ်ဆေးက ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၆၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ်၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀ ၊ မြားကမ္ဘာကျပ်၁၅၆၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ၄၆%ကျပ်၁၉၈၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၃၁၄၄ တန်ဖိုးရှိ နို့ဆီ ၁၇၃ ဒသမ၆၂၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၆၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၁၀၁ ဒသမ ၆၀ တန်၊ စင်ကာပူနိုင်ငံမှ ၁၁ ဒသမ ၄၂၄ တန်၊ ဩစတြေးလျနိုင်ငံမှ ၇၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၂ဒသမ ၅၅၂တန်၊ စုစုပေါင်း ၂၀၀ ဒသမ ၅၇၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့မှုန့် တန်ချိန် ၁၂၀ နီးပါး ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၈ မှ ၁၈/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၈ မှ ၁၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၈၀.၅၀ | ၆၃၀.၅၀ | (+) | ၃၅၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၅၅.၅၀ | ၂၆၈.၀၀ | (+) | ၈၇.၅၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၄၆၃.၅၀ | ၂၂၀၄.၀၀ | (-) | ၁၇၄၀.၅၀ |
| ၅။ | တာချီလိတ် | ၁၃၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၆၀၅၀.၀၀ | ၇၅၅၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၈။ | မြိတ် | - | ၃၃၇၅.၀၀ | (-) | ၃၃၇၅.၀၀ |
| | စုစုပေါင်း | ၈၂၆၇.၅၀ | ၁၄၄၆၀.၅၀ | (-) | ၆၁၉၃.၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၈ မှ ၁၈/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၈ မှ ၁၁/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၉၀၄.၅၅ | ၁၆၅၃၃.၀၀ | (-) | ၆၂၈.၄၅ |
| ၂။ | လွယ်ဂျယ် | ၃၅၅.၅၀ | ၆၁၂.၀၀ | (-) | ၂၅၆.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၂၂၁.၀၀ | ၂၇၃၆.၀၀ | (-) | ၅၁၅.၀၀ |
| ၄။ | ကန်ပိုက်တီ | ၉၀.၀၀ | ၁၅၀.၀၀ | (-) | ၆၀.၀၀ |
| ၅။ | မြဝတီ | ၉၆၉၈.၃၅ | ၂၀၂၀.၄၁ | (+) | ၆၈၆၉.၉၄ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | - | - | | - |
| | စုစုပေါင်း | ၂၀၂၆၉.၄၀ | ၂၂၈၅၉.၄၁ | (+) | ၅၄၀၉.၉၉ |

ခင်မိုးသူ

## နှမ်း

# ပြည်ဈေးကွက်တွင် မိုးနှမ်းများ အဝင်မလှိုင်သေးလို့ အရောင်းအဝယ်အနည်းငယ်သာဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ နှမ်းနက်နှင့် စမုံနက်နှမ်းသာ ဝင်ရောက်မှုရှိပြီး နှမ်းနီမှာ ဝင်ရောက်မှု မရှိသေးတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ နတ်တလင်း၊ တာပွန်နှင့် မိုးညိုဘက်မှ တစ်ရက်လျှင် နှမ်းနက်အိတ် ၁၀၀၀ ခန့် ဝင်ရောက်မှုရှိသော်လည်း အဝယ်အနည်းငယ်သာရှိသဖြင့် ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ နှမ်းနီမှာ ဝင်ရောက်မှု မရှိသေးသော်လည်း ဆီစက်သမားများက အဝယ်ရှိသဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ဈေးကွာဟလာတာတွေ့ရပါတယ်။ စမုံနက် နှမ်းကို မန္တလေး ဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာတာ တွေ့ရပါတယ်။ မိုးနှမ်းမှာ ယခုအချိန်ထိ အဝင်မလှိုင်သေးခြင်း၊ အဝယ် နည်းနေသေးခြင်းတို့ကြောင့် ဈေးမှာငြိမ်မနေဘဲ တက်လိုက်၊ ကျလိုက် ဖြစ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်း တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ နှမ်းနက် သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၇၀၀ ခန့်လောက်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ပွဲရုံလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရပါတယ်။

**ဝေဝေမင်း(ပြည်)**

# မုံရွာကုန်စည်ဒိုင်နှမ်းသီးနှံဈေးကွက် ဈေးအနည်းငယ်ကျဆင်း

မုံရွာကုန်စည်ဒိုင်သို့ဆီထွက်သီးနှံဖြစ်သောနှမ်းများ နေ့စဉ်အိတ် ၁၀၀၀ခန့် ဝင်ရောက်လျက်ရှိပြီး နှမ်းညိုနှင့် နှမ်းနက်ကတော့ ဈေးအနည်းငယ်ကျ၍ အရောင်းအဝယ်လည်း အနည်းငယ်အေးလျက်ရှိကြောင်း သိရပါတယ်။ နှမ်းဖြူဈေးငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် နှမ်းသီးနှံ ပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၄၀၀ နဲ့ အိတ် ၁၀၀ခန့်၊ နှမ်း ညိုတစ်ပိဿာ ၁၈၆၇ ကျပ် နဲ့ အိတ်၃၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ်၂၆၀၀နှုန်းနဲ့ အိတ်၂၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ပေါက်ဈေးနှုန်းမှာနှမ်းဖြူတစ်ပိဿာ ကျပ်၂၄၀၀၊ နှမ်းညိုတစ်ပိဿာ ကျပ်၁၉၃၃၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ်နှုန်းပေါက်လို့ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာအနည်းငယ်ကျဆင်းလာတာ တွေ့ရပါတယ်။ ယခင်နှစ်ကာလတူအချိန် ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူပြီးနှမ်းညိုကိုမြို့တွင်း ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်းကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

# စားအုန်းဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကြောင့် ငါးလအတွင်း စားအုန်းဆီဈေး အမြင့်ဆုံးသို့ရောက်ရှိ

စားအုန်းဆီထုတ်လုပ်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်လာသဖြင့် စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးနှုန်းများသည် ငါးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း၊ အလားတူ စားအုန်းဆီနှင့် ဆက်စပ်နေသည့် စားသုံးဆီဈေးများမှာလည်း လိုက်ပါမြင့်တက်ခဲ့ကြောင်း သည်စတားအွန်လိုင်းသတင်းတွင်ဖော်ပြထားသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် နိုဝင်ဘာလအတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးနှုန်းသည် တစ်ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဈေးပိတ်ချိန်တွင် အမေရိကန်ဒေါ်လာ ၆၃၉ ဒသမ ၆၄ (၂၇၃၇ ရင်းဂစ်)ရှိခဲ့ရာ လေးပတ်ဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်မတ်လ ၂၃ရက်ကတည်းက ဈေးအနိမ့်ဆုံးဖြစ်ခဲ့သည့် စားအုန်းဆီဈေးနှုန်းသည် တစ်ရက်အတွင်း အမြင့်ဆုံးဈေးအဖြစ် ၂၇၇၁ ရင်းဂစ်သို့ မြင့်တက်ခဲ့သည်။

စားအုန်းဆီ ရောင်းဝယ်မှုပမာဏသည် ၂၅ တန်ရှိ အတွဲပေါင်း ၆၄၁၆၆ တွဲရှိခဲ့သည်။

“ဈေးကွက်ရဲ့ ဝယ်လိုအားကတော့ တည်ငြိမ်တဲ့အနေအထားမှာရှိနေပါတယ်။ ဒါပေမယ့် ဈေးကွက်ကို ချုပ်ကိုင်ထားတဲ့အတွက် ဆက်ပြီးတော့ ထုတ်လုပ်မှုမရှိတော့တဲ့အခြေအနေမှာ ရှိနေပါတယ်”ဟု ကွာလာလမ်ပူရှိ စားအုန်းဆီကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော်လည်း မလေးရှားနိုင်ငံတွင် ယခုနှစ်နှစ်ဝက်အထိ စားအုန်းဆီ ထုတ်လုပ်မှုမှာ မြင့်တက်ဖွယ်ရာရှိကြောင်းသတင်းများတွင် ဖော်ပြထားသည်။

၂၀၁၇ ခုနှစ်အတွက် ထုတ်လုပ်မှုက ၁၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု ခန့်မှန်းထားရှိရာ တန်ချိန်



သန်း ၂၀ အထိထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် စားအုန်းဆီစိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ တင်ပို့ရောင်းချ သူများအနေဖြင့် စားအုန်းဆီထုတ်လုပ်မှုကို အနိမ့်ဆုံးအဖြစ် တန်ချိန် ၁၈ ဒသမ ၇သန်းမှ ၁၉ ဒသမ ၅ သန်းအတွင်းသာ ထုတ်လုပ်ရန် သတ်မှတ်ထားကြောင်း ရိုက်တာသတင်းဌာန၏ စစ်တမ်းများအရ သိရသည်။

စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးများသည် မြင့်တက်လာနိုင်ပြီး တစ်တန်လျှင် ၂၇၄၄ ရင်းဂစ်ရှိခဲ့ကြောင်း၊ ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးသည် ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီနှင့်ဆက်စပ်နေသည့် အခြားသောဆီများဖြစ်သည့် ပဲပုပ်ဆီ၏ အောက်တိုဘာလအတွက် စာချုပ်ချုပ်ဆိုဈေးသည် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စာချုပ်ချုပ်ဆိုဈေးသည် ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၅-၈-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၈၅၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၀၀၀ | ၂၁၀၀ | △ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၃၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၃၉၀၀ | ▽ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၈၄၀ | ၁၈၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၅-၈-၂၀၁၇ US$/Ton

| အမျိုးအစား | ဩဂုတ်ဒုတိယပတ် | ဩဂုတ်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၄.၅၀ | ၆၃၉.၀၀ | ▽ |
| RBD P.Olein | ၆၄၇.၅၀ | ၆၄၄.၅၀ | ▽ |
| RBD P.Stearin | ၆၂၀.၀၀ | ၆၂၇.၅၀ | △ |

*Source: bepi.mpob*


## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၅-၈-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၀၁.၁၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၀၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၈၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၂၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၅၂.၉၁၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၅-၈-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၁ ကျပ်) ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၅-၈-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အိန္ဒိယနိုင်ငံသို့ မြန်မာ့ပို့ကုန် အလားအလာ

ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ)



မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရ ကမ္ဘာ့လူဦးရေ အများဆုံး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ရဲ့အကြားမှာ တည်ရှိနေတာကြောင့် ကြီးမားတဲ့ ဈေးကွက်အခွင့်အလမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားတယ်လို့ဆိုပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေး ထွက်ကုန်တွေကို စားသုံးသူ လူလတ်တန်းစား အရေအတွက် အများအပြားရှိတဲ့ အိမ်နီးချင်း တရုတ်နဲ့ အိန္ဒိယဈေးကွက်တို့ကို တိုးတက်တင်ပို့နိုင်မယ်ဆိုရင် မြန်မာ့ပို့ကုန်မြှင့်တင်ရေးကိုများစွာ အထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။ အခုတလောမှာဆိုရင် အိန္ဒိယနိုင်ငံက ၎င်းတို့ရဲ့ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတင်သွင်းမှုကို တန်ချိန်အရေအတွက် ကန့်သတ်လိုက်တဲ့ ကြေညာချက်တွေ ထုတ်ပြန်ခဲ့တဲ့အတွက် မြန်မာနိုင်ငံက ပဲစိုက် တောင်သူတွေနဲ့ ကုန်သည် လုပ်ငန်းရှင်တွေအတွက် စိုးရိမ်မှုတွေ ဖြစ်ပေါ်စေခဲ့ကြောင်း ကြားသိရပါတယ်။ ဒါကြောင့် အခုတစ်ပတ်မှာ မြန်မာနိုင်ငံအတွက် အိန္ဒိယနိုင်ငံသို့ ပို့ကုန်တင်ပို့မှု အလားအလာနဲ့ အိန္ဒိယနိုင်ငံရဲ့လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအချို့ကို လေ့လာပြီးတင်ပြသွားလိုပါတယ်။

**ကြီးမားတဲ့ ဈေးကွက်အလားအလာ**

အိန္ဒိယနိုင်ငံဟာ လျင်မြန်စွာ တိုးပွားလာနေတဲ့ လူလတ်တန်းစား အရေအတွက်၊ ဝင်ငွေတိုးတက်လာမှုနဲ့ အရည်အသွေးမြင့် စိုက်ပျိုးရေး ထွက်ကုန်တွေကို အလေးထားတဲ့ စားသုံးမှုပုံစံ ပြောင်းလဲလာမှုတို့နဲ့အတူ မြန်မာနိုင်ငံအတွက် ခိုင်မာတဲ့ ဈေးကွက်အလားအလာ တည်ရှိနေတာ ဖြစ်ပါတယ်။ အိန္ဒိယ နိုင်ငံရဲ့စီးပွားရေးဟာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ဆတိုးမယ်လို့ ခန့်မှန်းထားပြီး၊ ၂၀၂၀ပြည့်နှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်းမှာလည်း နောက်တစ်ကြိမ် နှစ်ဆနီးပါး တိုးတက် လာဖွယ်ရှိတယ်လို့ လေ့လာမှုများအရ သိရှိရပါတယ်။ အလားတူ လူလတ်တန်းစား အရေအတွက်ဟာလည်း ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ဆတိုးမည်ဖြစ်ပြီး၊ စားသုံးမှု အနေဖြင့် လေးဆဖြစ်လာမယ်လို့ ဆိုပါတယ်။ ဝင်ငွေ တိုးတက်မှုအနေဖြင့်လည်း ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နှစ်ဆနီးပါး တိုးတက်မည်ဖြစ်ပြီး စုစုပေါင်း စားသုံးမှုအတွက် သုံးစွဲခြင်းဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ၁၀ နှစ်အတွင်းမှာ ကမ္ဘာ့အသက်အငယ်ဆုံး လူဦးရေ အများအပြားရှိတဲ့ နိုင်ငံ တစ်နိုင်ငံဖြစ်လာမှာ ဖြစ်ပါတယ်။လက်ရှိမှာ လူဦးရေ ၁ ဒသမ ၃ ဘီလီယံ ရှိနေပြီး ၂၀၂၆ ခုနှစ်မှာ လူဦးရေ ၁၄၈ သန်း ထပ်တိုးလာမယ်လို့ မျှော်လင့် ထားပါတယ်။ အဆိုပါ ပမာဏဟာ ဂျပန်နိုင်ငံ (သို့မဟုတ်) မက္ကဆီကိုတို့ရဲ့ လက်ရှိလူဦးရေ အရေအတွက်ထက် ပိုများတဲ့ ပမာဏဖြစ်ပြီး အိန္ဒိယနိုင်ငံဟာ တရုတ်နိုင်ငံကို ကျော်ဖြတ်ကာ ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံဖြစ်လာနိုင်ကြောင်း သိရပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံရဲ့နှစ်စဉ် လယ်ယာ ထွက်ကုန် တင်သွင်းမှုဟာ တိုးတက်လျက်ရှိပြီး အနာဂတ်မှာလည်း ဆက်လက်တိုးတက်လာဖို့ ရှိနေပါတယ်။ ၂၀၁၀ ခုနှစ်မှစပြီး အိန္ဒိယ နိုင်ငံရဲ့ နှစ်စဉ် လယ်ယာထွက်ကုန် တင်သွင်းမှုဟာ ၆၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁ ဘီလီယံမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံသို့ ရောက်ရှိခဲ့ပါတယ်။ ပဲမျိုးစုံနှင့် စားသုံးဆီလိုမျိုး လူသုံးကုန်ပစ္စည်း တင်သွင်းမှုဟာ လွန်ခဲ့တဲ့ ၁၀ နှစ် အတွင်းမှာ လေးဆကျော် တိုးတက်ခဲ့ပါတယ်။ ဒ့ါအပြင် အိန္ဒိယနိုင်ငံရဲ့ စားသုံးရန်အတွက် လယ်ယာထွက်ကုန် တင်သွင်းမှုဟာ ၂၀၁၀ ခုနှစ် မှစ၍ နှစ်ဆဖြစ်လာခဲ့ပါတယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် အိန္ဒိယနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန် တင်ပို့မှုအတွက် ကြီးမားတဲ့ ဈေးကွက်အခွင့်အလမ်း တစ်ရပ်ဖြစ်တယ်ဆိုတာ ငြင်းမရနိုင်တဲ့ အချက်ဖြစ်ပါတယ်။

**စိုက်ပျိုးရေးကဏ္ဍဟာ အိန္ဒိယမှာ ဘယ်လောက်အရေးပါသလဲ**

အိန္ဒိယ နိုင်ငံဟာ စီးပွားရေး တိုးတက်မှု အညွှန်းကိန်းတွေ ကောင်းမွန်နေပေမယ့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှာ အစိုးရရဲ့ ကြားဝင်မှုတွေကြောင့် လယ်ယာထွက်ကုန် ကုန်သွယ်မှုဟာ အဟန့်အတားရှိနေတယ်လို့ ဆိုပါတယ်။ တကယ်တော့ စိုက်ပျိုးရေးကဏ္ဍဟာ အိန္ဒိယနိုင်ငံ စီးပွားရေးမှာ အရေးပါတဲ့ ဒေါက်တိုင်တစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ စုစုပေါင်း ဂျီဒီပီရဲ့ ၁၇ ရာခိုင်နှုန်း ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၇ ဘီလီယံ ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍကနေ အလုပ်အကိုင်ရရှိမှု စုစုပေါင်းရဲ့ ထက်ဝက်ကျော်ကို ထောက်ကူပေးထားပြီး ၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ပို့ကုန်ရဲ့၁၁ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။ ဒီလို စိုက်ပျိုးရေးကဏ္ဍမှာ တိုးတက်မှုတွေ ရှိလာခြင်းဟာ ဝင်ငွေနိမ့် လူတန်းစား အများစုရှိတဲ့ အိန္ဒိယနိုင်ငံအပေါ်မှာ သက်ရောက်မှုနဲ့အတူ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုရှုပ်ထွေးစေပြီး ထိလွယ်ရှလွယ်တဲ့ နိုင်ငံရေးအရ ဦးစားပေးကဏ္ဍတစ်ရပ် အဖြစ်ကို ရောက်ရှိစေတာ ဖြစ်ပါတယ်။

အိန္ဒိယအစိုးရရဲ့ မူဝါဒဟာ နိုင်ငံရဲ့အခြေခံ စားသုံးကုန်စည်တွေ ထုတ်လုပ်မှုမှာ ပြည်တွင်း ဖူလုံမှုရှိစေရေးကို အဓိကထားပြီး ဝင်ငွေနိမ့် လူတန်းစားအများစုအတွက် စားသောက်ကုန်တွေကို ဈေးသက်သာစွာနဲ့ ထောက်ပံ့ပေးခြင်းဖြင့် ကျေးလက်နေ လူတန်းစားတွေထံမှ ထောက်ခံမှုရရှိရေးကို ပစ်မှတ်ထားတဲ့ မူဝါဒဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ အမျိုးသားအစားအစာ လုံခြုံရေး အက်ဥပဒေဟာ အိန္ဒိယနိုင်ငံလူဦးရေရဲ့ သုံးပုံနှစ်ပုံခန့်အတွက် ဆန်၊ ဂျုံ စတဲ့ အခြေခံ စားသောက်ကုန်တွေရဲ့ ဈေးနှုန်းကိုအစိုးရ ထောက်ပံ့မှုပေးထားတာဖြစ်ပါတယ်။ သွင်းအားစုပိုင်းမှာ အစိုးရ အထောက်အပံ့ပေးခြင်းနှင့် အနိမ့်ဆုံးဈေးနှုန်း ထောက်ပံ့မှုတို့ဟာ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုဖို့နဲ့ အစားအစာ ဖူလုံမှုအတွက် ပြည်တွင်း ထုတ်လုပ်မှုကို တွန်းအားပေးဖို့ အရေးပါတဲ့ မူဝါဒ အစီအမံတွေပဲ ဖြစ်ပါတယ်။ ဈေးနှုန်းထောက်ပံ့မှုများ၊သိုလှောင်မှုနှင့် အများပြည်သူဆိုင်ရာ စားသောက်ကုန် ဖြန့်ဖြူးမှု၊ ဓာတ်မြေဩဇာ ထောက်ပံ့ပေးမှုနဲ့ အခြားအစိုးရ အထောက်အပံ့ အစီအစဉ်တွေအတွက် ၂၀၁၆-၂၀၁၇ ကာလအတွင်းမှာ ထောက်ပံ့မှု ကုန်ကျစရိတ်ဟာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂ ဘီလီယံခန့် ရှိတယ်လို့ သိရပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံရဲ့ ကုန်သွယ်မှု မူဝါဒဟာ ပို့ကုန်ထိန်းချုပ်မှုနှင့် သွင်းကုန်တင်သွင်းမှုအပေါ် တင်းကျပ်တဲ့ မူဝါဒ၊ တစ်နည်းအားဖြင့် ပြည်တွင်းဖူလုံမှု အဓိကထားတဲ့ မူဝါဒဖြစ်ပါတယ်။ အစိုးရရဲ့ အခြားဈေးကွက် အချိုးဖျက်တဲ့ မူဝါဒများနဲ့ ကုန်သွယ်မှု အတားအဆီးများဟာလည်း အိန္ဒိယနိုင်ငံရဲ့ ကုန်သွယ်မှု အလားအလာကို အကန့်အသတ်ဖြစ်စေပါတယ်။ အိန္ဒိယအစိုးရဟာ ဈေးကွက်ထိန်းချုပ်ရန်နှင့် သွင်းကုန်ကန့်သတ်ရန် ကြားဝင် ဆောင်ရွက်မှုများ လုပ်ဆောင်နေ ပေမယ့် စားနပ်ရိက္ခာ ဖူလုံမှုအပိုင်းမှာ လိုအပ်ချက် ရှိနေဆဲပဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာပေါ်မှာ အာဟာရမပြည့်ဝတဲ့လူဦးရေအရေအတွက် များပြားတဲ့ နိုင်ငံဖြစ်ပြီး ၂၀၁၅ခုနှစ်မှာ အိန္ဒိယနိုင်ငံ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းခန့် ဖြစ်တဲ့ ၁၂၅ ဒသမ ၂ သန်းဟာ စားနပ်ရိက္ခာ လုံလောက်မှု မရှိဘူးလို့ သိရပါတယ်။ ဒ့ါအပြင် ၂၀၁၆ ခုနှစ်၊ နိုင်ငံတကာ အစားအစာ မူဝါဒသုတေသန အဖွဲ့အစည်းရဲ့ ကမ္ဘာလုံးဆိုင်ရာ ဆာလောင် မွတ်သိပ်မှု အညွှန်းကိန်းအရ အိန္ဒိယနိုင်ငံဟာ နိုင်ငံပေါင်း ၁၁၈ နိုင်ငံ အနက် အမှတ်စဉ် (၉၇) မှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ဆန်၊ ဂျုံ၊ ပြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း၊ သကြားနှင့် ဟင်းသီးဟင်းရွက် စတဲ့ အခြေခံ စားသောက်ကုန် အများစုကို လုံလောက်အောင် ထုတ်လုပ်နိုင်ပါတယ်။ ဝါဂွမ်း၊ ပဲ၊ ဝါစေ့၊ ဟင်းခတ်အမွှေးအကြိုင်နှင့်လူး၊ ဆပ်၊ ပြောင်း စတဲ့ ကောက်ပဲသီးနှံများကို အများဆုံးတင်ပို့တဲ့ နိုင်ငံလည်းဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ကျွဲ၊ နွား မွေးမြူရေး လုပ်ငန်းကိုလည်း ပိုင်ဆိုင်ပါတယ်။ ဆန်၊ ဝါဂွမ်းနဲ့ ကျွဲသားတို့ကို အဓိက တင်ပို့တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

**အိန္ဒိယနိုင်ငံရဲ့အဓိက တင်သွင်းကုန်တွေက ဘာတွေလဲ**

လက်ရှိ အိန္ဒိယနိုင်ငံရဲ့သွင်းကုန်တင်သွင်းမှုကိုကြည့်မယ်ဆိုရင် ပြည်တွင်းထုတ်လုပ်မှု မလုံလောက်တဲ့ ပဲမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်ဆီ စတဲ့ အခြေခံ စားသောက်ကုန်များကို အဓိကအားဖြင့် တင်သွင်းတာကို တွေ့ရပါတယ်။ ဆီအုန်း၊ ပဲမျိုးစုံ၊ ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီနှင့် အခွံမာသီးများဟာ အိန္ဒိယနိုင်ငံရဲ့ စုစုပေါင်း လယ်ယာ ထွက်ကုန် တင်သွင်းမှု တန်ဖိုးရဲ့ ၇၂ ရာခိုင်နှုန်း ရှိပါတယ်။ အမေရိကန်နိုင်ငံဟာ အခွံမာသီးနဲ့ ပဲမျိုးစုံ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း ရှိပေမယ့် စားသုံးဆီမှာတော့ ယှဉ်ပြိုင်နိုင်စွမ်း မရှိဘူးလို့ သိရပါတယ်။ အင်ဒိုနီးရှား၊ မလေးရှား၊ အာဂျင်တီးနားနဲ့ ယူကရိန်းတို့ဟာ အိန္ဒိယနိုင်ငံကို စားသုံးဆီ အဓိက တင်ပို့သူတွေဖြစ်ပြီး၊ အဆိုပါနိုင်ငံများမှ တင်ပို့မှုဟာ တန်ဖိုးအားဖြင့် အိန္ဒိယနိုင်ငံရဲ့ စိုက်ပျိုးရေး ထွက်ကုန်တင်သွင်းမှုစုစုပေါင်းရဲ့ ၄၆ ရာခိုင်နှုန်း ခန့် ရှိတယ်လို့ သိရပါတယ်။ အိန္ဒိယရဲ့စားသုံးဆီ တင်သွင်းမှုမှာ စရိတ်နည်းဆီအုန်း တင်သွင်းမှုဟာ ပမာဏ အများဆုံးဖြစ်ပေမယ့် အိန္ဒိယနိုင်ငံဟာ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တရုတ်နိုင်ငံကို ကျော်လွန်ပြီး ကမ္ဘာ့ပဲပိစပ်ဆီ တင်သွင်းမှု အများဆုံးနိုင်ငံ ဖြစ်လာပါတယ်။

**ပဲမျိုးစုံ**

အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံ ထုတ်လုပ်မှု၊ စားသုံးမှုနဲ့ တင်သွင်းမှုတို့မှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ၂၀၁၅ခုနှစ်မှာဆိုရင် ပဲမျိုးစုံ မက်ထရစ်တန်ချိန် ၅ ဒသမ ၄ သန်း တင်သွင်းခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲမျိုးစုံစားသုံးမှုဟာလည်း ဆက်လက် တိုးတက်နေပါတယ်။ ပဲလုံးတင်သွင်းမှုဟာ ပဲမျိုးစုံ တင်သွင်းမှုရဲ့ ၄၀ ရာခိုင်နှုန်း၊ ပဲနီလေး တင်သွင်းမှုမှာ ၂၁ ရာခိုင်နှုန်း၊ ကုလားပဲ တင်သွင်းမှု ၁၃ ရာခိုင်နှုန်း၊ ပဲတီစိမ်းတင်သွင်းမှု၁ရာခိုင်နှုန်းနဲ့ အခြားပဲစင်းငုံ စတဲ့ပဲများ တင်သွင်းမှုလည်း ပါဝင်ပါတယ်။ အမေရိကန်၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့ဟာ အိန္ဒိယနိုင်ငံသို့ အဓိက ပဲတင်ပို့တဲ့ နိုင်ငံများဖြစ်ပြီး အမေရိကန်နိုင်ငံမှ ပဲလုံးနဲ့ ပဲနီလေး၊ ကနေဒါနိုင်ငံမှ ပဲနီလေးကို အဓိကတင်ပို့ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ပဲတင်သွင်းသူများအား အရည်အသွေးပိုင်း ကောင်းမွန်မှုထက် ဈေးနှုန်းအပိုင်းကို အဓိကထားကြောင်း သိရှိရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ဟာ ပရိုတင်း လိုအပ်ချက် မြင့်မားမှုကြောင့် ၂၀၅၀ ခုနှစ်မှာ မက်ထရစ်တန်ချိန် ၁၆ သန်းမှ ၃၉ သန်းထိတိုးပွား လာဖွယ်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။

ဒါကြောင့် အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံ ပြည်တွင်းထုတ်လုပ်မှု တိုးတက်ဖို့နဲ့ ပဲမျိုးစုံကို တိုးတက်တင်သွင်းဖို့ လိုအပ်နေတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအစိုးရဟာ ဒီလိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ဖို့အတွက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းကို အနိမ့်ဆုံးထောက်ပံ့ဈေး (Minimum Support Price) သတ်မှတ်ပေးခြင်းမှတစ်ဆင့် ဦးစားပေးအနေနဲ့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းရဲ့ ရလဒ်အနေနဲ့ ယခုရာသီမှာ ပဲစိုက်ပျိုးမှုဟာ ၄၁ ရာခိုင်နှုန်းအထိ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ပဲမျိုးစုံစားသုံးမှုဝယ်လိုအားဟာ မက်ထရစ်တန်ချိန် ၂၄ သန်းရှိမယ်လို့ ခန့်မှန်းထားပြီး၊ ထုတ်လုပ်မှုကတော့ မက်ထရစ် တန်ချိန်သန်း ၂၀ ပဲရှိတာဖြစ်တဲ့အတွက် ပဲမျိုးစုံ လိုအပ်ချက်ကတော့ ဆက်လက် ရှိနေဆဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံလိုအပ်ချက် ရှိနေပေမယ့် သူတို့ရဲ့ပဲမျိုးစုံ တင်သွင်းမှုမှာ ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ကို ကန့်သတ်တဲ့ မူဝါဒတွေ ဘာကြောင့် ထုတ်ပြန်လိုက်သလဲဆိုတာ စဉ်းစားအဖြေရှာဖို့ လိုအပ်မှာဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေများကို စောင့်ကြည့်နေသည့် အမေရိကန်ကုမ္ပဏီများစွာရှိဟုဆို

မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု အခြေအနေများကို စောင့်ကြည့်နေသည့် အမေရိကန်ကုမ္ပဏီများစွာရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံသံရုံး၏ဒုတိယအကြီးအကဲဖြစ်သူ Mr. George Sibley က ပြောကြားခဲ့သည်။

ဩဂုတ်လ ၁၀ ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည့်တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြားစီးပွားရေးဆက်ဆံမှုကို မြှင့်တင်နိုင်မည့် နည်းလမ်းများကိုလည်းအမြင်ချင်းဖလှယ်ခဲ့ ကြောင်း၊ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုစောင့်ကြည့်နေသည့် အမေရိကန်ကုမ္ပဏီများစွာရှိပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်ရန် အမေရိကန်ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကအတားအဆီးတစ်ခုမှာ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစနစ်ဖြစ်သည်ဟု Mr. George Sibley က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ဝင်ရောက် လုပ်ကိုင်လိုသည့် အမေရိကန်ကုမ္ပဏီအများအပြားရှိရာ အထူးသဖြင့် အထည်ချုပ်ကဏ္ဍကိုအလွန်စိတ်ဝင်စားမှုရှိကြောင်း၊ အမေရိကန်ကုမ္ပဏီများဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစနစ်သည် ပိုမိုပွင့်လင်းမြင်သာရန်နှင့် ထိရောက်မှုရှိရန်လိုအပ်ကြောင်း၊ငွေပေးချေမှုစနစ်နှင့် ငွေလွှဲစနစ်ဖွံ့ဖြိုးလာရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်လုပ်ငန်း ငွေကြေးထောက်ပံ့မှုတို့ကို တားဆီးနိုင်သည့်ဥပဒေများပြဋ္ဌာန်းရန် လိုအပ်သည်ဟု အမေရိကန်သံအမတ်ကြီး မစ္စတာစကော့မာရှယ်လ်က ဇူလိုင်လတွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် အမေရိကန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၂၅၀ရှိနေပြီး အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားမှုများကို ရုပ်သိမ်းထားပြီးဖြစ်သဖြင့် ရှေ့လာမည့်သုံးနှစ်အတွင်း အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် နှစ်ဆအထိမြင့်တက်လာနိုင်ကြောင်း၊ အမေရိကန်ကုမ္ပဏီများဖြစ်ကြသော Coca-Cola နှင့် Ball တို့က မြန်မာနိုင်ငံတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ကြောင်း၊ အမေရိကန်ကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးလုပ်ငန်း၊ အာမခံလုပ်ငန်းနှင့်အိုင်တီလုပ်ငန်းများကိုစိတ်ဝင်စားကြပြီး အမေရိကန်ကုမ္ပဏီများဝင်ရောက်လာခြင်းသည် မြန်မာနိုင်ငံ၏မူဝါဒများအပေါ် တွင်များစွာမူတည်ပါသည်ဟုရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးကပြောကြားခဲ့ကြောင်း ဩဂုတ်လ ၁၆ ရက်နေ့ထုတ် The Nation သတင်းစာတွင် ဖော်ပြထားသည်။ **ကျော်သူရ၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပြည်ပမှ ပဲစင်းငုံတင်သွင်းခွင့်ကန့်သတ်လိုက်ပြီးနောက်တွင် အိန္ဒိယ၌ပဲဈေးနှုန်း ၂၀ ရာခိုင်နှုန်းခန့်မြင့်တက်လာ

အိန္ဒိယအစိုးရက ပဲစင်းငုံတင်သွင်းမှုအားဩဂုတ် ၅ ရက်က ကန့်သတ်လိုက်ပြီးနောက်တွင် မွမ်ဘိုင်းလက်ကားဈေးကွက်၌ ပဲဈေးနှုန်းများ ၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အစောပိုင်းက အိန္ဒိယ၌ ပဲဈေးနှုန်းများမှာ အစိုးရသတ်မှတ်ထားသည့် Minimum Support Price ဈေးနှုန်းအောက်သို့ရောက်ရှိကြောင်း၊ မဒ္ဒရာပရာဒေ့ရှ်နှင့်မဟာရာသျှတ္တရာပြည်နယ်တို့တွင် မတ်ပဲနှင့် ပဲတီစိမ်းများ မကြာမီရိတ်သိမ်းတော့မည်ဖြစ်ရာ ယင်းကာလမတိုင်မီ ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ကုန်သည်များ၊ လယ်သမားများ၊ ကုမ္ပဏီများအနေဖြင့် ယင်းအပြောင်းအလဲသည် ကောင်းမွန်သည့် အနေအထားသို့ ပြောင်းလဲခြင်းဖြစ်သည်ဟု ယူဆကြကြောင်း သိရှိရပါသည်။


ပြီးခဲ့သည့်နှစ်ပတ်ခန့်က မွမ်ဘိုင်းလက်ကားဈေးကွက်၌ ပဲစင်းငုံတစ်ကီလိုဂရမ်လျှင် ၃၄ ရူပီးသာရှိခဲ့ပြီး ယခုအခါ ၄၂ ရူပီးသို့ မြင့်တက်လာခဲ့ကြောင်း၊ အလားတူပင် မတ်ပဲနှင့်ပဲတီစိမ်းဈေးနှုန်းမှာလည်း ယခင်ထက် ၁၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ ပဲနီလေးဈေးနှုန်းမှာမူ ယခင်က ၃၆ ရူပီးဈေးသာရှိရာမှ ယခုအခါ ၅၄ ရူပီးဈေးသို့ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

India Pulses and Grains Association ၏ ဥက္ကဋ္ဌဖြစ်သူ Pravin Dongre ကသုံးသပ်ပြောကြားရာ၌ ပဲစိုက်ပျိုးသည့် အဓိကပြည်နယ်များ၌ မိုးနည်းခြင်း၊ မိုးမမှန်လျက်ရှိခြင်းတို့သည် ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေသည့် ကုန်သွယ်မှုမူဝါဒအတွက် ပူပန်စေသည့် အကြောင်းအရာတစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ်ရာသီအတွက် ပဲစိုက်ပျိုးမည့်ရာသီချိန်မှာလည်း ကုန်လွန်ခါနီးပြီဖြစ်ရာ မဟာရာသျှတ္တရာ၊ မဒ္ဒရာပရာဒေ့ရှ်နှင့် ကာနာတာကာပြည်နယ်တို့တွင်လည်း လက်ရှိအနေအထားအရ မိုးလုံလုံလောက်လောက် မရရှိကြောင်း၊ သို့ဖြစ်၍ ယင်းသီးနှံများနှင့်စပ်လျဉ်း၍ ရှင်းလင်းသည့် ထင်မြင်ချက်တစ်ခုကို နောက်ထပ် ၁၅ ရက်၊ ရက် ၂၀ ဝန်းကျင်တွင်မှ ၎င်းတို့အနေဖြင့် ပေးနိုင်လာလိမ့်မည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

စိုက်ဧကအနေဖြင့် ယခုနှစ် နွေရာသီတွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးသည့် ဟက်တာဧကမှာ ၁၃ ဒသမ ဝ၇ သန်းသာရှိခဲ့ပြီး ယခင် နှစ်ရာသီထက် ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ပြည်နယ် အစိုးရများ၏ မျှော်မှန်းစိုက်ဧက ၁၀ ဒသမ ၅၆ သန်းထက် ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။

ပညာရှင်အချို့၏ သုံးသပ်ချက်အရ အစိုးရက ပဲစင်းငုံတင်သွင်းမှုအား ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ ထည့်သွင်းသတ်မှတ်လိုက်သည့်အတွက် လက်ရှိတွင်သာမက လာမည့်တစ်လအတွင်း၌လည်း ပြည်တွင်းပဲဈေးနှုန်းများမှာ ဆက်လက်မြင့်မားနိုင်ကြောင်း၊ အခြားအကြောင်းအရင်းတစ်ခုမှာ နိုင်ငံအတွင်း၌ မုတ်သုံမိုးသည်လည်း ပုံမှန်မရရှိဘဲ ပွဲတော်များကျင်းပ ရန်အတွက် ဝယ်လိုအားများလည်း မြင့်တက်လာနိုင်ကြောင်း၊ သို့ရာတွင် လက်ရှိတင်သွင်းထားသည့် တန်ချိန် ၅ ဒသမ ၆၇ သန်းသည်ပင်လျှင် ယခင်နှစ် အလားတူကာလ (ဧပြီမှ ဩဂုတ် လတွင်း) ထက် ၁၉ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုများပြားနေပြီဖြစ်ရာ ယင်းပမာဏသည် ပြည်တွင်းစိုက် နွေရာသီပဲသီးနှံအတွက် စိုးရိမ်ပူပန်မှုကိုဖြစ်စေခဲ့ကြောင်း Angel Commodities Broking ၏ သုတေသနအဖွဲ့ခေါင်းဆောင် Anuj Gupta က သုံးသပ်ပြောကြားထားပါသည်။

ဒေလီအခြေစိုက် ပဲကုန်သည်တစ်ဦးဖြစ်သည့် Sunil Baldeva က လတ်တလောချမှတ်ခဲ့သည့် အစိုးရ၏မူဝါဒကြောင့် လယ်သမားများအနေဖြင့် အနိမ့်ဆုံးအထောက်အကူပြုဈေးနှုန်းသို့ တိုးတက်ရရှိလာနိုင်ကြောင်း၊ ထိုမျှသာမက ဈေးနှုန်းမြင့်တက်လာသည့်အတွက် ရာဂျက်စသန်နှင့် ဂူဂျာရတ်ပြည်နယ်တို့တွင် စိုက်ပျိုးရိတ်သိမ်းချိန်ကာလ တိုတောင်းသည့် ပဲတီစိမ်းသီးနှံများကို ပိုမိုစိုက်ပျိုးလာစေရန် တွန်းအားဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် အစိုးရအနေဖြင့် ပဲတင်သွင်းသူများကိုသာ ပဲတင်ပို့ခွင့်ပေးခြင်းထက် လုပ်ငန်းရှင်အားလုံးကို တင်ပို့ခွင့်ပြုပါ က ပဲဈေးနှုန်းပိုမိုမြင့်တက်လာနိုင်ကြောင်း၊ မကြာမီရိတ်သိမ်းမည့် ပဲများအား MSP ဈေးနှုန်းများဖြင့် အစိုးရက ဝယ်



ယူပေးပါက ပဲဈေးနှုန်းကိုလည်း အထောက်အကူပြုနိုင်ကြောင်း၊ ထိုမျှသာမက အရန်ပဲတန်ချိန် ၁ ဒသမ ၉ သန်းခန့်အား ထုတ်ရောင်းရန် အစိုးရက ဆုံးဖြတ်ပါကလည်း ပဲဈေးကွက်အပေါ် ရိုက်ခတ်မှုရှိနိုင်သည်ဟု ၎င်းက သုံးသပ်ပြောကြားထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုအား ကန့်သတ်ကုန်စည်အမျိုးအစား ခေါင်းစဉ်အောက်သို့ အိန္ဒိယအစိုးရက ထည့်သွင်းသတ်မှတ်

အိန္ဒိယအစိုးရသည် မတ်ပဲနှင့် ပဲတီစိမ်း တင်သွင်းခြင်းအား ကန့်သတ်ကုန်စည်အမျိုးအစားခေါင်းစဉ်အောက်သို့ ထည့်သွင်းသတ်မှတ်လိုက်ပြီး ပြည်တွင်းသို့ သင်္ဘောတင်ဝင်ရောက်မှုပမာဏ ခွဲတမ်းအား ဘဏ္ဍာနှစ်တစ်နှစ်အတွင်း တန်ချိန်သုံးသိန်း အများဆုံး သတ်မှတ်ကြောင်း Directorate General of Foreign Trade ၏ ဩဂုတ် ၂၁ ရက်၌ ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

သို့ရာတွင် အဆိုပါကန့်သတ်ချက်သည် နှစ်နိုင်ငံနှင့် ဒေသတွင်း သဘောတူညီချက်များအရ အစိုးရ၏ သွင်းကုန်ကတိကဝတ်များအပေါ် သက်ရောက်ခြင်းမရှိကြောင်း၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းခြင်းအား လွတ်လပ်စွာတင်သွင်းနိုင်သည့် ကုန်စည်အမျိုးအစားအောက်မှ ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ ပြောင်းလဲလိုက်ကြောင်း ဖော်ပြပါရှိပါသည်။

အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် နိုင်ငံအတွင်း၌ MSP ဈေးနှုန်းအောက်သို့ကျဆင်းနေသည့် ပြည်တွင်းပဲဈေးနှုန်းများကို ခိုင်မာအားကောင်းလာစေမည်ဖြစ်ကာ တောင်သူလယ်သမားများအပေါ် ထိခိုက်မှု လျော့နည်းလာစေရန်တို့အတွက် အထောက်အကူပြုစေမည်ဟု ဆိုထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး နှစ်စဉ်ပဲမျိုးစုံတန်ချိန် ၂၂ သန်းဝန်း ကျင်ခန့်ထုတ်လုပ်လျက်ရှိရာ ၂၀၁၆-၁၇ သီးနှံရာသီတွင် ပဲတီစိမ်း တန်ချိန် ၂ ဒသမ ဝ၇ သန်းခန့် စံချိန်တင် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်းဈေးနှုန်းများ ကျဆင်းနေသည့်အတွက် တောင်သူများအား ထိခိုက်စေပြီး စိုက်ဧကကျဆင်းလာသည့်အပေါ် အစိုးရကစိုးရိမ်ပူပန်နေကြောင်း၊ သို့ဖြစ်၍ အိန္ဒိယအစိုးရသည် ယခုလအစောပိုင်းကလည်း ပဲစင်းငုံတင်သွင်းမှုအား ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ ထည့်သွင်း သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၈–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ဆက်လက် ဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက် အကျမရှိဘဲ ရက်သတ္တလေးပတ်ဆက်တိုက် ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလို တစ်အိတ်ကို ၇၄ ယွမ်မှ ၈၃ ယွမ် (တစ်တန် ယွမ် ၁၄၈၀ မှ ယွမ် ၁၆၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှုမှာလည်း ယခင်တစ်ပတ်က တန်ချိန် ၈၇၀၀ကျော် တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၇၃၀၀ ကျော်သာ ရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပြီး ဈေးငြိမ်နေသလို အရောင်းအဝယ် ဆက်လက်အေးနေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက် ဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး အတက်အကျမရှိဘဲ ယခင်တစ်ပတ်ကဈေးအတိုင်း ရက်သတ္တလေးပတ်ဆက်တိုက် ဆက်လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာ ၅၀၀ ကျပ်(တစ်တန်ကျပ် ၃၀၆၁၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၈၀၃၃၆၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၆၇၁၂၆၈ သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ် ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးပြန်ကျပြီး အစေ့ထုတ်ပြောင်းဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေး ပြန်လည်ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်း ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ မတ်ပဲဈေး တစ်ပိဿာ ၁၄၃၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန် ကျပ် ၆၉၅၀၆၀ )နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုမရှိဘဲ မြို့ပေါ်ရှိ ဝယ်ရောင်း ကုန်သည်များကသာ ဝယ်ယူမှုရှိကြောင်း သိရပါသည်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ကျပ် ၅၃၀ ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၅၄၀ (တစ်တန်ကျပ် ၃၃၀၆၉၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ရန်ကုန်အစာစပ်လုပ်ငန်းများက ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာ)ရွှေဝါ အသစ်ဈေး တက်ရိပ်ပြ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီတို့ကို ရောင်းချသူများက ဈေးဖွင့်ရောင်းချခြင်း မရှိသလို ဝယ်သူများကလည်း ဝယ်ယူခြင်းမရှိတာကြောင့် အရောင်းအဝယ် မဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာ) ရွှေဝါ တစ်ပိဿာ ၁၆၈၉ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန်ကျပ် ၁၀၈၈၈၂၀ ) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း အညာ(ရွှေဝါ)ကို တရုတ်ဝယ်လက်က ဝယ်လိုအားနည်းတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၈၉ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၉၃၃ ကျပ် (တစ်တန် ကျပ် ၁၇၉၆၁၃၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၆၇ ကျပ်နဲ့ ဈေးမြင့်ခဲ့တဲ့ နှမ်းဖြူ (ထိပ်စ) က ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၆ ကျပ်နဲ့ ပြန်လည်ဈေးကျခဲ့ကြောင်း သိရပါတယ်။ တရုတ်တင်ပို့သူ ကုန်သည်များက နှမ်းမျိုးစုံကို အရည်အသွေးကောင်းမွန်မှုကို အဓိကထား ဝယ်ယူကြကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း တစ်ပိဿာ ၅၃၇ ကျပ် (တစ်တန်ကျပ် ၃၂၈၈၅၀) နဲ့ တရုတ်ဝယ်လက်နဲ့ အစာစပ်လုပ်ငန်းရှင်များက ပုံမှန်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မကွေး ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ယခင်တစ်ပတ်အထိ ဈေးမြင့်ခဲ့တဲ့ မတ်ပဲဈေး ပြန်လည်ကျဆင်းခဲ့သလို ပဲစင်းငုံနီလည်း ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၃၈၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၀၀(တစ်တန်ကျပ် ၇၉၆၁၀၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၇၇၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၇၀၀(တစ်တန်ကျပ် ၄၂၈၆၇၀) အထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် (အသစ်) တစ်ပိဿာ ၂၈၄၅ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန်ကျပ် ၁၈၃၇၁၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ အသစ် တစ်ပိဿာ ကျပ် ၂၈၀၀ နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခု တစ်ပတ်မှာ တစ်ပိဿာ ၂၆၂၅ ကျပ် (တစ်တန်ကျပ် ၁၆၀၇၅၂၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက် (အသစ်)ကို မန္တလေးတင်ပို့မည့်သူများက ဝယ်လိုအားများခဲ့တာကြောင့် အရောင်းအဝယ်သွက်ခဲ့ပြီး နှမ်းဖြူ(ထိပ်စ) အသစ်ကို မန္တလေးဝယ်လက်နဲ့ မြို့ခံ နှမ်းလှော်လုပ်ငန်းများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံ ဈေးငြိမ်ပြီး ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံ ဈေးငြိမ်နေခဲ့ပေမယ့် ပဲတီစိမ်းဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံဈေးက ယခင်တစ်ပတ်ဈေးအတိုင်း သိပ္ပံ နှမ်းနက် အသစ်တစ်ပိဿာ ၂၈၂၅ ကျပ် (တစ်တန်ကျပ် ၁၇၃၀၀၀၀)၊ နှမ်းနီတစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀)၊ နှမ်းနက် တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀) နဲ့ အသီးသီး ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ သိပ္ပံနှမ်းနက် အသစ်နဲ့ နှမ်းနက်ကို မန္တလေး တင်ပို့မည့် သူများက ဝယ်ယူပြီး နှမ်းနီကိုမြို့ခံဆီစက်လုပ်ငန်းများက ပုံမှန်ဝယ် လိုအားရှိနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲ ဟော်လန်တစ်ပိဿာ ၂၁၇၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၇၅ ကျပ်(တစ်တန်ကျပ် ၁၂၇၀၇၀၀) နဲ့ ပြန်လည် ဈေးကျခဲ့ပါတယ်။ ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲတီစိမ်းအသစ် တစ်ပိဿာ ကျပ် ၁၄၅၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန်ကျပ် ၈၂၆၇၂၀) ထိ ဈေးဆက်လက် ကျဆင်းခဲ့ကြောင်း သိရပြီး မန္တလေးတင်ပို့မည့်သူများက ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(လုံးသေး) ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(လုံးသေး)တစ်ပိဿာ ၁၆၅၈ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၂၉၀(တစ်တန်ကျပ် ၇၈၉၉၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ ပါတယ်။ ပဲတီစိမ်း(လုံးသေး)ကို တရုတ်တင်ပို့သူ ကုန်သည်များက ဝယ်ယူကြကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းမျိုးစုံအနက် သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၂၀၀ (တစ်တန်ကျပ် ၁၃၄၇၂၅၀)၊ နှမ်းဖြူ တစ်ပိဿာကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀)၊ နှမ်းနီ တစ်ပိဿာ ၁၉၃၃ကျပ် (တစ်တန်ကျပ် ၁၁၈၃၇၄၀) နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီး ဈေးဆက်လက် ကျဆင်း

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီးဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၅၇၉ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၃၁၆ ကျပ် (တစ်တန်ကျပ် ၈၀၅၉၀၀) ကျပ်နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေး ဝယ်လက်က ဝယ်လိုအားရှိပေမယ့် ဝယ်ဈေးမကြိုက်တာကြောင့် အရောင်းအဝယ်မဖြစ်ကြောင်း သိရပါတယ်။ အလားတူ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၁၆ကျပ် အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၈၄ ကျပ် (တစ်တန်ကျပ် ၁၃၃၇၄၅၀) နဲ့ ပြန်လည်ဈေးကျဆင်းခဲ့ကြောင်းလည်း သိရပါတယ်။ ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၇၄၀(တစ်တန်ကျပ် ၄၅၃၁၆၀) နဲ့ သိုလှောင်မည့်သူများက ဝယ်လိုအားကောင်းတာကြောင့် အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းဖြူမှာ ယခင်တစ်ပတ်ဈေး တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀) နဲ့ ဆက်လက်ဈေးငြိမ်နေပြီး ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၂၄၆၇ ကျပ်သာ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) နဲ့ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မန္တလေးတင်ပို့မည့်သူများက ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲရောင်းဝယ်မှု ယာယီရပ်နား

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ အိန္ဒိယနိုင်ငံက မတ်ပဲ၊ ပဲစင်းငုံနီနှင့် ပဲတီစိမ်းတင်သွင်းခြင်းကို တန်ချိန် ကန့်သတ်ကုန်စည်အမျိုးအစားသို့ ထည့်သွင်းခဲ့တာကြောင့် ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ပဲရောင်းဝယ်မှုကို ယာယီရပ်နားထားကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ကျင်းပပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုတန်ချိန်ကန့်သတ်ချက်နှင့်ပတ်သက်၍ အစည်းအဝေးတွင် ပဲလုပ်ငန်းရှင်များက ပဲဈေးများ ကမောက်ကမ မဖြစ်စေရေးအတွက် ပဲဈေးကွက်ဖွင့်ရောင်းချမှုအား ယာယီရပ်နားထားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။ တင်သွင်းမှု ကန့်သတ်ခံရမှု၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းပဲမျိုးစုံဈေးများ ကျဆင်းခဲ့ပြီး အရောင်းအဝယ် အေးခဲ့ပါတယ်။ အစိုးရပိုင်းအနေဖြင့်လည်း အရေးပေါ် ညှိနှိုင်းဆွေးနွေးမှုများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

××××××××××××××××

# အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒ ပြောင်းလဲမှုအပေါ်

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များ

■ မင်းအောင်အေး

**ကုန်သွယ်မှုအခြေအနေ**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများနှင့် ပင်လယ်ရေကြောင်းမှလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဖြင့်လည်းကောင်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုကိန်းဂဏန်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၇၁၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၉ ဒသမ ၂၀၉ ဘီလီယံ အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အတူ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇၁၁ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၉၄၃ ဘီလီယံ အသီးသီး ဆောင်ရွက်နိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ လယ်ယာထွက်ကုန် ပဲမျိုးစုံ တင်ပို့ရာတွင် အဓိကအားဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကုလားပဲတို့အား တင်ပို့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၇၇ သန်းခန့်ရှိပါသည်။

**အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒ ပြောင်းလဲမှုအခြေအနေ**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာတွင် အိန္ဒိယနိုင်ငံ အစိုးရ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဌာနမှ ဩဂုတ်လ ၅ ရက်စွဲပါ ကြေညာလွှာအမှတ် ၁၉/ ၂၀၁၅-၂၀၂၀ ဖြင့် ပဲစင်းငုံတင်သွင်းမှု မူဝါဒကိုပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်ချက်တွင် ပဲစင်းငုံကို ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်၍ တင်သွင်းမှုကို တစ်နှစ် တန်ချိန်နှစ်သိန်း ကန့်သတ်ထားပါကြောင်းနှင့် ယင်းကန့်သတ်မှုသည် နှစ်နိုင်ငံ/ဒေသတွင်း သဘောတူစာချုပ်/ နားလည်မှုစာချွန်လွှာများအရ အစိုးရ အချင်းချင်း တင်သွင်းရန် ကတိပြုထားသည့် ပမာဏအပေါ်တွင် သက်ရောက်မှုမရှိဟု အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုအပေါ် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ မြန်မာ့ပဲများ အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် အခက်အခဲများ ရှိလာနိုင်သည်ဟု စိုးရိမ်ပူပန်မှုများရှိလာပြီး လက်ရှိတင်ပို့ရန် ကျန်ရှိနေသည့် ပဲစင်းငုံ တန်ချိန်တစ်သိန်းနှင့် မကြာမီ ထွက်ရှိလာမည့် ပဲစင်းငုံ တန်ချိန်သုံးသိန်းခန့်တို့ကို ယခင်ကဲ့သို့ ဆက်လက်တင်ပို့ခွင့်ရရှိရေး တင်ပြလာမှုအရ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် နယူးဒေလီမြို့ရှိ မြန်မာသံရုံးတို့မှတစ်ဆင့် သံတမန်နည်းလမ်းဖြင့် အိန္ဒိယနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ဩဂုတ် ၁၁ ရက်နေ့တွင် ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးထွန်းလွင်ဦးဆောင်သည့် အဖွဲ့ဝင် လေးဦးအား တွေ့ဆုံ၍ အိန္ဒိယနိုင်ငံသို့ တင်ပို့နေသည့် ပဲကိစ္စရပ်များ ဆွေးနွေးမေးမြန်းပြီး၊ ယင်းနေ့ ၃ နာရီခွဲအချိန်တွင် မြန်မာနိုင်ငံမှ တင်ပို့နေသည့် ပဲများအတွက် (အထူးသဖြင့် ပဲစင်းငုံ တင်ပို့မှုများအတွက်) ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးဖြစ်သူ HE.Mr. Vikram Misri အားလက်ခံတွေ့ဆုံကာ အိန္ဒိယနိုင်ငံမှ ပဲစင်းငုံ တင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံဘက်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံမှ ပဲစဉ်းငုံများအား ဆက်လက်တင်ပို့သွားနိုင်ရေးအတွက် ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲလိုက်မှုအပေါ် အာဆီယံဒေသတွင်း သဘောတူ စာချုပ်/နားလည်မှုစာချွန်လွှာများအရ သုံးသပ်ချက်များကိုထည့်သွင်းကာ နိုင်ငံတော်အဆင့်တွင်လည်း အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတရုံးသို့ ဩဂုတ်လ ၁၄ ရက်နေ့တွင် တင်ပြခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံမှ တင်ပို့သည့် ပဲများကို အိန္ဒိယနိုင်ငံဘက်သို့ ယခင် တင်ပို့ခွင့်ပြုခဲ့သည့်နည်းလမ်းများအတိုင်း ဆက်လက်တင်ပို့ခွင့်ပြုပေးနိုင်ရေးကို မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာမည့် အိန္ဒိယနိုင်ငံ၏ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်အတွင်း နိုင်ငံတော်အဆင့် အကြီးအကဲများ၏ ဆွေးနွေးမှုများတွင်လည်း ထည့်သွင်းဆွေးနွေးပေးနိုင်ပါရန် ဩဂုတ်လ ၂၁ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သော အိန္ဒိယနိုင်ငံ၏ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်အတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးတွင်လည်း တင်ပြခဲ့ပါသည်။

ထပ်မံ၍ ဩဂုတ်လ ၂၁ ရက် နေ့စွဲပါ ကြေညာလွှာအမှတ် ၂၂/ ၂၀၁၅-၂၀၂၀ ဖြင့် မတ်ပဲနှင့် ပဲတီစိမ်းတို့ကိုလည်း ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်ကာ တင်သွင်းမှု မူဝါဒကို ထပ်မံ ပြင်ဆင်၍ တစ်နှစ်လျှင် တန်ချိန် သုံးသိန်းသာ တင်သွင်းရန် ကန့်သတ်ထားကြောင်း အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထပ်မံဖော်ပြလာသည်ကို တွေ့ရှိရပြီး ပဲစင်းငုံ တင်သွင်းခွင့် မူဝါဒ စတင်ပြောင်းလဲခဲ့စဉ်က အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းထားခဲ့သည့်အတိုင်း မတ်ပဲနှင့် ပဲတီစိမ်းတို့ကိုလည်း ယခင်တင်သွင်းခွင့်ပြုခဲ့သည့် နည်းလမ်းများအတိုင်းသာ ရှေ့ဆက်တင်ပို့ခွင့်ရရှိနိုင်ရေးအတွက် ရန်ကုန်အခြေစိုက်၊ အိန္ဒိယသံရုံးသို့ ဩဂုတ်လ ၂၃ရက်တွင် ထပ်မံညှိနှိုင်းခဲ့ပါသည်။

**နှစ်နိုင်ငံ ပဲရောင်းဝယ်မှု MOU လက်မှတ်ရေးထိုးရန် ဆောင်ရွက်ထားမှုအခြေအနေ**

မြန်မာ - အိန္ဒိယ ပဲဝယ်ယူရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလကတည်းက အိန္ဒိယနိုင်ငံဘက်မှ G to G စနစ်ဖြင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူလိုကြောင်း Protocol of Intention for Trade and Co-operation Protocol ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံ သဘောတူညီချက် လက်မှတ်ရေးထိုးရန် ကမ်းလှမ်းလာခဲ့ပါသည်။ အဆိုပါ Protocol (မူကြမ်း)နှင့် ပတ်သက်၍ ရန်ကုန် အခြေစိုက်၊ အိန္ဒိယသံရုံး၏ ယာယီတာဝန်ခံဖြစ်သူ Mr.B.Shyam နှင့် အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာဝန်ကြီးဌာန၏ အဆင့်မြင့် ကိုယ်စားလှယ်တို့သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ပဲကိစ္စနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ထံ လာရောက်တွေ့ဆုံခဲ့ပါသည်။

ထို့နောက် နှစ်နိုင်ငံ ပဲရောင်းဝယ်မှု MOU လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယ ဝန်ကြီး/ အတွင်းဝန်အဆင့် မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာတွင် ယခင်ပေးပို့ခဲ့သည့် Protocol (မူကြမ်း) အစား Draft Memorandum of Understanding Between the Government of the Republic of the Union of Myanmar and the Government of the Republic of India On the Co-operation in the domain of Marketing of Pigeon Peas and Black Mapte (MOU) မူကြမ်းကို ပြောင်းလဲပေးပို့လာခဲ့ပါသည်။

အဆိုပါ ပေးပို့လာသည့် MOU အပေါ် မိမိတို့ဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြီး မိမိတို့ဘက်မှ ပြင်ဆင်ဖြည့်စွက်ထားသော MOU မူကြမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အိန္ဒိယနိုင်ငံသံရုံးသို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်သော်လည်း၊ အိန္ဒိယနိုင်ငံဘက်မှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားလာခြင်း မရှိသည့်အတွက် အဆိုပါ နားလည်မှုစာချွန်လွှာအား MOU မူကြမ်းအပေါ် အိန္ဒိယနိုင်ငံဘက်မှ အတည်ပြုလက်ခံနိုင်ခြင်း ရှိ/မရှိနှင့် ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များ ရှိပါကလည်း ဆောလျင်စွာ ပြန်ကြားပေးနိုင်ရေး အိန္ဒိယနိုင်ငံဘက်သို့ ဆက်လက်အကြောင်းကြားပေးနိုင်ပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဩဂုတ်လ ၄ ရက်တွင် ညှိနှိုင်းမေတ္တာ ရပ်ခံထားပါသည်။

အိန္ဒိယနိုင်ငံဘက်မှ စတင်အဆိုပြုလာသည့် ပဲရောင်းဝယ်မှု MOU (မူကြမ်း)၏ Article (3) ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများတွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၉ သိန်း၊ ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၉ ဒသမ ၂၅ သိန်း၊ ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၉ ဒသမ ၅ သိန်း၊ ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၉ဒသမ ၇၅ သိန်း၊ ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၁၀ သိန်း စသည်ဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်စာ ဝယ်ယူမည့် တန်ချိန်များကို ဖော်ပြထားပြီး မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံတွင် အစိုးရဝယ်ယူမှုအတွက် သတ်မှတ်ကြေညာသည့် အနိမ့်ဆုံးဈေး (minimum support price) အပေါ်အခြေခံ၍ ဝယ်ယူမှုနှင့် သယ်ယူပို့ဆောင်မှုအတွက် သင့်လျော်သော ညှိနှိုင်းသတ်မှတ်မှုများနှင့် အတူဝယ်ယူရန်၊ Article (4) လုပ်ပိုင်ခွင့် အာဏာရှိသူအပိုင်းတွင် အိန္ဒိယဘက်မှ MMTC နှင့် STC တို့မှ Competent Authority အဖြစ် ဆောင်ရွက်သွားရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံဘက်မှ အဆိုပြုလာသည့် MOU မူကြမ်းနှင့် ပတ်သက်၍ မိမိဘက် သက်ဆိုင်ရာ ဌာနများ၊ ကုန်သည်အသင်းအဖွဲ့များ ပါဝင်သော ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ကာ အစည်းအဝေးတက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ မြန်မာဘက်မှ အဆိုပါ MOU (မူကြမ်း) Article (3) တွင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ကို ၂၀၁၇ ခုနှစ်တွင် တန်ချိန် ခြောက်သိန်းအား တစ်လလျှင် တန်ငါးသောင်းနှုန်းဖြင့် အခြေခံဈေးထက် မနိမ့်ကျသည့် ကာလပေါက်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်ရန်၊ နှစ်စဉ် စိုက်ပျိုးထုတ်လုပ်မှုအပေါ် အခြေခံ၍ နောင်နှစ်များတွင် ဆက်လက် ရောင်းချမည့် ပမာဏကို နှစ်စဉ် ညှိနှိုင်းပြင်ဆင်ရန်နှင့် Article (4) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စား၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ Competent Authority အဖြစ် ဆောင်ရွက်သွားရန်တို့ဖြင့် MOU ကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံဘက်မှ ပြန်လည်ပြင်ဆင်ပြီးဖြစ်သော နှစ်နိုင်ငံ ပဲရောင်းဝယ်မှု MOU မူကြမ်းကို အိန္ဒိယနိုင်ငံဘက်သို့ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၅ ရက်ကတည်းက ပေးပို့ခဲ့ပြီးဖြစ်သော်လည်း အိန္ဒိယနိုင်ငံဘက်မှ ယနေ့အထိ အကြောင်းပြန်ကြားလာမှုမရှိခြင်းမှာ မြန်မာနိုင်ငံဘက်အနေဖြင့် မိမိတို့ကုန်သည် လုပ်ငန်းရှင်များအတွက် နစ်နာဆုံးရှုံးမှုများ၊ ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေရေးအတွက် MOU မူကြမ်းအပေါ်တွင် ထည့်သွင်းဖော်ပြထားသည့် နှစ်စဉ်ရောင်းချနိုင်မည့် တန်ချိန်၊ ဈေးနှုန်းနှင့် မြန်မာဘက်မှ တာဝန်ခံဆောင်ရွက်မည့်အဖွဲ့အစည်း သတ်မှတ်ချက်များအပေါ် အိန္ဒိယနိုင်ငံဘက်မှ လက်ခံနိုင်မှုမရှိသောကြောင့် MOU (မူကြမ်း)အား ပြန်လည်ပေးပို့မှုမရှိခြင်းဖြစ်မည်ဟု သုံးသပ်ရပါသည်။

**မြန်မာနိုင်ငံ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

နှစ်နိုင်ငံအကြား ပဲရောင်းဝယ်မှု MOU လက်မှတ်ရေးထိုးနိုင်ရေး ရောင်းချမည့် တန်ချိန်၊ ဈေးနှုန်းနှင့် တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများကို အိန္ဒိယနိုင်ငံဘက်နှင့် ညှိနှိုင်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး၊ မြန်မာနိုင်ငံမှ ပဲများ ပြည်ပနိုင်ငံများသို့ ဈေးကွက်ရှာဖွေ တင်ပို့ရောင်းချနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

စာမျက်နှာ (၁၆) သို့ ➢

# ဘုတလင်မြို့၌ မြို့နယ်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းနှင့် သနပ်ခါးအသင်းသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဘုတလင်မြို့နယ် တာဝန်ခံတို့သည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူးပေါင်းကာ ဘုတလင်မြို့နယ် အတွင်းရှိ ကံယာကျေးရွာ၊ ကုက္ကိုလ်ကျေးရွာ၊ ဝွေးပင်ကျင်းကျေးရွာ၊ ကွမ်းခြံကျေးရွာ၊ ကွမ်းအုံကျေးရွာ၊ အုတ်ဖိုကျေးရွာနှင့် ထူးကြီးကျေးရွာများတွင် ဖွဲ့စည်းခဲ့ပြီးသော သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ခုနစ်စုကို ဘုတလင်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မဟာဗန္ဓုလ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၁ ရက်က မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သနပ်ခါးစိုက်တောင်သူများ စုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ဗဟို) ဖွဲ့စည်းတည်ထောင်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့ သနပ်ခါးအသင်းအဖွဲ့၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် ရှင်မတောင် သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများ အသင်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် အပူပိုင်းဇုန် မဟာဗျူဟာသီးနှံအဖြစ် သတ်မှတ်ထားသောကြောင့် လတ်တလော ရောင်းတန်းဝင် အပင်မရှိသေးသော်လည်း တိုးတက်ရန်လိုအပ်သော၊ အလားအလာရှိသော နယ်မြေများ၌ ဖွဲ့စည်းရန် လိုအပ်ပါသဖြင့်အသင်းအဖွဲ့များ အမြန်ဆုံးဖွဲ့စည်းရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လမ်းညွှန်ထားပါကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် လိုအပ်သော နည်းပညာနှင့် ဈေးကွက်ရရှိရေးအတွက် ပံ့ပိုးကူညီဖော်ဆောင်ပေးမည်ဖြစ်၍ စားသုံးသူရေးရာဦးစီးဌာနနှင့် မပြတ်ဆက်သွယ်၍ အသင်း တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်၍ မုံရွာခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က အသင်းအဖွဲ့ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်ကြောင်း၊ အရာတော်မြို့ သနပ်ခါးအသင်းသည် ၂၀၁၄ ခုနှစ်ကစတင်၍ ဖွဲ့စည်းခဲ့ပြီး မူပိုင်ခွင့်ရရှိရေး၊ ပထဝီဆိုင်ရာ အညွှန်းကိန်း GI ရရှိရေးများကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာကအကူအညီပေးမည်ဆိုပါက အသင်းအဖွဲ့ကိုသာ အကူအညီပေးကြောင်း၊ ထို့ကြောင့် ဘုတလင်မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းအား သက်ဝင်လှုပ်ရှားမှုရှိအောင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါတယ်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်သန်းသန်းတင်က ဘုတလင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ကျောင်း ခုနစ်ကျောင်း၊ ကျေးရွာ ခုနစ်ရွာသို့ကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ မြို့မဈေးသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲကို ပြီးခဲ့သည့် ဇွန် ၁၅ ရက်က ဤခန်းမ၌ပြုလုပ်ခဲ့ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၅ ဦးတက်ရောက်ခဲ့ပါကြောင်း၊ မိမိတို့ခရိုင်အနေဖြင့် ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကိုလည်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ စားသုံးသူများကို နစ်နာဆုံးရှုံးစေနိုင်သော အဓိကအကြောင်းအရာများဖြစ်တဲ့အန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းများ၊ အန္တရာယ်ရှိသော လူသုံးကုန်ပစ္စည်းများ၊ အန္တရာယ်ရှိသောဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက မိမိတို့ဌာနသို့ တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပြီး သနပ်ခါး အသင်းသားများအား ဌာန၏ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်/**
**ကျော့ကျော့ခိုင်(မုံရွာ)**

# ပြင်ဦးလွင်မြို့တွင် "ဘေးအန္တရာယ်ကင်းရှင်းသောစားသောက်ကုန်များမှကောင်းမွန်၍ အရည်အသွေးတန်ဖိုး မြင့်တင်နိုင်သောလုပ်ငန်းများဖြစ်မြောက်ရေးဆီသို့" ဟောပြောပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်း (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်းကျင်းပပြုလုပ်သည့် "ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များမှကောင်းမွန်၍ အရည်အသွေးတန်ဖိုးမြှင့်တင်နိုင်သော လုပ်ငန်းများ ဖြစ်မြောက်ရေးဆီသို့ " ဆွေးနွေးပွဲအခမ်းအနားအား ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌ ဩဂုတ် ၁၈ ရက်တွင် ကျင်းပခဲ့ပါတယ်။ အဆိုပါဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စားသုံးသူပြည်သူများ တက်ရောက်ခဲ့ ပါတယ်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးနှင့် ပြင်ဦးလွင်ခရိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးပါစီတို့က အမှာစကားများပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံတွင် အစားအသောက်၊ ကုန်ပစ္စည်းများ၌ဘေးအန္တရာယ် ကင်းရှင်းမှုနည်းပါးနေပါကြောင်း၊ တိုင်းသူပြည်သားများ အားလုံးဝိုင်းဝန်းကြိုးစားရမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကဏ္ဍကြီးငါးရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်သူလူထုအားလုံး၏ ကျန်းမာရေးအတွက်အစာအာဟာရသည် အလွန်အရေးကြီးသဖြင့် အစားအသောက်နှင့်ပတ်သက်၍ ဘေးအန္တရာယ် ကင်းရှင်းရေးကို စားသောက်ကုန် ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဓိကထားစေလိုကြောင်း၊ စားသုံးသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးနှင့် တာဝန်များကိုသိရှိရန်လိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် စားသုံးသူများ အမှန်တကယ် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူရေးရာ ဦးစီးဌာနတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များ ဖွင့်လှစ်ဆောင်ရွက်၍ တိုင်ကြားမှုများလက်ခံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စားသောက်ကုန်များဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများပူးပေါင်း၍ ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်းဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူကို အလေးထားသင့်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသော စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များကို လိုက်နာရမှာဖြစ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်းနှင့် သက်ဆိုင်သည့် Labelling အချက်များ ထည့်သွင်းဖော်ပြရမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ ကြော်ငြာရာတွင် အလွန်အကြူးကြော်ငြာခြင်းများ မပြုလုပ်သင့်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခရိုင်အလိုက် CICC များဖွင့်လှစ်ထားပြီးဖြစ်ရာ လာရောက်တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာသန့်ဇင်ထက်က " FDA အကြောင်းသိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးစိုးဦးက စားသောက်ကုန် လုံခြုံစိတ်ချရမှုနှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့ ကြောင်း သတင်းရရှိပါတယ်။

**မြင့်မာလာဝင်း(မန္တလေး)**

# မကွေးတိုင်းဒေသကြီးတွင် အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ)ဖွဲ့စည်း

တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး၊ အော်ဂဲနစ် သီးနှံစိုက်ပျိုး ထုတ်လုပ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ)ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၂၅ရက်တွင်ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ မင်းလှမြို့နယ်၊ ပေါက်မြို့နယ်၊ မြိုင်မြို့နယ်တို့မှ အမှန်တကယ်စိုက်ပျိုးသူ တောင်သူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီးတွင် အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှာ ယခုအချိန်တွင်(ယာယီ)ဖွဲ့စည်းခြင်း ဖြစ်ပါကြောင်း၊ မကြာမီ ကာလတွင် အသင်းဝင်အင်အားများပြားလာပါက ယာယီအသင်းမှ အမြဲတမ်းအသင်းတစ်သင်းဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၊ ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၊ ကြက်၊ ဝက်၊ နွား၊ ငါး မွေးမြူသူများ အစုအဖွဲ့၊ ပရဆေးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့စသည့် အထောက်အကူပြုမည့် အစုအဖွဲ့များနှင့် ညီနောင်အသင်းများ ဖွဲ့စည်းထားရှိ၍ အသင်းတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စွမ်းအားရှိသရွေ့ ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် စားသုံးသူများ ခေတ်ကြွင်းစားသောက်ကုန်များ စားသုံးခြင်းမှ ကင်းဝေးစေပြီး နိုင်ငံတော်၏ စီးပွားရေးဝင်ငွေ အထောက်အကူပြုနိုင်စေရန်၊ လယ်ယာထုတ်ကုန်လုပ်ငန်းများ တစ်စုတစ်ဝေးတည်း ပါဝင်ပြီး သဘာဝ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ခြင်းကို တောင်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့် လက်ခံပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤအသင်းကြီးမှများစွာ အထောက်အကူပြုနိုင်စေလိုကြောင်း စသည်ဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ **စန်းမြင့်ရီ (မကွေး)**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။

Vol: 17, No.33 Monday August 28 2017



# အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုမူဝါဒ ကန့်သတ်မှုကြောင့်
# လက်ကျန် ကျန်ရှိနေသည့်ပဲများ ဈေးကွက်တည်ငြိမ်ရေးအတွက်
# နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်

**MOC-IR**

> မြန်မာ့ပဲကုန်သည်များ၏ လက်ဝယ်တွင် ခန့်မှန်း ပဲစင်းငုံတန်ချိန် တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန် သုံးသိန်းခန့်ကျန်ရှိနေသည်

အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်သည့် မူဝါဒကြောင့် လက်ကျန် ကျန်ရှိနေသည့် ပဲများဈေးကွက်တည်ငြိမ်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကုန်သည်အသင်းအဖွဲ့များ ပူးပေါင်း၍ နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မကြာမီ ထွက်ရှိမည့် ပဲများအတွက် စိုက်ပျိုးထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများ မရှိစေရန် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ပြုလုပ်ရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ဩဂုတ် ၅ ရက်က ပဲစင်းငုံ တန်ချိန် နှစ်သိန်းနှင့် ဩဂုတ်လ ၂၁ ရက်က မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် သုံးသိန်း တင်သွင်းရန် အရေအတွက် ကန့်သတ်သည့် အမိန့်ကြော်ငြာစာများဖြင့် သွင်းကုန်မူဝါဒကို ပြောင်းလဲထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒပြောင်းလဲမှုအပေါ် မြန်မာနိုင်ငံမှ ပဲများတင်ပို့ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား နေပြည်တော်တွင် တွေ့ဆုံ၍လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးထံသို့ သံတမန်နည်းလမ်းအရလည်းကောင်း အကြောင်းကြားပြီး ဖြစ်ပါကြောင်း၊ မကြာမီ လာရောက်မည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အိန္ဒိယနိုင်ငံသို့ ပဲများတင်ပို့နိုင်ရေးအား ဖြေလျှော့ဆောင်ရွက်ပေးရေးအတွက် ဆွေးနွေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာ့ပဲကုန်သည်များ၏ လက်ဝယ်တွင် ခန့်မှန်း ပဲစင်းငုံတန်ချိန် တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန် သုံးသိန်းခန့်ကျန်ရှိနေသည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် လာမည့် နိုဝင်ဘာလလယ်နှင့် ဒီဇင်ဘာလတွင် ထွက်ရှိမည့် ပဲစင်းငုံများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခု အခက်အခဲဖြစ်ပေါ်နေသည့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်သည့် မူဝါဒကို ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရန် အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သော ညှိနှိုင်းဖြေရှင်းရေး အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဖွဲ့အနေဖြင့် မြန်မာနိုင်ငံမှပဲများအိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အိန္ဒိယနိုင်ငံနှင့် ပဲရောင်းဝယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို Government to Government လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မကြာမီစိုက်ပျိုးမည့် မတ်ပဲသီးနှံနေရာတွင် နိုင်ငံတကာ ဈေးကွက်ရှိသည့် အခြားပဲများ၊ သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အစားထိုး ပြောင်းလဲစိုက်ပျိုးရာတွင် မျိုး၊ နည်းပညာကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ ပဲတင်ပို့မှုကို ကန့်သတ်လိုက်သည့်အတွက် အထိုက်အလျောက် ဖြေလျှော့ပေးရန်နှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံသို့ မကြာမီ လာရောက်မည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ဆောင်ရွက်ပေးမည်ဟုသိရှိရပါကြောင်း၊ လက်ရှိဖြစ်နေသည့် ပြဿနာမှာ ဈေးကွက်တစ်ခု တည်းကို မှီခိုခဲ့သည့်အတွက် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များကို ထုတ်လုပ်သည့်အခါ ဈေးကွက်ရရှိရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရရှိရန် မိမိတို့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ UMFCCI နှင့် စိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးပညာရှင် သုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်း ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၊ မန္တလေးကထိန်တော်အသင်းကုန်စည်ဒိုင်၊ မုံရွာကုန်စည်ဒိုင်၊ ပခုက္ကူကုန်စည်ဒိုင်၊ မကွေးကုန်စည်ဒိုင်၊ မြင်းခြံကုန်စည်ဒိုင်၊ ကျောက်ပန်းတောင်းကုန်စည်ဒိုင်၊ ဟင်္သာတကုန်စည်ဒိုင်နှင့် ပြည်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့မှ ပဲစိုက်ပျိုးသူတောင်သူများအပါအဝင် စုစုပေါင်း ၉၀ ဦးခန့် တက်ရောက်ခဲ့ပြီး ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏အမြင်များ၊ သဘောထားများ ဆောင်ရွက်ပေးရန် ကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုကိစ္စနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစည်းအဝေး ဖော်ထုတ်ချက် ၁၀ ချက်ရရှိခဲ့ကြောင်း သိရသည်။

| | |
|---|---|
| ၁။ | အိန္ဒိယသမ္မတနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှထွက်ရှိသောပဲများ အိန္ဒိယသမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်အတွက် ပဲတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဖွဲ့စည်းရန်။ |
| ၂။ | အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပဲရောင်းဝယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပဲတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့်ဆွေးနွေး၍ အိန္ဒိယသမ္မတနိုင်ငံနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်။ |
| ၃။ | လက်ကျန်ပဲများအပေါ် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် စိုက်ပျိုးထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်၍ သင့်တော်သည့်နည်းလမ်းဖြင့် ကူညီထောက်ပံ့ပေးရေး ဆောင်ရွက်ရန်။ |
| ၄။ | မကြာမီထွက်ပေါ် လာမည့် ပဲစင်းငုံအတွက် တောင်သူများ ထိခိုက်နစ်နာမှု မရှိစေရေး၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ စီစဉ်ဆောင်ရွက်ရန်။ |
| ၅။ | မတ်ပဲနှင့် ပဲစင်းငုံအစား ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ဝေစုရရှိနိုင်မည့် အခြားပဲနှင့် သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ရန်။ |
| ၆။ | လက်ကျန်ပဲများအပေါ် ပြည်တွင်း စားသုံးမှုတွင် သုံးစွဲနိုင်ရေး နည်းလမ်းများရှာဖွေဆောင် ရွက်ရန်။ |
| ၇။ | ပဲမျိုးစုံအား တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ပြုလုပ်ပြီး တင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ငွေကြေးအရင်းအနှီးနှင့် နည်းပညာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးရန်။ |
| ၈။ | သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ Exporter များ၊ ပညာရှင်များအပါအဝင် ပဲမျိုးစုံကဏ္ဍနှင့် ပတ်သက်၍ Stake Holder များပါဝင်သော ဆွေးနွေးပွဲတစ်ခုကျင်းပ၍ နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်ရန်။ |
| ၉။ | ပြည်ပနိုင်ငံများ၏ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်၍ ဖြစ်ပေါ် တိုးတက်မှု အခြေအနေများနှင့် သီးနှံဈေးကွက် အခြေအနေများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် အများပြည်သူသိရှိအောင် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီသတင်းထုတ်ပြန် ဆောင်ရွက်ပေးရန်။ |
| ၁၀။ | ပဲမျိုးစုံ ဈေးကွက်သစ်များရရှိရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်များပူးပေါင်း၍ ရှာဖွေချိတ်ဆက်ဆောင်ရွက်ရန်။ |

# အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတင်သွင်းမှုတို့အား ကန့်သတ်လိုက်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပဲလောကတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများအား မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တွေ့ဆုံခြင်း




*အိန္ဒိယနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတင်သွင်းမှုတို့အား ကန့်သတ်လိုက်ပြီးနောက် မြန်မာနိုင်ငံ၏ ပဲဈေးကွက်အတွင်း ဂယက်လှိုင်းများ ထခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း တို့ကို အိန္ဒိယတစ်နိုင်ငံတည်းကိုသာ အဓိက အားထား၍ တင်သွင်းနိုင်ရန် ဇကအများအပြား စိုက်ပျိုးလျက်ရှိသည်။ ကမ္ဘာ့ပဲတင်ပို့မှု တတိယအများဆုံးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် နှစ်စဉ် ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၁၄ သိန်း နီးပါးရှိပြီး၊ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ဝင်ငွေရရှိနေပါသည်။ မြန်မာနိုင်ငံတွင် အဓိကတင်ပို့သည့် ပဲမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံတို့သည် အိန္ဒိယဈေးကွက်အပေါ်တွင် အဓိက အားထားနေရခြင်းဖြစ်ရာ ယခုကဲ့သို့ အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုအား ကန့်သတ်လိုက်သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပဲတင်ပို့သည့်ကုန်သည်များ၊ ပဲစိုက်ပျိုးထုတ်လုပ်သူတောင်သူများမှာ များစွာသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ယင်းကဲ့သို့သော ရင်ဆိုင်နေရမှုများအား ဖြေရှင်းနိုင်ရန်အတွက် ပဲမျိုးစုံကုန်သည်များ စုပေါင်း၍ အဖြေရှာလျက်ရှိကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။*

**ယခုလက်ရှိမြန်မာနိုင်ငံရဲ့ပဲလောကမှာ ကြုံတွေ့နေရတဲ့ အခြေအနေလေးကို ပြောပြပေးပါ။**

အဓိကကတော့ ဩဂုတ်လ ၅ ရက်မှာ ပဲစင်းငုံ တန်ချိန် နှစ်သိန်းပဲလက်ခံတော့မယ်။ ကျန်တာကို ဆက်လက် တင်သွင်းခွင့် မပြုတော့ဘူး။ နောက်ပြီး ဩဂုတ်လ ၂၁ ရက်မှာ မတ်ပဲနဲ့ပဲတီစိမ်းကို တန်ချိန် သုံးသိန်းပဲ ဝယ်တော့မယ်။ ကျန်တာကိုတော့ မတ်လ ၃၁ ရက် ဘတ်ဂျက်ကုန်တဲ့အထိ မဝယ်တော့ဘူးလို့ ကန့်သတ်လိုက်ပါတယ်။ အဲဒီလို ကန့်သတ်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံက တကယ်စိုက်ပျိုးပြီး တကယ်ထွက်ရှိတဲ့ ပဲတွေကလည်း မတ်ပဲရယ်၊ ပဲစင်းငုံရယ်၊ ပဲတီစိမ်း ရယ် ဒီသုံးမျိုးက အများဆုံးတင်ပို့တဲ့ပဲတွေဖြစ်နေတယ်။ အများဆုံးတင်ပို့တဲ့ပဲတွေအနက်ကမှ မတ်ပဲနဲ့ ပဲစင်းငုံက အိန္ဒိယကို ၈၅ ရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းလောက်က တင်ပို့တဲ့အခါကျတော့ ပဲလက်ဝယ်ရှိတဲ့ကုန်သည်ပွဲရုံတွေအပြင်ကို နောက်ထပ်စိုက်ပျိုးပြီးတဲ့ တောင်သူတွေမှာပါ သွားပြီးတော့ အခက်အခဲဖြစ်နေတဲ့ သဘောပါ။ လက်ရှိ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားမလဲဆိုတာ ကုန်စည်ဒိုင်မှာရှိတဲ့အသင်းဝင်တွေရော၊ လုပ်ငန်းရှင်တွေအားလုံး တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

**လက်ရှိအခြေအနေအရ ဆုံးရှုံးမှုပမာဏ ဘယ်လောက်ရှိမယ်လို့ ခန့်မှန်းထားပါသလဲ။**

ဆုံးရှုံးမှုလို့ပြောတာထက်စာရင် ပြည်တွင်းမှာ လက်ကျန် ဘယ်လောက်ရှိနေသလဲလို့ပြောရမှာပါ။ ပဲစင်းငုံဆိုရင် ပြည်တွင်းမှာ တန်ချိန် တစ်သိန်းနီးပါးလောက်ကျန်တယ်။ ထိုနည်းလည်းကောင်းပဲ မတ်ပဲဆိုရင် ပြည်တွင်းမှာ တန်ချိန်နှစ်သိန်းခွဲနဲ့ သုံးသိန်းကြားမှာ ကျန်နေပါတယ်။ အဲဒီလိုကျန်တဲ့အခါကျတော့ အရင်ဆုံးစပြီး တွေ့ကြုံရတာက ပဲစင်းငုံကို ၅ရက်နေ့မှာ စပြီးပိတ်ရာမှာ မပိတ်ခင်က ပြည်တွင်းမှာ ပဲစင်းငုံဈေးက ကျပ်ခြောက်သိန်းတစ်သောင်းလောက်ရှိတယ်။ စပြီး ပိတ်လိုက်တဲ့နောက်မှာ ကျပ်ငါးသိန်းလောက်အထိ ကျသွားတယ်။ ဒါပေမဲ့ အဝယ်လည်း တင်းတင်းရင်းရင်း မရှိဘူး။ မတ်ပဲဆိုရင်လည်း ၂၁ ရက်မှာ ကြေညာလိုက်တယ်။ ၂၂ ရက်မှာ ကျပ် ခုနစ်သိန်း၊ ကျပ်ခြောက်သိန်းလောက်အထိ ကျသွားပြီးတော့ နောက်ဆုံးအရောင်းအဝယ်မတည်ငြိမ်တဲ့အတွက်ကြောင့် အရောင်းအဝယ်ကို ခေတ္တရပ်လိုက်ရတဲ့ အခြေအနေအထိ ဖြစ်သွားခဲ့ရပါတယ်။

အိန္ဒိယဝန်ကြီးချုပ်နှစ်နိုင်ငံချစ်ကြည်ရေး အနေနဲ့ လာရောက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ မတ်ပဲနဲ့ပဲစင်းငုံကို ပြန်ပြီး ဝယ်ဖို့ နိုင်ငံတော်တာဝန်ရှိသူတွေကတစ်ဆင့် ကမ်းလှမ်းပြီး ဒီအတိုင်းပြန်ဝယ်ပေးဖို့ တင်ပြမှာဖြစ်ပါတယ်။ ဒီအတိုင်း သူတို့ ပြန်ဝယ်ပြီဆိုရင်တော့ ပုံမှန်ပြန်ဖြစ်သွားမှာပါ။ ဆုံးရှုံးမှုဆိုတာကတော့ ဒီအချိန်မှာ ပစ္စည်းတစ်ခုက ရောင်းပြီးမှ ရှုံးတယ်မြတ်တယ်ပြောလို့ရပါတယ်။ ဆုံးရှုံးမှုလို့ ပြောရတာထက်စာရင်တော့ ပိတ်လိုက်တဲ့အတွက်ကြောင့် အရောင်းအဝယ် မတည်မငြိမ်ဖြစ်သွားတာက ဒီဘက်မှာ အဓိက ဖြစ်နေတာပေါ့။

**မေး - အခုလို အိန္ဒိယဘက်ကမပိတ်ခင်က အိန္ဒိယကို ပဲမျိုးစုံ တင်ပို့တဲ့တန်ချိန်က ဘယ်လောက်ရှိပါသလဲ။**

လက်ရှိမှာ ဩဂုတ်လဆန်းအထိကို ပဲမျိုးစုံတင်ပို့မှုက တန်ချိန် ခြောက်သိန်းကျော်သွားပါပြီ။ အဲဒီထဲကမှာ အိန္ဒိယကို မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်း တန်ချိန် ငါးသိန်းကျော်လောက်သွားပြီးပါပြီ။

**လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး ပဲစိုက်ပျိုးတဲ့ တောင်သူတွေကို ဘယ်လို သတင်းအချက်အလက်တွေ ပေးသင့်တယ်လို့ ထင်ပါသလဲ။**

အိန္ဒိယနဲ့ ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်း နိုင်ငံတွေလည်း ဖြစ်တယ်။ အိန္ဒိယက ကျွန်တော်တို့နိုင်ငံက ပဲတွေဝယ်တယ်။ ကျွန်တော်တို့နိုင်ငံကလည်း အိန္ဒိယလိုအပ်ချက်ရှိတဲ့ပဲကို စိုက်ပျိုးပြီးတော့ တင်ပို့နေတဲ့နိုင်ငံဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါမှာလည်း အခုလိုမျိုး အိန္ဒိယကနေ ပိတ်လိုက်တယ်ဆိုတာမျိုး မဖြစ်ဖူးဘူး။ မဖြစ်ဘူးတဲ့အခါကျတော့ တစ်ခုသတိထားရမယ့်အခါမျိုးကြုံလာပြီပေါ့။ ဘာကို သတိထားရမလဲဆိုတော့ နှစ်စဉ်နှစ်စဉ် ကျွန်တော်တို့နိုင်ငံမှာ ရာသီဥတုဖောက်ပြန်ရင်တောင် တန်ချိန်ငါးသိန်းကျော်လောက်ထွက်တယ်။ ရာသီဥတုကောင်းမွန်တဲ့နှစ်မျိုးဆို တန်ချိန်ခြောက်သိန်းကျော်လောက် ထွက်တယ်။ ထိုနည်းလည်းကောင်းပဲ ပဲစင်းငုံဆိုရင်လည်း ပုံမှန်စိုက်ပျိုးတာ တောင်တန်ချိန်နှစ်သိန်းနဲ့ သုံးသိန်းကြားမှာ ထွက်တယ်။ ဒီတော့ အိန္ဒိယပဲဈေးကွက်ကို အရမ်းမှီခိုတဲ့ မတ်ပဲနဲ့ ပဲစင်းငုံနေရာမှာ ကျန်တဲ့ပဲတွေစိုက်ပျိုးရမှာဖြစ်ပါတယ်။ ဟိုအရင်တုန်းကလည်း အခု မတ်ပဲနဲ့ ပဲစင်းငုံစိုက်တဲ့နေရာမှာ အခြားပဲတွေလည်း စိုက်ခဲ့တာပဲ။ ဥပမာ မြေပဲလိုဟာမျိုးတွေ စိုက်ပျိုးတယ်။ ကုလားပဲလိုဟာမျိုးတွေ စိုက်ပျိုးတယ်။ နောက် ပဲကြီးလိုဟာမျိုးကို စိုက်ပျိုးတယ်။ ဘိုကိတ် စသည်ဖြင့်ပေါ့။ တကယ်တမ်း သူ့မြေသူ့ရာသီဥတုကောင်းတဲ့ဟာလေးတွေကို အစားထိုးပြီး စိုက်ပျိုးရမှာဖြစ်ပါတယ်။

*စာမျက်နှာ (၃၂)သို့ ➢*

## အိန္ဒိယနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းများ ဝယ်ယူမှုကို ကန့်သတ်ခဲ့သည့် အမိန့်ထုတ်ပြန်ချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ပဲတင်သွင်းသည့် ကုန်သည်များ တွေ့ဆုံဆွေးညှိနှိုင်း

အိန္ဒိယနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းများ ဝယ်ယူမှုကို ကန့်သတ်ခဲ့သည့် အမိန့်ထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပဲတင်သွင်းသည့် ကုန်သည်များနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၂၄ ရက်က ရန်ကုန်မြို့၊ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌ ဦးထွန်းလွင်က ယခုလက်ရှိ ဖြစ်ပေါ်နေသည့် အိန္ဒိယနိုင်ငံက မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း တင်သွင်းမှုတို့အား ကန့်သတ်ပိတ်ပင်လိုက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော် အဆင့်အကြီးအကဲများထံ တင်ပြနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ်လာရောက်သည့်အခါတွင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များက ယခုကိစ္စအား တင်ပြနိုင်ရန် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုအား ကန့်သတ်လိုက်သည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့ အကြား G to G အဆင့် စာချုပ်ချုပ်ဆို ဝယ်ယူနိုင်ရေးနှင့် ပြည်ပမှ ပဲတင်သွင်းမှုကိစ္စအား မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုကိုပြန်လည်သုံးသပ်ကြည့်လျှင် မတ်ပဲတစ်မျိုးတည်းပင် တန်ချိန် ကိုးသိန်းခွဲကျော်ရှိခဲ့ပါကြောင်း၊ ပဲစင်းငုံမှာ တန်ချိန် နှစ်သိန်းခြောက်သောင်းကျော်ရှိခဲ့ကြောင်း၊ ထို့ကြောင့် G to G အဆင့် MOU ဖြင့် လုပ်ကိုင်ရာတွင် ဈေးနှုန်းသတ်မှတ်ချက် မပါဝင်ဘဲ တန်ချိန်သတ်မှတ်၍ MOU လက်မှတ်ရေးထိုးရန်ကိစ္စအား ဆွေးနွေးပေး စေလိုကြောင်း၊ MOU လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေစဉ်မှာပင် ကန့် သတ်ကုန်စည်အဖြစ်မှ မြန်မာနိုင်ငံအတွက် ပယ်ဖျက်ပေးရန်ကိစ္စကိုလည်း နိုင်ငံတော်အဆင့် တင်ပြပေးနိုင်ရေး အတွက် နိုင်ငံတော်အကြီးအကဲများထံ တင်ပြသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အသင်းသားများက အသီးသီး ဆွေးနွေးခဲ့ကြသည်။

ပဲ/နှမ်းအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးအုန်းဆိုင်က အိန္ဒိယဝန်ကြီးချုပ်မြန်မာနိုင်ငံသို့ လာရောက်စဉ်တွင် ကန့်သတ်ထားသည့်ပဲများအား ပြန်လည်တင်သွင်း ခွင့်ရရှိရေးအတွက် တင်ပြပေးသွားနိုင်ရေးအတွက် နိုင်ငံတော်တာဝန်ရှိသူများထံတင်ပြမည်ဖြစ်ကြောင်း၊ သို့သော် ယင်းကိစ္စအား ဝန်ကြီးချုပ် မိုဒီက လက်မခံခဲ့ပါက မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်မည်ကိုလည်း စဉ်းစားကြစေလိုကြောင်း၊ အကယ်၍ အဆိုပါကန့်သတ်ချက်ကို မပယ်ဖျက်ဘဲ ဆက်လက် လုပ်ဆောင်သွားမည်ဆိုပါက မြန်မာနိုင်ငံမှ ပဲကုန်သည်များအနေဖြင့် ဆက်လက် လုပ်ဆောင် သွားရမည့်အချက်များကိုလည်း ယခုကတည်းက ဆွေးနွေးကြစေလိုကြောင်း၊ ထို့ကြောင့် အသင်းသားများအနေဖြင့် ဝိုင်းဝန်းအကြံပေးဆွေးနွေးကြစေလိုကြောင်း၊ မတ်ပဲအစား မည်သည့်သီးနှံကို အစားထိုးစိုက်မည်လဲ၊ မျိုးကောင်းမျိုးသန့်ကို မည်သည့်နေရာက ရမည်လဲ စသည့်အခြေခံအချက်များကို ထည့်သွင်းစဉ်းစားကြစေလိုကြောင်း၊ အရပ်ဒေသနှင့်ကိုက်ညီသည့် မည်သည့် ပဲအမျိုးအစားများကို စိုက်ပျိုးရန် သင့်သည်မသင့်သည်ကိုဆွေးနွေးကြစေလိုကြောင်း၊ ယခုအခါတွင် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပဲအရောင်းအဝယ်ကို ခေတ္တရပ်ထားပါကြောင်း၊ ယင်းကဲ့သို့ ရပ်ဆိုင်းထားရခြင်းမှာ ဈေးကွက်ကို ကမောက်ကမ ဖြစ်မည်ကို စိုးရိမ်၍ဖြစ်ပါကြောင်း၊ ပြောကြားခဲ့သည်။

ထို့နောက်အသင်းသားများက ဆက်လက်

*စာမျက်နှာ (၃၂)သို့ ➢*

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၃၃၂ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၈၄ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၃၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီး ပိုမိုတင်ပို့ခဲ့သော်လည်း ရိဒ်ကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို ကျဆင်းရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကို ကြည့်ပါက ရိဒ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၉ သန်း တန်ဖိုးရှိ ကွမ်းသီး ၈၅ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၃ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၉၈ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၅၇၈ သန်း တန်ဖိုးရှိ ဓါတ်ဆီ၊ နန့်ဖာလုံအမယ်စုံ၊ စီးကရက်၊ ငရုတ်ကောင်းတို့ကို တန် ၄၂၀ နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၃ သန်းတန်ဖိုးရှိ ငရုတ်ကောင်း၊ စောင်၊ မစီးဖိနပ်၊ မဝတ်တီရှပ်တို့ကို ၁၆၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ရော်ဘာဈေးအနည်းငယ်ပြန်တက်

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၄ သန်းတန်ဖိုးရှိ ရော်ဘာ ၈၇၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 5 အမျိုးအစားတန်ချိန် ၃၀၊ MSR 20 အမျိုးအစား ၃၂၂ တန်ကျော်၊ ရော်ဘာဖြတ်စတန်ချိန် ၈၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား တန်ချိန် ၁၄၀၊ RSS5 အမျိုးအစား ၂၈၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၁၀ တန်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးရှစ်တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ ၈၅၅ တန် ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၂၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာပေါက်ဈေးမှာ RSS 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၉ ဒသမ ၉၅၉ သိန်းရှိပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ၈၀၃၂ ကျပ် ဈေးတက်ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ရော်ဘာ MSR 20 အမျိုးအစားတစ်မျိုးတည်း ၆၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ တန် ၁၀၀ နဲ့ ဂျပန်နိုင်ငံသို့ ၅၉၆ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၂၄၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၄၇ တန်ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးတက်ကြောင်းနဲ့ မြန်မာ့ရော်ဘာ FOB ဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

| | | | | | |
|---|---|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀၊ | RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀၊ | RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀၊ | MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀၊ | MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀၊ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀၊ | Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

# မန္တလေးမြို့ သီရိမာလာဈေး ပန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီးအတွင်း အဓိကပန်းစိုက်ပျိုးသောပြင်ဦးလွင်မြို့နယ်တွင်မိုးပန်းစိုက်ဧက ၁၃၇၈ ဧကရှိပြီး၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးကာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ခူးဆွတ်ရောင်းချလေ့ရှိပါတယ်။ ဧပြီ၊ မေ၊ ဇွန်လများတွင် ဂန္ဓမာ၊ သစ္စာပန်း၊ မေမြို့ပန်းများ ထွက်ရှိပြီး ဇွန်လမှအောက်တိုဘာလထိ ပန်းတိမ်၊ သစ္စာပန်း၊ ဂန္ဓမာပန်းများ ထွက်ရှိပါတယ်။ ပန်းအမျိုးအစားအလိုက်စိုက်ပျိုးမှုမှာ သစ္စာပန်း(မိုး) ၅၁၀ ဧက၊ ဆောင်း ၅၁၀ ဧက၊ ဂန္ဓမာ(မိုး) ၇၂၄ ဧက၊ (ဆောင်း) ၁၁၇၇ ဧက၊ မေမြို့ပန်း(မိုး) ၁၄၄ ဧက၊ (ဆောင်း) ၁၄၄ ဧကနှင့် ပန်းတိမ်မနိုင် ပန်းတစ်မျိုးတည်းသာ ဆောင်းတွင်စိုက်ပျိုးလေ့ရှိပြီး ၉၆ ဧကစိုက်ပျိုးကြောင်း သိရှိရပါတယ်။

မန္တလေးမြို့ရဲ့အဓိကပန်းဈေးလို့ တင်စားခေါ်ဝေါ်တဲ့ သီရိမာလာဈေးကွက်အတွင်းသို့ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပြင်ဦးလွင်၊ တောင်ကြီး၊ နောင်ချို၊ မတ္တရာ၊ ပုသိမ်ကြီး(လက်ကောင်း)မြို့များမှ ဂန္ဓမာပန်း၊ သစ္စာပန်း၊ ပန်းတိမ်ပန်းများ အဝင်များနေပြီး၊ သီတင်းကျွတ်လတွင် ပြင်ဦးလွင်၊ နောင်ချိုဘက်မှ ပန်းများမဝင်တော့ဘဲ ပုသိမ်ကြီး(လက်ကောင်း)၊ အမရပူရဘက်မှ ပန်းများ ဈေးကွက်အတွင်း ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရပါတယ်။ သီရိမာလာပန်းဈေးတွင် ပန်းပွဲရုံပေါင်း ၂၅ ရုံရှိပြီး၊ ပန်းမျိုးစုံလက်လီဆိုင်ပေါင်း ၁၅၀ ဝန်းကျင်ရှိကြောင်း သိရပါတယ်။ ပန်းဈေးကွက်အတွင်းသို့ပြင်ဦးလွင်၊ နောင်ချိုနှင့် မတ္တရာနယ်များမှ ပန်းအမျိုးအစားအလိုက် ထွက်ရှိမှုပေါ်မူတည်ပြီး နေ့စဉ် Canter ကားဖြင့် ၃ စီး မှ ၅ စီးခန့် ဝင်ရောက်လျက်ရှိသကဲ့သို့ ပန်းစိုက်တောင်သူများ ကိုယ်တိုင်တစ်ပိုင်တစ်နိုင် ဆိုင်ကယ်များဖြင့်လည်း ဝင်ရောက်မှုရှိကြောင်း၊ တရုတ်ဘက်မှ ပဲဟော့၊ လီလီ၊ ကာနေးရှင်းပန်းများမှာ Canter ကားဖြင့် ၅ စီးမှ ၆ စီးခန့် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။ ပြင်ဦးလွင်ပန်းဈေးကွက်မှ ရန်ကုန်သီရိမင်္ဂလာပန်းဈေးကွက်သို့ ပန်းအစီး ၂၀ ပါ တစ်ဖာလျှင် သယ်ယူပို့ဆောင်ခ ကျပ် ၃၅၀၀ မှ ကျပ် ၆၀၀၀ ကုန်ကျကြောင်း ပန်းပွဲရုံပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရှိရပါတယ်။

လတ်တလောဈေးကွက်တွင် သစ္စာပန်းငါးပင်စည်းတစ်စင်းလျှင် အနိမ့်ဆုံး ဈေးကျပ် ၃၀၀ မှအမြင့်ဆုံး ကျပ် ၅၀၀၊ ဂန္ဓမာလက်ဆုပ်စည်း (နိမ့်) ကျပ် ၅၀၀၊ မြင့် ကျပ် ၁၅၀၀၊ ပန်းတိမ်မနိုင် ပန်းပင်စည်းတစ်စည်းလျှင် ကျပ် ၂၅၀ မှ ကျပ် ၃၀၀ ဈေးနှုန်းရှိကြောင်း၊ လီလီပန်းများမှာ အပွင့်ကြီးခြင်း၊ မွှေးခြင်း၊ ကြာရှည်ခံခြင်းတို့ကြောင့် လူကြိုက်များလာပြီး လီလီပန်းတစ်ရိုးလျှင် ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ ၁၀ရိုးတစ်စည်းလျှင် ကျပ် ၆၅၀၀ မှ ကျပ် ၇၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပန်းဆိုင်ရှင်တစ်ဦးထံမှ သိရပါတယ်။ ပြည်တွင်းပန်းဈေးကွက်သို့ တရုတ်ပြည်မှပန်းများဖြစ်သည့် ပဲဟော့၊ လီလီ၊ ကာနေးရှင်းပန်းများ ဈေးကွက်တွင်နေရာယူခြင်းကလည်း ပြည်တွင်းပန်းဈေးကွက် ကျဆင်းရခြင်းအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရှိရပါတယ်။ **တင်ဇာမျိုး (မန္တလေး)**

# မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းလျော့နည်းတင်ပို့



မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းသုံးခုမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၉ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၇၃၂၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၆၈၀၀၊ လွယ်ဂျယ်မှ ၄၄၅ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၈၂တန်ခွဲ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၇၂၂၀ တန်၊ လွယ်ဂျယ်မှ ၅၂၁ တန်နဲ့ ချင်းရွှေဟော်မှ ၄၇၁ တန်ခွဲ စုစုပေါင်း ၈၂၁၂ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၈၉၂ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၂၉၇၇၈၇ ကျပ် ရှိရာမှ ယခုတစ်ပတ်မှာ ၂၉၈၉၉၀ ကျပ်သို့ ဈေးဆက်လက် မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၃၈၈ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်က ၁၀၇ စီးလျော့နည်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၆၀၀ ဈေးဖြစ်ကြောင်း၊ ယခုတစ်ပတ်တွင် တစ်ဖက်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးပြီး ဇက်ဖြင့်ကူးရာမှာ သွားလာရေးခက်ခဲမှုရှိလို့ အရောင်းအဝယ် နည်းရခြင်းဖြစ်ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ရွှေငရုတ် ဈေးကောင်းရ

ကျောက်ဆည်ခရိုင်အနေဖြင့် ယခုနှစ် ငရုတ်ကို ၁၇၅၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရသိရှိရပါသည်။ ငရုတ်သီးကို ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးခဲ့ပြီး မေလတွင် စတင်ခူးဆွတ်ကြကြောင်း၊ ငရုတ်မျိုးအနေဖြင့် အထွက်နှုန်းကောင်းမွန်သော သာမို၊ဒီမွန်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်းသိရှိရပါသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် အပင်များကောင်းမွန်စွာ အောင်မြင်ဖြစ်ထွန်း၍ အသီးများ ဖြိုင်ဖြိုင်ရင့်မှည့်နေပြီဖြစ်ပါသည်။

ကျောက်ဆည်ခရိုင်အနေဖြင့် ငရုတ်သီးကို ၄၃၁၀ ဧကရိတ်သိမ်းနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၅၀၁ ဒသမ ၃၄ တင်း၊ အထွက်စုစုပေါင်း ၂၁၆၀၇၇၆ တင်းထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ ငရုတ်သီးဈေးမှာလည်း ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်လာခဲ့ပြီး ယခုအချိန်တွင် ငရုတ်သီး ဈေးနှုန်းအနေဖြင့် တောပွဲစားများက ရွာအထိကွင်းဆင်း၍ ဝယ်ယူရာ သာမို/ဒီမွန် ငရုတ်တစ်တင်းလျှင် ကျပ် ၁၀၀၀၀-မှ ကျပ် ၁၂၀၀၀-ဈေးဖြင့် ဝယ်ယူလျက်ရှိပါသည်။ ပွဲရုံဈေးအနေဖြင့် ယခင်နှစ်က သာမိုတစ်ပိဿာလျှင် ကျပ် ၂၇၅၀၊ ဒီမွန်တစ်ပိဿာလျှင် ကျပ် ၂၇၅၀ ဈေးနှုန်းများဖြစ်ပြီး၊ ယခုနှစ်တွင် သာမို တစ်ပိဿာလျှင် ကျပ် ၃၂၅၀၊ ဒီမွန်တစ်ပိဿာလျှင်ကျပ် ၃၂၅၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပါသည်။ ယခုနှစ် ငရုတ်သီးဈေးနှုန်းသည် ယခင်နှစ်ကထက် ပိုမိုဈေးကောင်းရလျက်ရှိကြောင်း သိရှိရပါသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# နှစ်စပါးများရိတ်သိမ်းပြီး မိုးစပါးများ ဆက်လက်စိုက်ပျိုးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အနေဖြင့် ယခုနှစ် မိုးစပါးရာသီတွင် နွေစပါး ၁၃၆၃၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ၁၃၆၃၂ ဧကအားလုံးရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၀၇ ဒသမ ၆၀ တင်း၊ အထွက်စုစုပေါင်း ၁၄၆၆၇၅၃ တင်း ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ မနောသုခစပါးမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး ကွင်းဆင်းခဲ့သည့်ကျေးရွာများမှ တောင်သူများ၏ပြောပြချက်အရ တစ်ဧကပျမ်းမျှ အထွက်နှုန်းအနေဖြင့် တင်း ၉၀ တင်းမှတင်း ၁၀၀ တင်းအထိ ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၇၀၀၀၀ ဝန်းကျင် ကုန်ကျခဲ့ပြီး၊ မနောသုခစပါးတစ်တင်းလျှင် ကျပ် ၅၅၀၀ ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိရာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ကျပ် ၂၅၀၀၀၀ ဝန်းကျင်ရရှိကြောင်း သိရှိရပါသည်။ မိုးစပါးများလည်း စိုက်ပျိုးနေပြီဖြစ်ရာ ဩဂုတ်လလယ်ပိုင်းအထိ ၅၄၅၈၂ ဧကစိုက်ပျိုး ပြီးဖြစ်ရာ ဧရာပဒေသာစပါးမျိုးများကိုသာ အဓိကစိုက်ပျိုးလျက်ရှိကြောင်း ၊ ကျန်ရှိသော မိုးစပါးစိုက် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ **နှင်းလဲ့လဲ့(ကျောက်ဆည်)**



# pyDa&;qkmp Defyt &ntcsifqbmbv

စီးပွားရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ရာ၌ ထိုလုပ်ငန်းအဆုံးတိုင် အောင်မြင်နိုင်ရန်အတွက် စနစ်တကျ စီစဉ် ဆောင်ရွက်လျက် ကောင်းစွာထိန်းချုပ် လုပ်ဆောင်နိုင်ခြင်း အတတ်ပညာကို စီမံခန့်ခွဲမှုဟုပြောလျှင် မှားမည်မထင်ပါ။ စီမံခန့်ခွဲမှုကို ဆောင်ရွက်ရာ၌ အသိပညာနှင့်ယှဉ်သော ပါရမီဟုခေါ်ကြသည့် ပင်ကိုစွမ်းရည်၊ ပင်ကိုအရည်အသွေးရှိရန်တော့ လိုပါသည်။ အကြောင်းမှာ အသိဉာဏ်ဗဟုသုတသည် လုပ်ငန်းဆောင်ရွက် အောင်မြင်ရန် စီမံခန့်ခွဲမှု လုပ်ဆောင်ရာ၌ အခြေခံစွမ်းအား ဖြစ်သောကြောင့်ဟု ဆိုရပေမည်။


### ဗဟုသုတနှင့် ဉာဏ်အရင်းအမြစ် ကြွယ်ဝခြင်း (Developing knowledge and Intellectual Capital)

ဗဟုသုတသည် ဉာဏ်နှင့်ဆက်စပ်သော အရင်းအနှီးဖြစ်သည်။ ယနေ့ နည်းပညာများ ထွန်းကားလာကာ အင်တာနက် (Internet) ဆိုသည့်အရာ ပေါ်ပေါက်လာသည့်အတွက် လိုချင်သည့် ဗဟုသုတကို နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် ရယူသိရှိလာနိုင်ကြပြီ ဖြစ်သည်။ စီးပွားရေးလုပ်ငန်း ကုမ္ပဏီများ၊ အဖွဲ့အစည်းများသည် စီးပွားရေးဆိုင်ရာတွင် ဉာဏ်အရင်းအနှီးကို မည်ကဲ့သို့ ဆက်စပ်ဖန်တီးအသုံးချမည်ဆိုသည်ကို လေ့လာသိရှိထားရန် အရေးကြီးသည်။ ဉာဏ်နှင့်ပတ်သက်သော အရင်းအနှီးဟုဆိုရာတွင် ဗဟုသုတ အကြားအမြင်များမှ ထုတ်နုတ်ဖန်တီးယူရသော အရာမျိုးဖြစ်သည်။ လွတ်လွတ်လပ်လပ် တွေးတောကြံဆ၍ ကျိုးကြောင်းဆီလျော်သော တွေးမြင်မှုတစ်ရပ် ရရှိလာလျှင် စီမံခန့်ခွဲရေးအတွက် အရင်းအနှီးတစ်ခု ရလိုက်ခြင်းဟု ပြောရပေမည်။ စုစည်းရယူသော အကြားအမြင်ဗဟုသုတကို စီမံခန့်ခွဲရာ၌ အသုံးချတတ်မှသာ တန်ဖိုးရှိသည့် အရင်းအနှီးတစ်ခု ဖြစ်ပါလိမ့်မည်။ ဆွီဒင်နိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှုကော်ပိုရေးရှင်း ဖြစ်သည့် Skandia မှ ဒါရိုက်တာဖြစ်သူ Leif Edvinsson က လူအများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ ကျွမ်းကျင်မှု၊ ထိုးထွင်းသိမြင်ခြင်းနှင့် အစွမ်းအစများ (Human Capital)၊ အဖွဲ့အစည်းဖွဲ့စည်းမှုဆိုင်ရာ ဗဟုသုတအချက်များ (Structural Capital) နှင့် ဖောက်သည်များနှင့် ဆက်ဆံရာ၌ အဆင်ပြေမှုရှိသည့် ဆက်ဆံရေးများ (Customer Capital) ဆိုသည့် ဉာဏ်အရင်းအနှီးသုံးမျိုးကို ခွဲခြားပြခဲ့ပါသည်။

အကြားအမြင်ဗဟုသုတနှင့် စပ်လျဉ်း၍ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း၌ ထိုဗဟုသုတကို ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြန်လည်ရယူ ဖြည့်တင်းရန် မလွယ်သော ဗဟုသုတ ဘယ်သူ့ဆီမှာရှိသလဲ၊ ဗဟုသုတနှင့် အသိပညာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသလား၊ အသိပညာတိုးပွားအောင် လုပ်နိုင်သလား၊ အဆက်မပြတ် လုပ်နိုင်မှာလား၊ မူပိုင်ခွင့်ကို ကာကွယ်နိုင်သလား စသည်တို့ကို စူးစမ်းဖော်ထုတ် ရပေလိမ့်မည်။ ထိရောက်သော စီးပွားရေးဆိုင်ရာ အသိပညာ ဖြန့်ချိရေးစနစ်တစ်ရပ် ထူထောင်ရန်၊ အသိပညာ မည်သို့စီးဆင်းနေသည်၊ မည်သို့ လက်တွေ့အသုံးချမည်ကို စနစ်တကျ ဆောင်ရွက်ရန် လိုပေလိမ့်မည်။

### အရည်အချင်းရှိ စီမံခန့်ခွဲမှု (Talent Management) ရှိခြင်း

စီးပွားရေး လုပ်ငန်းတွင်ဖြစ်စေ၊ အခြားစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွင်ဖြစ်စေ၊ လူမှန်နေရာမှန်ဖြစ်ပါက အောင်မြင်သောလုပ်ငန်းများ ပေါ်ထွက်နိုင်ပေမည်။ စဉ်ဆက်မပြတ် အရည်အချင်းစီမံခန့်ခွဲရေးကို လုပ်ဆောင်တတ်လျှင် လုပ်ငန်းများ မုချမသွေ အောင်မြင်မည် ဖြစ်သည်။ လူမှန်နေရာမှန် လူတော်များရပြီး နောက်တွင်လည်း တည်မြဲအောင် ဆွဲဆောင်ထားနိုင်ရန် လိုသလို ပိုမိုတော်လာအောင် ဆောင်ရွက်ပေးရန် လိုသည်။ လုပ်ငန်းသစ်နှင့် ဝန်ဆောင်မှုသစ်များ ဖန်တီးတတ်ရန်လိုသည်။ ဘဏ်လုပ်ငန်းဖြစ်စေ၊ အခြားလုပ်ငန်းဖြစ်စေ ဈေးကွက်သစ် ချဲ့ထွင်နိုင်ခြင်းနှင့် လုပ်နည်းလုပ်ဟန်ပြောင်းလဲလုပ်ဆောင် တတ်ရန်လိုပေမည်။ လုပ်ငန်းတွင် အမှုဆောင်အရာရှိချုပ်၏ ဦးဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ ထိုဦးဆောင်မှု ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကို အထူးကျွမ်းကျင်သူပါမောက္ခများ၊ ပါရဂူများက ပို့ချပေးသင့်သည်။ စီမံခန့်ခွဲရေးဆိုင်ရာ ခေါင်းဆောင်၊ မန်နေဂျာ၊ အရာရှိ အဆင့်ဆင့်သော ဝန်ထမ်းဟောင်း၊ ဝန်ထမ်းသစ်များကို အစဉ်အမြဲ သင်တန်းပို့ချနေမှုသည် လုပ်ငန်းဆိုင်ရာ သော့ချက်ဆိုသည်ကို မမေ့သင့်ပါ။



ဒေါက်တာအီးဂဲလ်

ကုမ္ပဏီအတွင်း ဝန်ထမ်းအချင်းချင်း ဆက်ဆံရေးစနစ်နှင့် စီမံခန့်ခွဲရေးအပိုင်း၊ တစ်ဦးနှင့်တစ်ဦး အမြင်သဘော ထား၊ ယုံကြည်ချက် စသည်များနှင့်စပ်လျဉ်း၍ သိထားရန်လိုသည်။ ဦးစားပေးလုပ်ငန်း အရပ်ရပ်ကို ဦးစားပေးအလိုက် အချိန်ကိုက်ဆောင်ရွက်ရန်လိုသည်။ ကုမ္ပဏီတွင်း၌ အတွေးအမြင်ကောင်းရှိနေပြီး ဖောက်သည်များနှင့် အဆင်ပြေစွာ ဆက်ဆံလုပ်ကိုင် ဆောင်ရွက်မှု အဆင်ပြေနေလျှင် ကုမ္ပဏီ၏တန်ဖိုး ရှိလာပေမည်။ ရွေးချယ်ခန့်ထား လုပ်ကိုင်နေသော ဝန်ထမ်းများသည် ယခုနှင့်နောင် အရည်အချင်းပြည့်စုံမှုကို အစဉ်ဂရုပြု လေ့ကျင့်ပျိုးထောင်ရန် လိုသည်။ ဝန်ထမ်း အဆင့်ဆင့်မှ လုပ်ငန်းတိုးတက်မှု အကြံပြုချက်နှင့် ချို့ယွင်းအားနည်းချက်များအား တင်ပြမှုတို့ကို အလေးထားမှု ရှိ/မရှိ လေ့လာရန်လိုသည်။ ဝန်ထမ်းများအား ဖူလုံပြည့်စုံလုံလောက်သော ချီးမြှင့်ငွေပေးခြင်းသည် ကုမ္ပဏီလုပ်ငန်း ဖွံ့ဖြိုးမှုအတွက် အခြေခံဆောင်ရွက်မှုတစ်ခု ဖြစ်သည်။ ထို့အပြင် ရာထူးဆက်ခံမှု၊ ဦးဆောင်စွမ်းရည် မြှင့်တင်ရေး အစီအစဉ် ရေးဆွဲကာ အစီအစဉ်တကျ ရှိနေသင့်သည်။

### 'ဆွတ်' ခွဲခြမ်းစိတ်ဖြာနည်း အသုံးပြုတတ်မှု (SWOT analysis)

မည်သည့် စီးပွားရေးလုပ်ငန်းများ၊ စီမံကိန်းများ၊ လုပ်ငန်းကြီးများတွင်မဆို မူလအခြေမှ အဆင့်ဆင့်တိုးတက် ပြီးစီး၍ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှု၏ အခြေခံသဘောတရားအဖြစ် 'ဆွတ်' ခွဲခြမ်းစိတ်ဖြာနည်း (SWOT analysis) ကို နားလည်သဘောပေါက်၍ အစဉ်အသုံးပြုတတ်ရန် လိုအပ်သည်။ SWOT ဆိုသည်မှာ မိမိတို့ လုပ်ကိုင်မည့် စီးပွားရေး၊ စီမံကိန်းပြုလုပ်မည့် သတ်မှတ်ရာ ပထဝီနယ်မြေဒေသတစ်ခုနှင့် ယင်းဒေသတွင်း၌ဖြစ်စေ၊ အခြားစီမံကိန်း ချမှတ်ရာ၌ဖြစ်စေ အားသာချက် (Strength)၊ အားနည်းချက် (Weakness)၊ အခွင့်အလမ်း (Opportunities) နှင့် ခြိမ်းခြောက်မှုများ သို့မဟုတ် သတိပြုဆောင်ရွက်စရာများ (Threats) ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ သာမန်စီမံကိန်းတစ်ခုဖြစ်စေ၊ ကြီးကျယ်သော စီမံကိန်းတစ်ခုဖြစ်စေ 'ဆွတ်' ခွဲခြမ်းစိတ်ဖြာနည်းကို အသုံးပြုပြီးမှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှု ရနိုင်ပေလိမ့်မည်။

Strength ခေါ် အားသာချက်ဟူသည် သဘာဝအရင်းအမြစ်မည်မျှပေါများကြောင်း၊ အလုပ်သမားအင်အား ရှိကြောင်း၊ မြေအသုံးချမှုအတွက် လုံလောက်မှုရှိကြောင်းစသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မည့် ဒေသပထဝီဝင် နယ်မြေအခြေခံကောင်းမှုကို ဆိုလိုသည်။ ဥပမာ - ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်နယ်မြေ၌ တွင်းထွက်သတ္တုပေါများမှု၊ ရေထွက်ပစ္စည်း အရင်းအမြစ်ပေါများခြင်း၊ ကျောက်ဖြူဒေသနှင့် ဆက်စပ်နိုင်ငံတစ်ဝန်းရှိ ကုန်းတွင်းပိုင်းဒေသမှ ကုန်ကြမ်းရရှိခြင်း၊ အလုပ်သမားစရိတ် သက်သာခြင်းနှင့် လုပ်ငန်းလုပ်ရန် လုံလောက်သောမြေရရှိခြင်း တို့ဖြစ်သည်။

Weakness ခေါ် အားနည်းချက်ဆိုရာ၌ လုပ်ငန်းခွင်သတ်မှတ်သည့်ဒေသတွင် အခြေခံအဆောက်အဦ ရှိမနေခြင်း၊ ပညာရှင်နှင့် နည်းပညာ ကျွမ်းကျင်သူရှားပါးခြင်း၊ ကျွမ်းကျင်လုပ်သား မရရှိနိုင်ခြင်း စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ - ကျောက်ဖြူအထူးစီးပွားရေးဇုန်၌ Infrastructure အားနည်းလွန်းခြင်း၊ ကျွမ်းကျင်လုပ်သား မရှိခြင်းနှင့် ရေရှည် လုပ်ငန်းအတွက် နည်းပညာမရှိခြင်း ဖြစ်သည်။

Opportunities ခေါ် အခွင့်အလမ်းဆိုင်ရာ၌ ပထဝီမြေပြင်အနေအထား အခွင့်သာမှုရှိခြင်း၊ ရှားပါးသော နေရာဒေသ ဖြစ်သည့်အပြင် စီးပွားရေးအရ မဟာဗျူဟာမြောက်ခြင်းနှင့် ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများ လာရောက် လုပ်ကိုင်မည့် အခွင့်အလမ်းရှိခြင်း စသည်တို့ကိုဆိုသည်။ ဥပမာ - ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည် ပေါ်လာသည့်အခါ မြန်မာ့ကုန်းတွင်းပိုင်း ဒေသများအပါအဝင် အရှေ့အိန္ဒိယနှင့် တရုတ်ပြည်အနောက်တောင်ပိုင်း ကုန်းတွင်းပိုင်းဒေသများမှ ထုတ်ကုန်များကို ကမ္ဘာအနှံ့တင်ပို့ရန် ဂိတ်ပေါက် (Gate Way) ဖြစ်ခြင်းပင် ဖြစ်သည်။

Threats ခေါ် ခြိမ်းခြောက်မှုများ သို့မဟုတ် သတိပြုဆောင်ရွက်စရာများသည် စီးပွားရေးလုပ်ငန်းချရာ ဒေသဝန်းကျင်ရှိ သဘာဝပထဝီ အနေအထားအရ စိုးရိမ်စရာ၊ သတိထားစရာ၊ လုပ်ငန်းခွင်အန္တရာယ်ပြုနိုင်သည့် နေရာ ပါဝင်နေခြင်း၊ အခက်အခဲကျော်ဖြတ်စရာရှိနေခြင်းကို သတိပြုဖို့လိုသည်။ ဥပမာ - ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်သော ရမ်းဗြဲကျွန်း၌ ရွှံ့မီးတောင် (Mud Vent) ရှိနေရာမှ ဝေးကွာရာ၊ အန္တရာယ်ကင်းရာ ဒေသ၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရမည်ဖြစ်သကဲ့သို့ စက်မှုမြို့တော်တည်ဆောက်ရန်အတွက် Green-Land Area များကို Infrastructure အဖြစ် နည်းပညာအပါအဝင် လူ၊ ခနေ၊ ငွေကြေး စိုက်ထုတ်ကြိုးပမ်းရမည့် အခြေအနေပင် ဖြစ်သည်။

### ခေါင်းဆောင်မှုအရည်အချင်း (Leadership quality) ပြည့်စုံခြင်း

ခေါင်းဆောင်မှုဆိုရာ၌ မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်း (Decisiveness)၊ ရိုးသားခြင်း (Integrity)၊ စိတ်ထက်သန်မှုနှင့် ယုံကြည်ချက် ခိုင်မာမှုရှိခြင်း (Enthusiasm and Commitment)၊ တရားမျှတမှုရှိခြင်း (Fairness)၊ ပြည်သူကို ဦးစားပေးခြင်း (Interest in people)၊ ပြည်သူ့ဆက်ဆံရေးကျွမ်းကျင်ခြင်း (Communication skills)၊ ယုံကြည်အားထားရခြင်း (Reliability)၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း (Confidence)၊ ပွင့်လင်းခြင်း (Open-mindedness) နှင့် ရှေ့အလားအလာကို မှန်ကုန်စွာ မှန်းဆတတ်ခြင်း (Forward-looking) ဟူသည့် အချက်(၁၀)ချက်ဖြင့် အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များ၊ အဖွဲ့များ၏ လုပ်ငန်းဦးဆောင်မှုသည် မှန်ကန်သောစီမံခန့်ခွဲမှု အရည်အချင်းရှိ၍ လုပ်ငန်းစဉ်ပြီးမြောက် အောင်မြင်နိုင်ပေသည်။ ပို၍ပြောရပါလျှင် နိုင်ငံတော်၏ ခေါင်းဆောင်မှုတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စသည့် လုပ်ငန်းစဉ်အလိုက် မှန်ကန်ပြတ်သားသော ဆုံးဖြတ်တတ်မှုရှိသော ခေါင်းဆောင်မှု (Decisive Leadership)ရှိဖို့ အထူးအရေးကြီးပေသည်။

မည်သည့် ကျွမ်းကျင်မှုလိုအပ်နေသလဲ၊ လုပ်ငန်းအဆင့်တိုင်းမှာ မည်သည့်အလုပ်ကို လုပ်ရန် သင့်တော်သလဲ၊ ဤအဆင့်များမှာ ခေါင်းဆောင်မည့်သူများ (သို့မဟုတ်) ခေါင်းဆောင်နေသူများ အမှန်တကယ် ဘာများလုပ်နိုင်ပြီလဲ၊ ထိုခေါင်းဆောင်မှုအတွက် ဘာများပြင်ဆင်ပေးရမလဲ၊ နောင်အခါ လိုအပ်မည့် ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင် လိုအပ်ချက်များကဘာလဲ ဆိုသည်များကို တစ်ခုလုံးကို ခေါင်းဆောင်သူက စီစဉ်ဦးဆောင် ဆုံးဖြတ်ရန် လွန်စွာအရေးကြီးသည်။

The Leadership pipeline ဆိုသည့် ခေါင်းဆောင်မှု အဆင့်ဆင့်ရှိရာ၌ မိမိကိုယ်ကိုမိမိ ခေါင်းဆောင်ခြင်း၊ လူအများကို ခေါင်းဆောင်ခြင်း၊ မန်နေဂျာအဆင့်မှ ခေါင်းဆောင်ခြင်း၊ လုပ်ငန်းစိတ်ခေါင်းဆောင်အဖြစ် ခေါင်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးကို ခေါင်းဆောင်ခြင်း၊ ဧရာမလုပ်ငန်းပေါင်းစုကြီးကို ခေါင်းဆောင်ခြင်းနှင့် နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဦးစီးဆောင်ရွက်ခြင်းဟူသည့် ခေါင်းဆောင်မှုအဆင့် (၇)ဆင့်ရှိသည်ကို သတိပြုနိုင်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းသည် ခေါင်းဆောင်မှုလုပ်ငန်း အဆင့်ဆင့်ကို ဆက်လက် လျှောက်လှမ်းကြရာတွင် တစ်ဆင့်နှင့် တစ်ဆင့် မတူညီသည့် စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားတတ်ရန် လေ့လာကြိုးစားနေသင့်သည်။ ဤအဆင့်ဆင့်ကို ကျော်ဖြတ်ရာ၌ တရားဥပဒေရေးရာ၊ ဘဏ္ဍာရေးရာနှင့် Marketing ခေါ် ဈေးကွက်ရရှိရေးကိုလည်း ဆောင်ရွက်တတ်ရန်လိုသည်။ ဈေးကွက်တည်မည့်နေရာ၊ ဈေးနှုန်းသတ်မှတ်ချက်ကအစ အသေးစိတ် နားလည်တတ်ကျွမ်း လက်တွေ့ ဖော်ဆောင်ဖို့ လိုသည်။ *စာမျက်နှာ (၃၁)သို့ ➢*

# သာပေါင်းမြို့နယ်အောင်တပ်ကျေးရွာတွင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာတွင် ဧရာပုသိမ်ကုမ္ပဏီမှ ဦးဆောင်၍ တောင်သူများ မျိုးသန့်ထုတ်လုပ်ရေးနှင့် ကုမ္ပဏီများ၊ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ သာပေါင်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်စားသုံးသူရေးရာ ခရိုင်ဦးစီးမှူး၊ မြို့ နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ ဧရာပုသိမ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် အဖွဲ့များ၊ ကုမ္ပဏီများ၊ တောင်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် သာပေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဧရာဝတီတိုင်းတွင် သာပေါင်းမြို့နယ်သည် ရေကြီးနစ်မြုပ်သော ဒေသဖြစ်သဖြင့် တောင်သူများမှာ စိုက်ရေးပျိုးရေး အခက်အခဲရှိပါကြောင်း၊ ယခုလိုကုမ္ပဏီ၊ ဌာနများမှမျိုး၊ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်များကို ဖြည့်ဆည်းပေးနိုင်ပါက မိမိတို့ဒေသရှိတောင်သူများအတွက် အထူးပင်ကြိုဆိုပါကြောင်းနှင့် မိမိတို့မှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက အောင်တပ်ကျေးရွာတွင် ရေမြေသဘာဝနှင့် ကိုက်ညီသော မျိုး၊ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်၊ စက်ပစ္စည်းများအား ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ တောင်သူများကလည်း ပူးပေါင်းပါဝင်ကြပါရန်ပြောကြားခဲ့ပါသည်။

ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးကလည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်ရှာဖွေလျက်ရှိကြောင်း၊ စံပြလယ်ယာကွက်များ ဖော်ထုတ်လုပ်ဆောင်ရန်၊ ကုမ္ပဏီများနှင့် ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရန်၊ မျိုးသန့်ဇုန်၊ နိုင်ငံခြားအလားအလာရှိသည့် စပါးဇုန်များတည်ထောင်၍ Mass Production ထုတ်လုပ်နိုင်ရန် ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားပါက တောင်သူများ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ပြီး ရေရှည်တွင် မိမိတို့ဒေသတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ဧရာပုသိမ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ဧရာဝတီတိုင်းဒေသကြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို စောင့်ဆိုင်း၍မရပါကြောင်း၊ မိမိအနေဖြင့် လယ်ယာကဏ္ဍကို အထူးစိတ်ဝင်စားပါကြောင်း၊ ထို့အပြင် မိမိသည် ဧရာဝတီတိုင်းဒေသကြီး ကုန်သည် စက်မှုလုပ်ငန်းရှင်ဥက္ကဋ္ဌဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို မိမိတို့ကုမ္ပဏီသာမက အခြားသူများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ယခု အောင်တပ်ကျေးရွာကို အောင်မြင်အောင်ဆောင်ရွက် ပေးလိုပါကြောင်း၊ အဆိုပါအောင်မြင်မှုကို သာပေါင်းမြို့နယ်ရှိ အခြားကျေးရွာများမှ အတုယူ၍ သာပေါင်းတစ်မြို့နယ်လုံး အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် တောင်သူများအစုအဖွဲ့များ ဖွဲ့စည်းရန်၊ အစုအဖွဲ့များအား ကန်ထရိုက်လယ်ယာစနစ်ဖြင့် လိုအပ်သည်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး သီးနှံများပေါ်ချိန်တွင်လည်း ဈေးနှုန်း အာမခံစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကာပိုလျှံသည့် စပါးများ အပ်နှံထားပါကလည်း လိုအပ်သည့် ငွေများ အားထုတ်ယူသုံးစွဲနိုင်ပါကြောင်း၊ ဈေးအမြင့်ဆုံး အချိန်တွင် ရောင်းချနိုင်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ တောင်သူများကလည်း မိမိတို့အနေဖြင့် အစုအဖွဲ့များဖွဲ့၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အောင်မြင်ပါက အခြားတောင်သူများမှလည်း အလိုအလျောက်ပါဝင်လာမည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**



# စလစ်ဈေးတန်းဆက်လက်မြင့်နေပြီး ရန်ကုန်လိုင်စင်ကားလေးများသာ အရောင်းအဝယ်ဖြစ်နေ

ရန်ကုန်မြို့ကားဈေးကွက်အတွင်း ဩဂုတ်လကုန်ပိုင်းအခြေအနေမှာ ယာဉ်အိုဟောင်းအပ်နှံစလစ်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး စလစ်ကပ်ကားများ အသွင်းနည်းကာ နံပါတ်ထွက်ရှိပြီး၊ သုံးစွဲပြီးကားလေးများသာ အရောင်းအဝယ်လုပ်ရာတွင် ထိပ်ဆုံးမှရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့်လများကတည်းက ဆက်တိုက်ဆိုသလို ဈေးတန်း မြင့်တက်လာသည့် စလစ်ဈေးတန်းသည် သိန်း ၁၂၀ ကျော်ဖြင့် နှစ် ၂၀ စလစ်မှာ ထိပ်ဆုံးမှရှိနေပြီး ဈေးကွက်ထဲတွင် စလစ်ကပ်ကားများ အသွင်းနည်း၊ အဝင်နည်းနေသော်လည်း စလစ်ရှားပါးမှုကြောင့် ဈေးကျဆင်းရန်မရှိဘဲ အတက်ဖက်သို့သာ ဦးတည်ရခြင်းဖြစ်ကြောင်း သိရသည်။ စလစ်ဈေးကွက်ထဲတွင် နှစ် ၂၀ အိုဟောင်းယာဉ်အပ်နှံစလစ်မှာ ရှေ့ဆုံးမှရှိနေပြီး ဘတ်(စ်) ကားအပ်နှံစလစ်များမှာ ၉၅ ခုနှစ်ထုတ်ကားများ စီးရေသုံးထောင်ခန့်အပ်နှံနေပြီဖြစ်သော်လည်း ဈေးကွက်ထဲသို့ ဝင်ရောက်လာမှုနည်းနေခြင်းကြောင့်ဈေးမြင့်တက်နေရခြင်းလည်း အကြောင်းအချက်တစ်ရပ်ဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

လတ်တလောဈေးကွက်တွင် ရန်ကုန်လိုင်စင်ကားငယ်လေးများသာ အရောင်းအဝယ်ရှိပြီး ဝယ်ရောင်းများမှ ၁၀ သိန်းအမြတ်၊ ၁၅ သိန်းအမြတ်စသည်ဖြင့် လက်လွှဲရောင်းချရန်အတွက် ကောက်ယူခြင်း၊ ပြန်လွှဲခြင်းများရှိနေပြီး နယ်မြို့များရောက်ရှိနေသည့် ရန်ကုန်လိုင်စင်ကားများကိုလည်း ပြန်လည်ဝယ်ယူလာပြီး အချင်းချင်းအသိပေးလက်လွှဲရောင်းချခြင်းများလည်းရှိကြောင်း၊ လက်ရှိဈေးကွက်အတွင်း ကားလေးများသာ ဝယ်လက်ရှိနေပြီး နယ်လိုင်စင်နောက်ဆုံးအက္ခရာများထဲမှ ဟွန်ဒါဖစ်ရှပ်တဲလ်၊ ဟွန်ဒါဖစ်၊ နီဆန်းနုတ်၊ မာဇဒါဒီမီယို ရက်တစ်စသည့် ကားလေးများလည်း အဝယ်ရှိကာ သိန်း ၂၀၀ အောက်ဈေးတန်းဖြင့် အဝယ်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တွင်း ယာဉ်ရောင်းဝယ်ရေးစခန်းများအနက်မှ သီရိမင်္ဂလာဈေးဟောင်း ရောင်းဝယ်ရေးစခန်းမှာလည်း အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ခံရကြောင်း ကြားသိရသဖြင့် အဆိုပါကိစ္စသေချာပြီဆိုပါက မြို့တွင်းရောင်းဝယ်မှုလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နိုင်ပြီး ကျောက်မြောင်း၊ ကန်တော်ကလေးနှင့် အခြားနေရာစုံတွင် အရောင်းအဝယ်လုပ်ငန်းများ ပြန့်ကျဲသွားနိုင်ပြီး အဆင်မပြေမှုဖြစ်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများကပြောသည်။

**SN**

# ပုသိမ်မြို့ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့မှ ဆရာ၊ ဆရာမများအား အသိပညာပေးသင်တန်းကျင်းပ

ပုသိမ်မြို့၊ စားသုံးသူ ရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ(၁)တွင် ဩဂုတ် ၂၀ ရက်က မြို့ပေါ်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့မှ ဆရာ၊ ဆရာမ ၅၅ ဦးအား အသိပညာပေးသင်တန်း ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်က အဖွင့်အမှာစကားပြောကြား၍ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူရေးရာ ဦးစီးဌာနအကြောင်း ဆွေးနွေးပြောကြားပါ သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းထားရှိမှု ဆောင်ရွက်နေမှုများ၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးသင်ကြားပို့ချပေးခဲ့ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများအား စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်/ဆပ်ဆီ(၂၀၁၀) | H | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အာလ်ဖတ် (၂၀၀၆) | ယာယီ | ၆၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၉၀ သိန်း | 2 .4 ဓာတ်ဆီ |
| ၄။ | ဗွရှ် (၂၀၀၇) | ယာယီ | ၂၈၀ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | ပရိုဘောက် (၂၀၁၁) | N | ၁၅၅ သိန်း | နယ်လိုင်စင် |
| ၆။ | ဂျူကီ (နစ်ဆန်း/၂၀၁၂) | I | ၃၂၀ သိန်း | 1.5 ၊ ရန်ကုန် |
| ၇။ | အာဗီအာ(မစ်ဆူဘီရှိ/၂၀၁၂) | စတိ | ၃၄၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ကလူဂျာ (၂၀၀၆) | စတိ | ၄၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | ပါရာဒို (93) | F | ၂၇၀ သိန်း | 3.0 ဓာတ်ဆီ |

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၁၀)ကိုစက်တင်ဘာလ ၂ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီး ဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင်ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ်(၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန် တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက်(တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉ :၃၀ နာရီမှ ၁၂ : ၃၀ နာရီထိ) ဖြင့် (၃ )လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၃၇၁၂၂၀၊ ၃၇၁၂၀၄၊ ၃၇၈၇၉၈၊ ၃၇၃၄၇၀၊ ၂၅၀၈၇၁ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

**TTI**

# ဂန့်ဂေါခရိုင်၊ ကျောမြို့တွင် တောင်သူများအား ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အမယ်သစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် အသိပညာပေးဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင် (တွဲဖက်) ခရိုင်ဦးစီးမှူး ဦးသန်းဦး၊ ဂန့်ဂေါမြို့နယ်တာဝန်ခံ ဒေါ်စိုးယုဆွေ၊ ထီးလင်းမြို့နယ် တာဝန်ခံ ဒေါ်အိသဲအောင်တို့ ပါဝင်သော အဖွဲ့ဝင် သုံးဦးသည် ဩဂုတ်လ ၂၀ ရက်က ဂန့်ဂေါခရိုင်၊ ကျောမြို့၊ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူများအား ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အမယ်သစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် အသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

ပထမဦးစွာ ခရိုင်ဦးစီးမှူးက ဆွေးနွေးရာတွင် ဝဥခြောက်၊ တောင်ထန်းမြစ်၊ မာလာဥခြောက်များအား နိုင်ငံခြားမှ ဝယ်လက်ရှိကြောင်း၊ နနွင်းဥကိုလည်း ပြည်ပသို့ တင်ပို့နေကြောင်း၊ ပြည်တွင်း စီးပွားရေးတိုးတက်စေရန် ပို့ကုန်ဈေးကွက်ရှိသည့် သီးနှံများစိုက်ရန်လိုအပ်ကြောင်း၊ မိရိုးဖလာ စိုက်နည်းဖြစ်သည့် ကိုယ်မျိုးစေ့ကိုယ်ခံပြီး စိုက်ခြင်းသည် တစ်နှစ် နှစ်နှစ်ပို၍ မဖြစ်ထွန်းတော့ကြောင်း၊ ဒါကြောင့် စိုက်ပျိုးနည်းစနစ် မှန်ရန်လိုအပ်ကြောင်း ပြည်ပမှာဆိုရင် မျိုးရောင်းသူက သီးသန့်၊ စားသောက်ရန် စိုက်ပျိုးသူက သီးသန့်ဖြစ်ကြောင်း၊ လျှော်ဖြူဆိုရင်လည်း ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ တရုတ်တို့မှ ဝယ်ယူနေကြောင်း၊ ကားမှန်နှင့် ဆိုင်ကယ်ဒူးကာထုတ်လုပ်ရန် အဓိက ကုန်ကြမ်းဖြစ်ကြောင်း၊ ဤဒေသမှာ အလေ့ကျပေါက်သည့် လျှော်ဖြူပင်များစွာ ရှိနေသည်ဟုသိရ၍ ပိုင်ရှင်များက တစ်ဦးချင်း မဟုတ်ဘဲ စုပေါင်းထုတ်လုပ်ပါက ဈေးကောင်းရနိုင်ကြောင်းနှင့် လျှော်ဖြူ အသင်းအဖွဲ့ဖွဲ့စေချင်ကြောင်း၊ လျှော်ဖြူစိုက်ဧက ၄၀၀၀ ရှိလျှင် ပြည်ပမှ ဂျပန်ကုမ္ပဏီက စက်ရုံလာတည်မည်ဟု သတင်းရရှိကြောင်း၊ ကြယ်ပဲသည်လည်း ပို့ကုန်ဈေးကွက်ဝင်သည့် သီးနှံတစ်မျိုးဖြစ်တာကြောင့် စိုက်ပျိုးကြစေလိုကြောင်း၊ ပိုးသတ်ဆေးများ သုံးစွဲရာတွင်လည်း အညွှန်းအတိုင်း စနစ်တကျ သုံးစွဲစေလိုကြောင်း ဆွေးနွေး ခဲ့သည်။

တောင်သူများက ပြန်လည် ဆွေးနွေးရာတွင် ခွေးလျှာသီး အနက်စေ့ကို ပြည်ပတင်ပို့ပါက အနည်းဆုံးတန်ချိန် မည်မျှ တင်ပို့ရမည်ကို သိရှိလို ကြောင်း၊ ရွှေဘိုပေါ်ဆန်းကို တစ်ဧက ဘယ်လောက်ထွက်လဲ သိချင်ကြောင်း၊ လျှော်ဖြူအစေး ထုတ်နည်းများကို သိချင်ကြောင်း၊ စာသင်ကျောင်းတွင် စားသုံးရန် မသင့်သည့် မုန့်များကို တစ်ခါတည်း ပိတ်သိမ်းစေချင်ကြောင်း မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲသို့ တောင်သူ ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှိုင်ဥမ္မာဦး( ပခုက္ကူ )**

# မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ 'မွန်ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများစီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်သည့်အဖွဲ့ (Project Implementation Unit- PIU)' လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၄ ရက်တွင် မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟောက်ကျင်မုန်က အဖွင့်အမှာစကား ပြောကြားရာတွင် PIU သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်သည့် အဖွဲ့ဖြစ်ကြောင်း၊ PIU အနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇၃ ရွာကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ PIU အဖွဲ့၏ စီမံကိန်းအောင်မြင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းအကြံပြု ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ADB မှ Consultation, ဦးအောင်ကျော်ဖြိုးက Project Plan နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက မွန်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းရှင်အသင်းအဖွဲ့ပေါင်း ၁၈ သင်းကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ PIU အနေဖြင့် မွန်ပြည်နယ်အတွင်းမှ တစ်ပိုင်တစ်နိုင်အိမ်တွင်း ထုတ်ကုန်များ၊ လက်မှုပညာပစ္စည်းများ၊ ရိုးရာရက်ကန်းများကို ဈေးကွက်ထိုးဖောက်နိုင်ရန် ကူညီပေးခြင်းမှာ အလွန်ပင် ကောင်းမွန်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ADB မှ Procurement ဖြစ်သူ Mr. William J Wiuism က ယခုစီမံကိန်းကို လာမည့်နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့တိုင်ပင်ဆွေးနွေးမှုသည် အလွန်ပင် အကျိုးကျေးဇူးရှိပါကြောင်း ပြောကြားခဲ့ပါသည်။ အစည်းအဝေးသို့ PIU အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် ၃၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၈-၈-၂၀၁၇ မှ ၃-၉-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**

**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်ကျော်စောမှုရှိနေမည်။ ပြည်ပနှင့်ဆက်သွယ်သော လုပ်ငန်းများအထူးအကျိုးရှိနေတတ်ပါသည်။ သတ္တုပစ္စည်းများ၊ ရွှေလုပ်ငန်းများအထူးအကျိုးပေးအားကောင်းနေတတ်ပါသည်။ ဝင်ငွေများရရှိပြီး ဂုဏ်သတင်းမြင့်မားမည်။ ကျန်းမာရေးတွင် အပူကြီးသော ဝေဒနာခံစားရမှုရှိနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်းမှု ရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်ရွှေသင်္ကန်းကပ်လှူပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရေထွက်ပစ္စည်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ စာပေ၊ ကဗျာ၊ ပုံနှိပ်ခြင်းလုပ်ငန်း အကျိုးပေး ကောင်းလာတတ်ပါသည်။ လုပ်ငန်းသေးမှ လုပ်ငန်းကြီးဖြစ်လာနိုင်ပါသည်။ ကျန်းမာရေးဂရုစိုက်သင့်သော ကာလဖြစ်သည်။ လေရောဂါ၊ သွေးတိုးရောဂါဝေဒနာတို့ခံစားရတတ်သည်။ အချစ်ရေးတွင် ချစ်သူ၏ယုယပြုစုခြင်းကိုခံရတတ်သည်။ အိုးကောင်း၊ အိမ်ကောင်း ရရှိမည်။

**ယတြာ။ ။လမ်းခင်းကျောက်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားကောင်းနေတတ်သည်။ စက်မှုလက်မှု လုပ်ငန်းများဖြစ်ထွန်းမည်။ မီးလျှပ်စစ်နှင့်ပတ်သက်သော စီးပွားရေးကံကောင်းနေမည်။ ဆက်သွယ်ရေးလုပ်ငန်း ပိုမိုဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အရိုးအဆစ်နာကျင်ကိုက်ခဲသော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းမကျမှုတော့ရှိနေမည်။

**ယတြာ။ ။ဇီးဖျော်ရည်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဆေးရေးပန်းချီလုပ်ငန်း၊ ကျောက်စီပန်းချီလုပ်ငန်း၊ တေးသံသွင်းလုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ အကျိုးတူကိုယ်ပိုင်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အစာအိမ်ရောဂါ၊ အစာအဆိပ်သင့်ခြင်းဖြစ်တတ်သည်။ အချစ်ရေးတွင် မျှော်လင့်ချက်ကင်းကွာနေတတ်သည်။ အိမ်ထောင်ရေးကံ သင့်တင့်နေမည်။

**ယတြာ။ ။ဘုရားတွင် ဆီမီးကိုးတိုင်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ နိုင်ငံရပ်ခြားပြည်ပပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေအားကောင်းလာတတ်ပါသည်။ ဝန်ထမ်းများစွာဖြင့် လုပ်ကိုင်ရသော လုပ်ငန်းမှထင်ပေါ်အောင်မြင်မှုရရှိမည်။ ကျန်းမာရေးတွင် ကျိုးပေါင်းတက်သောဝေဒနာနှင့် အသည်းအဆီဖုံးရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မည်။

**ယတြာ။ ။ဘုရား၊ ကျောင်း၊ ဇရပ်ရောက်သည့်အခါ တံမြက်စည်းလှည်းခြင်းဖြင့် သန့်ရှင်းရေးဒါနပြုပြီး လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းခွင်တွင် ဟောပြောပွဲများ၊ စည်းကမ်းထိန်းသိမ်းရေးများ အထူးအောင်မြင်နေမည်။ အနုပညာပိုင်းဆိုင်ရာ တီထွင်မှု၊ စီးပွားရေးမှ ဝင်ငွေများစွာရရှိလိမ့်မည်။ အထည်ချုပ်လုပ်ငန်း၊ ပညာသင်ကြားခြင်းလုပ်ငန်း၊ အလှပြုပြင်ရေးဆိုင်လုပ်ငန်းတို့မှ အောင်မြင်မှု ရှိနေလိမ့်မည်။ ကျန်းမာရေးဆိုင်ရာ ဆေးကုသခြင်းလုပ်ငန်းများမှ လာဘ်လာဘများစွာရရှိမည်။ ယခုကာလတွင် ကံကောင်းနေမည်ဖြစ်ပါ သည်။

**ယတြာ။ ။မိမိအိမ်မှ ဘုရားတွင် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများလှူဒါန်းပြီး လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် တပည့်လက်အောက်ငယ်သားများစွာဖြင့် လုပ်ကိုင်ရသော ဝပ်ရှော့လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ ကားဘော်ဒီပြုပြင်ရေးလုပ်ငန်းတို့မှ ဝင်ငွေမစဲတသဲသဲရရှိလိမ့်မည်။ ပင်ပန်းမှုနှင့်ယှဉ်၍ လုပ်ရသောလုပ်ငန်းမှ အောင်မြင်ဖြစ်ထွန်းပါလိမ့်မည်။ ကျန်းမာရေးဂရုစိုက်ပါ။ နာတာရှည်ရောဂါရရှိတတ်ပါသည်။ အခက်အခဲဟူသမျှ ကျော်လွှားနိုင်ပြီး အောင်မြင်မှုရရှိမည့် ကာလဖြစ်သည်။

**ယတြာ။ ။သတ္တဝါအားလုံးဆန်လှူပါ။**

## မုံရွာမြို့တွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲဖွင့်လှစ်

မုံရွာမြို့၊ နန္ဒဝန်ရပ်တွင် မုံရွာမြို့နယ် စုပေါင်းရုံးနှင့် တိုင်းအဆင့်ဆိုင်ရာရုံးများ တည်ရှိပါသည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ထားသည့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများတွင် ဝန်ထမ်းများနေထိုင်လျက်ရှိသကဲ့သို့ နန္ဒဝန်အိမ်ရာစီမံကိန်းအဖြစ် လူနေတိုက်ခန်းများလည်း တည်ဆောက်လျက်ရှိရာ ပြီးစီးသည့် တိုက်ခန်းများကို ရောင်းချနေပြီဖြစ်ပါသည်။ ရောင်းချသော တိုက်ခန်းများအား ဝယ်ယူလိုသူများအတွက် နှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် CHD Bank(မုံရွာဘဏ်ခွဲ) ကို အဆိုပါ နန္ဒဝန်အိမ်ရာတွင် စတင်ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။

ဘဏ်တွင် အိမ်ရာစုဆောင်းငွေစာရင်းဖွင့်လှစ်၍ ငွေစုထားပါက အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပြည့်မီအောင် စုဆောင်းထားသူများ (သို့မဟုတ်) တိုက်ခန်း တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကိုလက်ငင်းပေးချေမည့်သူများသည် တိုက်ခန်းဝယ်ယူခွင့် လျှောက်ထားပြီး သက်ဆိုင်ရာ အထောက်အထားများ တင်ပြ၍ ဘဏ်နှင့် ချေးငွေ စာချုပ်ချုပ်ဆိုပြီးပါက အခန်းတွင် တက်ရောက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရပါသည်။ အိမ်ရာချေးငွေကာလမှာ ရှစ်နှစ်နှင့် ၁၀ နှစ် နှစ်မျိုးရှိပါသည်။ အတိုးနှုန်း တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်းနှင့် ဘဏ်ဝန်ဆောင်ခမှာ တိုက်ခန်းတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းဖြစ်သည့် ချေးငွေအပေါ် တစ်ရာခိုင်နှုန်းဖြစ်ကာ လစဉ်ပေးဆပ်ငွေသည် မိသားစုလစဉ်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းဘောင်အတွင်းရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီလင်းထွန်း(မုံရွာ)**

## ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human -Resource) သင်တန်းကို ဇူလိုင် လနောက်ဆုံးပတ်မှ စတင်၍ စက်တင်ဘာလဒုတိယပတ်အထိ တစ်ပတ်လျှင် တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၁ နာရီမှ ညနေ ၃ နာရီခွဲအထိ ARCCI အသင်း အထွေထွေ အတွင်းရေးမှူး AIBI Institute မှ သင်တန်းဆရာ ဦးမောင်မောင်ဦးက အခမဲ့ ဖွင့် လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် စီးပွားရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်နေသူ ပုသိမ်မြို့နှင့် မြောင်းမြမြို့ပေါ်ရှိဘဏ်မန်နေဂျာများ၊ ပြည်ပနိုင်ငံသားများနှင့် အများဆုံး ထိတွေ့ဆက်ဆံနေရသော ငွေဆောင်ဟိုတယ်ဇုန်မှ မန်နေဂျာ၊ မန်နေဂျာတာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်သူနှင့်စီမံခန့်ခွဲရေးဝန်ထမ်းများ စုစုပေါင်း ၄၀ ဦးခန့်တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုစီမံခန့်ခွဲမှု လုပ်သားများ၏ အလုပ်အကိုင် အကောင်အထည်ဖော်နိုင်စွမ်း မျှော်မှန်းချက်များ၊ အလုပ်ခွင်ဥပဒေဆောင်ရန်၊ ရှောင်ရန်များ၊ HR မန်နေဂျာ၏ အခန်းကဏ္ဍ၊ အလုပ်ခွင်ပေါ်တွင် သက်ရောက်နိုင်သော ပြင်ပရေးရာကိစ္စများ၊ HR အကြံပေးများထားရှိခြင်း၊ အကဲဖြတ်ခြင်း၊ အလုပ်ရာထူးသတ်မှတ်ခြင်း၊ လစာသတ်မှတ်ပြင်ဆင်ခြင်း၊ အင်တာဗျူးရွေးချယ်မှုဆိုင်ရာ နည်းစနစ်များ၊ အလုပ်ကာလနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ တော်ချင်တတ်ချင်အောင်ပြုစုပေးခြင်း၊ ကျွမ်းကျင်သည့်အဆင့် အလုပ်ရာထူးခန့်ထားနိုင်မှု၊ လူမှန်နေရာမှန်ရွေးချယ်ခန့်ထားနိုင်မှု၊ စီးပွားရေးကျင့်ဝတ်များ၊ လုပ်သားများကြား အလုပ်ခွင်ဆက်ဆံရေး အပြောင်းအလဲကို စီမံခန့်ခွဲခြင်း၊ အင်တာဗျူးတစ်ခုအတွက် ပြင်ဆင်ခြင်း စသည်တို့ကို ကဏ္ဍအလိုက်သင်ကြားပို့ချပေးလျက်ရှိကြောင်း သင်တန်းဆရာ ဦးမောင်မောင်ဦးက ပြောပါသည်။

အဆိုပါသင်တန်းသို့ တက်ရောက်၍ ထူးချွန်ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်နှင့် ငွေကြေးအရင်းအနှီးရှိရုံဖြင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်မလာနိုင်ဘဲ ခေတ်နှင့်လျော်ညီစွာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်၍ စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်သာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ထူးချွန်ထက်မြက်သော လုပ်ငန်းရှင်များ ပေါ်ထွက်လာရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း ဦးမောင်မောင်ဦးက ဆက်လက် ပြောကြားပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဖျာပုံခရိုင်တွင် အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲပြုလုပ်

ဖျာပုံခရိုင်တွင်အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည် သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အနည်းဆုံး အခကြေးငွေနှုန်းထားသတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်ကော်မတီ ဖွဲ့စည်းထားမှု၊ လုပ်ငန်းအမျိုးအစားအလိုက် အခကြေးငွေသတ်မှတ်ချက်များ၊ နည်းဥပဒေများ၊ လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ အလုပ်သမားများ၏အခွင့်အရေးနှင့် တာဝန်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားပါသည်။

တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် အသီးသီးတို့က ပါဝင်ဆွေးနွေးကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၄ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အစည်းအဝေးခန်းမ)တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် သဃ်န်းကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စည်သူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအား အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လုပ်ငန်းအောင်မြင်မှုရှိစေရန် ဌာနဆိုင်ရာများ၊ NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာကျော့မွန်သန်းနှင့် သဃ်န်းကျွန်းမြို့နယ်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါက်တာစောအောင်ရွှေဖြူတို့က ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများအား ရွေးချယ်ဝယ်ယူစားသုံးနိုင်ရေးနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနည်းစဉ်တစ်ခုလုံး သန့်ရှင်းမှုရှိစေရေးတို့ကို အကျယ်တဝင့် ဟောပြောခဲ့ပါတယ်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှ ဒုတိယအခွန်မှူး ဦးခင်မောင်ညဏ်က အခွန်ပေးဆောင်မှုဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၄၅ မြို့နယ်အနက် ကိုကိုးကျွန်းမှအပ ကျန် ၄၄ မြို့နယ်တွင် ဟောပြောပွဲများဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အရှေ့ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ဆောင်ရွက်နေမှု၊ တိုင်ကြားမှုများရှိပါကလည်း တိုင်ကြားသူ၏အမည်ကို လျှို့ဝှက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်ကိုထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး နစ်နာမည်ကို စိုးရိမ်၍ အရေးယူမှုမပြုလုပ်ပါက ကုလားပဲမျိုးစုံဖြင့် ၎င်းထုတ်ကုန်ကို ဝယ်ယူစားသုံးသည့် စားသုံးသူ လူရာ/ထောင်ပေါင်း ဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်း၊ ဥပဒေကိုလည်း ပိုမိုပြည့်စုံမှုရှိစေရန် အသစ်ပြင်ဆင်ရေးဆွဲနေပါကြောင်း၊ တက်ရောက်လာကြတဲ့ စားသုံးသူပြည်သူများအနေဖြင့်လည်း မိမိ၏ပတ်ဝန်းကျင်တွင် ပြန်လည်မျှဝေပေးခြင်းဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ သဃ်န်းကျွန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်(၁)မှ ဦးနေဘုန်းလတ်(ခ)ဦးနေမျိုးကျော်၊ မဲဆန္ဒနယ်(၂)မှ ဦးမောင်မောင်ဦး(ခ) ဦးငွေးတင်ဦး၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ စားသုံးသူရေးရာဦးစီးဌာန အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးစိုးတင့်၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာနမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရပ်ကွက်အတွင်း လက်လီရောင်းချနေသူများ စုစုပေါင်း ၁၄၅ ဦးတက်ရောက်ခဲ့ပါသည်။

အလားတူ ဩဂုတ်လ တတိယပတ်အထိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ၁၂ နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၁၂ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၃၈ နေရာ၊ မြောက်ပိုင်း ခရိုင်တွင် ၂၃ နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အိန္ဒြေအောင်(စားသုံးသူ)ရန်ကုန်**

## လှိုင်ကော်မြို့ အင်ကုန်း အထက(ခွဲ)၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လှိုင်ကော်မြို့ အင်ကုန်း အ. ထ. က(ခွဲ)သို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန် ရွေးချယ်ဝယ်ယူရာတွင် သေချာဖတ်ရှုဝယ်ယူရမည့်အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့ကာ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား )**

## မကွေးတိုင်းဒေသကြီးအတွင်း ဆိတ်မွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် သရက်မြို့ သီးကုန်းကျေးရွာမှ ဆိတ်မွေးမြူသူများနှင့်တွေ့ဆုံ

မကွေးတိုင်းဒေသကြီးအတွင်း ဆိတ်မွေးမြူသူများ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် သရက်မြို့နယ်၊ သီးကုန်းကျေးရွာရှိ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူများနှင့် တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သော အခွင့်အရေးများ၊ အကျိုးကျေးဇူးများ၊ မွေးမြူရေးဗဟုသုတအဖြစ် ဖြည့်စွက်စာကျွေးမွေးခြင်းဖြင့် ရရှိနိုင်သော အကျိုးအမြတ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဆိတ်မွေးမြူသူများက ၎င်းတို့၏ အခက်အခဲများအကြောင်းကို တင်ပြဆွေးနွေးရာတွင် မိမိတို့မှာ တစ်ပိုင်တစ်နိုင် မွေးမြူသူများဖြစ်သည့်အတွက် လွတ်ကျောင်းစနစ်ဖြင့်သာ ဆောင်ရွက်ရသည်ဖြစ်ရာ စားကျက်မြေနည်းပါးလျက်ရှိပါကြောင်း၊ ဆေးကုသမှုအတွက်လည်း အခက်အခဲရှိပါကြောင်းနှင့် များများမမွေးမြူနိုင်ဘဲ ဆိတ်အကောင်ရေ ၃၅ ကောင်မှ ၅၀ ခန့်သာ မွေးမြူနိုင်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။ သီးကုန်းကျေးရွာနှင့် စအိုင့်ကျေးရွာများအပြင် သရက်မြို့နယ်အတွင်းရှိ မကျီးတော၊ မြစကိုင်း၊ လက်ပံဆိပ်၊ ညောင်ပင်သာကျေးရွာများတွင် မွေးမြူသူများပြားပါကြောင်း၊ မကျီးတောကျေးရွာတွင် ဆိတ်ကောင်ရေ ၁၀၀၀ ခန့်ရှိပါကြောင်း၊ ကိုးပင်၊ ထန်းရုံ၊ ပြရည် ကျေးရွာများတွင်လည်း ဆိတ်မွေးမြူသူများရှိသည့်အတွက် အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဈေးဖြင့် ရောင်းချရပါကြောင်းနှင့် စားကျက်မြေနည်းပါးမှုကြောင့် အကောင်ရေ ၃၀ မှ ၅၀ အတွင်း ထိန်းပြီး အကောင်ခွဲ၍ ရောင်းချနေရခြင်းကြောင့် ဈေးကောင်း စောင့်ရောင်းချနိုင်ခြင်းမရှိကြောင်း မွေးမြူသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## Commerce ကာတွန်း



## ProPak Myanmar 2017 ပြပွဲတွင် DrinkTech Myanmar 2017 နှင့် PlasPak Myanmar 2017 ပြပွဲများကိုပါ ပြသသွားမည်




စတုတ္ထအကြိမ်မြောက် အစားအသောက်နှင့်ဆေးဝါးပစ္စည်းများ ထုပ်ပိုးခြင်းဆိုင်ရာပြပွဲ (ProPak Myanmar 2017) တွင် DrinkTech Myanmar 2017 နှင့် PlasPak Myanmar 2017 ပြပွဲကိုပါ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှကုမ္ပဏီပေါင်း ၂၀၀ ကျော်ပါဝင်ပြသကြမည်ဖြစ်ပြီး အီတလီ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲပေါင်း လေးခုတို့ ပါဝင်ပြသကြမည်ဖြစ်သည်။

ယင်းပြပွဲသည် ထုပ်ပိုးခြင်း၊ ဖြည့်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ အရည်အသွေးအာမခံချက်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် တိုင်းတာခြင်းဆိုင်ရာ ကဏ္ဍများနှင့် ၎င်းတို့၏ဆက်စပ်နယ်ပယ်များဖြစ်သည့် အလိုအလျောက် စက်ပစ္စည်းများ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အေးခဲခြင်း၊ ပါဝင်ပစ္စည်းများတံဆိပ်ကပ်ခြင်းနှင့် ညစ်ညမ်းမှုထိန်းချုပ်ခြင်းတို့အတွက် နိုင်ငံတကာမှ ကုန်ထုတ်လုပ်သူများနှင့် စက်ကိရိယာ၊ နည်းပညာနှင့် ကုန်ကြမ်းပစ္စည်းပံ့ပိုးသူများအတွက် ကုန်စည်ပြပွဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် ProPak Myanmar 2017 ပြပွဲတွင် National Conference on Food Industry Development 2017 ကဲ့သို့ ထိပ်တန်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ပြီး Education of Food Science and Technology to upgrade the Food SME Development in Myanmar ဟူသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

"စီးပွားရေး တိုးတက်လာတာကြောင့် ပိုမိုအရည်အသွေးကောင်းမွန်တဲ့ အစားအသောက်နဲ့ ဆေးဝါးပစ္စည်းတွေအတွက်လိုအပ်ချက်ဟာ ပိုမိုမြင့်မားလာပါတယ်။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပက ကုမ္ပဏီတွေဟာ ဈေးကွက်အသစ်တွေနဲ့ထိတွေ့နိုင်ဖို့၊ ထုတ်ကုန်အသစ်တွေ မိတ်ဆက်နိုင်ဖို့နဲ့ လုပ်ငန်းအသစ်တွေ ယူဆောင်လာဖို့ အလွန်ကောင်းမွန်တဲ့ အခွင့်အလမ်းတွေ ရရှိလာပါတယ်။ ProPak Myanmar ဟာ လုပ်ငန်းအတွက် လိုအပ်တဲ့အထောက်အပံ့တွေပေးနိုင်ဖို့နဲ့ အလားအလာရှိတဲ့ ဖောက်သည်တွေနဲ့ ထိတွေ့နိုင်ဖို့ ထောက်ပံ့ပေးနိုင်တဲ့ မြန်မာနိုင်ငံရဲ့ ဦးဆောင်နိုင်ငံတကာ ကုန်သွယ်ရေးအခမ်းအနားဖြစ်ပါတယ်"ဟု ပြပွဲစီစဉ်သူ UMB Myanmar ကုမ္ပဏီမှ မစ္စတာဖရေဇာဟော့ခ်က ပြောကြားခဲ့သည်။

ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park(MEP) တွင် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**မယ်သီတာ**

## MPT က စီးပွားရေးလုပ်ငန်းသုံး ဖုန်းခေါ်ဆိုသူများအတွက် အခမဲ့ဝန်ဆောင်မှုဖြစ်သည့် Toll Free Call ဝန်ဆောင်မှုကို စတင်ပြုလုပ်

MPT က စီးပွားရေးလုပ်ငန်းသုံး ဖုန်းခေါ်ဆိုသူများအတွက် အခမဲ့ဝန်ဆောင်မှုဖြစ်သည့် Toll Free Call ဝန်ဆောင်မှုကို စတင်လိုက်ပြီဖြစ်သည်။

MPT ၏ Toll Free Call ဝန်ဆောင်မှုကို ရယူထားသည့် စီးပွားရေးလုပ်ငန်းများအား မိုဘိုင်းဖုန်းသုံးစွဲသူများအနေဖြင့် မိမိတို့သိရှိလိုသည့် အရောင်းများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များနှင့်ပတ်သက်၍ ဖုန်းခေါ်ဆိုမှုများအတွက် အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုသူများသည် အဆိုပါစီးပွားရေးလုပ်ငန်းများ၏ Toll Freeနံပါတ်များသို့ ခေါ်ဆိုရာတွင် ဖုန်းခေါ်ဆိုမှုအတွက် အခကြေးငွေကျသင့်မည်မဟုတ်ဘဲ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံမှသာ လစဉ်လတိုင်း ကောက်ခံသွားမည်ဖြစ်သည်။

MPT ၏ Toll Free Call ဝန်ဆောင်မှုကို ရယူသုံးစွဲလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် MPT ၏ B2B အရောင်းဌာနသို့ E.mail:b2b @ mptjo.com.mm သို့ဖြစ်စေ၊ Hot Line ဖုန်းနံပါတ် ၀၈၀၀၈၀၀၉၉၉၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး အခြားသော အော်ပရေတာနံပါတ်ကိုင်ဆောင်ထားသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၄၂၆၀၀၀၃၂၃ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

## ကမ္ဘာ့နံပါတ်တစ် သစ်သီးဖျော်ရည်အမှတ်တံဆိပ် Minute Maid' မှ Minute Maid Pulpy' အချိုရည်အား မြန်မာနိုင်ငံ၌ စတင်မိတ်ဆက်

Coca-Cola Myanmar သည် ကမ္ဘာ့နံပါတ်တစ် ရောင်းအားအကောင်းဆုံး သစ်သီးဖျော်ရည်အမှတ်တံဆိပ်ဖြစ်သည့် Minute Maid အောက်မှ အသီးဖတ်အစစ်များနှင့် သစ်သီးဖျော်ရည်အသစ် Minute Maid Pulpy' အား Coca-Cola မိသားစုက မြန်မာနိုင်ငံတွင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

စားသုံးသူများအနေဖြင့် အရသာရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သစ်သီးဖျော်ရည်ကို ရွေးချယ်သောက်သုံးနိုင်ရန် ရည်ရွယ်၍ Minute Maid Pulpy' ကို မြန်မာနိုင်ငံတွင် မိတ်ဆက်လိုက်ခြင်းဖြစ်သည်။ Minute Maid Pulpy သည် လန်းဆန်းမှုကိုပေးစွမ်းမည့် အသင့်သောက် သဘာဝသစ်သီးဖျော်ရည်ဖြစ်ပြီး သစ်သီးဖျော်ရည်အစစ်၏ အကျိုးကျေးဇူးများစွာပါဝင်ကြောင်း သိရသည်။ ထို့ပြင်အသီးအဖတ်အစစ်များနှင့် ပေါင်းစပ်ထုတ်လုပ်ထားခြင်းဖြစ်သည့်အတွက် တစ်မူထူးခြားသည့် အရသာခံစားမှု အတွေ့အကြုံကို Minute Maid Pulpy တွင် ရရှိနိုင်မည်ဖြစ်သည်။

Coca-Cola Myanmar ၏ Marketing Director ဖြစ်သူ Mr. Akira Nopakunkajorn က "Minute Maid Pulpy ကိုစိတ်ချယုံကြည်ရတဲ့ သစ်သီးကျွမ်းကျင်ပညာရှင်တွေ ချမှတ်ထားတဲ့ မြင့်မားတဲ့စံနှုန်းတွေ၊ Coca-Cola ရဲ့ အရည်အသွေးထိန်းချုပ်မှု စံချိန်စံနှုန်းတွေနဲ့အညီ ကမ္ဘာတစ်ဝန်းကလာတဲ့ အရည်အသွေးမြင့် သဘာဝအရင်းအမြစ်တွေနဲ့ ပြုလုပ်ထားတဲ့ သစ်သီးဖျော်ရည်ဖြစ်တဲ့အပြင် အသီးဖတ်အစစ်များနဲ့ ထုတ်လုပ်ထားတဲ့အတွက် စားသုံးသူများအနေနဲ့ အသီးဖတ်လေးများကိုပါ ခံစား စားသုံးနိုင်မယ့် စိတ်လှုပ်ရှားဖွယ်အတွေ့အကြုံကိုပါ သေချာပေါက်နှစ်ခြိုက်ကြမှာပါ"ဟု ပြောကြားခဲ့သည်။

"လှုပ်လိုက်၊ သောက်လိုက်၊ ဝါးလိုက်"ဆိုသည်မှာ မြန်မာလူမျိုး စားသုံးသူများအနေဖြင့် Pulpy ကို သောက်မည်ဆိုပါက ပထမဦးစွာ အချိုရည်ဘူးကို လှုပ်၊ ထို့နောက် အချိုရည်ကို သောက်ကာ အသီးအဖတ်လေးများ၏ ထူးခြားသောအထိအတွေ့များကို ခံစားဝါးကြည့်ဖို့ တိုက်တွန်းအားပေးခြင်းပင်ဖြစ်သည်။

အဆိုပါသစ်သီးဖျော်ရည်ကို လိမ္မော်သီးဖတ်လေးများပါဝင်သည့် လိမ္မော်ဖျော်ရည်နှင့် ရှားစောင်းလက်ပတ်အဖတ်များပါဝင်သည့် စပျစ်သီးဖျော်ရည်ဟူ၍ အရသာနှစ်မျိုး ရွေးချယ်သောက်သုံးနိုင်မည်ဖြစ်သည်။ ပေါ့ပေါ့ပါးပါးသယ်ဆောင်နိုင်မည့် 250ml PET အရွယ် တစ်ဘူးကို ၄၀၀ ကျပ်နှင့် နိုင်ငံတစ်ဝန်းမှစတိုးဆိုင်များ၊ စူပါမားကတ်များ၊ဟိုက်ပါမားကက်များ၌ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။ **မယ်သီတာ**

## မြန်မာပလာဇာတွင် အလှအပနှင့် ဖက်ရှင်ပွဲတော် ကျင်းပမည်

အလှအပနှင့် ဖက်ရှင်ချစ်သူများအတွက် မြန်မာပလာဇာတွင် အလှအပနှင့် ဖက်ရှင်ပွဲတော်ကို စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာပလာဇာ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် အလှအပနှင့်ဖက်ရှင်ဈေး ရောင်းပွဲတော်ကိုလည်း စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာပလာဇာ၏ အလှအပနှင့် ဖက်ရှင်ပွဲတော်ကြီးတွင် Yo Ko San(Fashion Stylist), Phyo Day by Day(Beauty Blogger) တို့က အလှအပနှင့် ဖက်ရှင်အကြောင်းအရာများကို တင်ဆက်သွားမည့်အပြင် တေးသံရှင် အိမ့်ချစ်နှင့် ဖြိုးပြည့်စုံတို့ကလည်း တေးသီချင်းများနှင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲသို့ လာရောက်သူများအနေဖြင့် ဖက်ရှင်နှင့် အလှအပရေးရာအကြောင်းအရာများကို လာရောက်လေ့လာနားဆင်နိုင်မည့်အပြင် အထူးလျှော့ဈေးဖြင့်ဝယ်ယူနိုင်မည့် ပရိုမိုးရှင်းဘောက်ချာများကိုပါ အခမဲ့ရရှိနိုင်မည်ဖြစ်သည်။

ပါဝင်ပြသရောင်းချသွားမည့်ကုန်ပစ္စည်းများမှာ Timberland, TM fashion, D&C, Hang Ten, Dressing Room, Giordano, Revive Wellness Spa, Bee Choo Origin, Soulmate Naturals စသည့် အမှတ်တံဆိပ်များအပြင် အခြားသောထုတ်ကုန်အမြောက်အများကိုလည်း အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာပလာဇာ၏ ပြည်သူ့ဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်က ပြောကြားခဲ့သည်။ **မယ်သီတာ**

## Mobil 1 ကို ဝယ်ယူအားပေးသူများအား အထူးဆုအဖြစ် တိုယိုတာကားသစ်တစ်စီးအပါအဝင် အဖိုးတန်ဆုများချီးမြှင့်မည်

အမေရိကန်အခြေစိုက် ရေနံ ကုမ္ပဏီကြီးတစ်ခုဖြစ်သော ExxonMobil ၏ ထုတ်ကုန်ဖြစ်သည့် အင်ဂျင်ဝိုင်များကို ပြည်တွင်းဈေးကွက်အတွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချနေသည့် MJL & AKT Petroleum Co. Ltd., မှ Mobil 1 ထုတ်ကုန်များကို အသုံးပြုနေသူများအား ကျေးဇူးတုံ့ပြန်သည့်အနေနှင့် Join the Drive အမည်ဖြင့် ပရိုမိုးရှင်းအစီအစဉ်တစ်ခုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရိုမိုးရှင်းအစီအစဉ်အရ Mobil 1, Mobil Super, Mobil Delvac အင်ဂျင်ဝိုင်အမျိုးအစားများ၏ ၄ လီတာ၊ ၅ လီတာ၊ လီတာ၂၀ နှင့် ၂၀၈ လီတာ တစ်ဘူးဝယ်ယူသူတိုင်း ကံစမ်းမဲကူပွန်တစ်စောင် ရရှိမည်ဖြစ်ပြီး အဆိုပါ ကူပွန်တွင်လိုအပ်သော အချက်အလက်များကိုဖြည့်သွင်းကာ ဝယ်ယူသောဆိုင်(သို့)စာတိုက်သေတ္တာ အမှတ်(၁၀၄၆)သို့ ပို့ပေးရမည်ဖြစ်သည်။

ပရိုမိုးရှင်းကာလကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ သတ်မှတ်ပေးထားပြီး အထူးဆုအနေနှင့် Toyota VIOS ကားသစ်တစ်စီး ချီးမြှင့်ပေးမည်ဖြစ်သည်။

ထို့အပြင် ပထမဆုအနေနှင့် ရွှေ တစ်ကျပ်သား နှစ်ဆု၊ ဒုတိယဆုအနေနှင့် ရွှေငါးမူးသား လေးဆု၊ တတိယဆုအနေနှင့် ရွှေတစ်မတ်သားလေးဆုတို့ကို ကံထူးခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## မြို့ကြီးများ၏ ၂၈-၈-၂၀၁၇ မှ ၁-၉-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၈-၈-၂၀၁၇) | အင်္ဂါ(၂၉-၈-၂၀၁၇) | ဗုဒ္ဓဟူး(၃၀-၈-၂၀၁၇) | ကြာသပတေး(၃၁-၈-၂၀၁၇) | သောကြာ(၁-၉-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| ရန်ကုန်မြို့ | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၆၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၉၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| မြစ်ကြီးနား | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၀°F | ၆၀% ၂၉°C/၈၄°F |
| လားရှိုး | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F |
| လှိုင်ကော် | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၄°C/၇၆°F | ၆၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၇၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၄°C/၇၄°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F |
| မော်လမြိုင် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၉°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၃၀°C/၈၆°F |
| တောင်ငူ | ၉၀% ၃၂°C/၉၀°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၅°F |
| မုံရွာ | ၅၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F |
| ပုသိမ် | ၁၀၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၃၁°C/၈၈°F |
| မြိတ် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F |
| စစ်တွေ | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| မကွေး | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| ဖလမ်း | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၆၀% ၂၄°C/၇၅°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၁°F |

## တရုတ်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ဟာတို ဝင်ရောက် တိုက်ခတ်၊ လာမည့်ရက်သတ္တနှစ်ပတ်အတွင်း နောက်ထပ် အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မည်ဟုဆို

တရုတ်နိုင်ငံသို့ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဟာတိုသည် ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၆ ဦးသေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ လူပေါင်း ၂၇၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဟာတိုသည် ဟောင်ကောင်နှင့် မကာအိုဒေသတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်သို့ ဆက်လက်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမုန်တိုင်း ဟာတိုသည် တစ်နာရီလျှင် ၁၆၀ ကီလိုမီတာ(၉၉မိုင်)နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုမှာ မိုးရေချိန် စင်တီမီတာ ၃၀ အထိ ရွာသွန်းခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေလွှမ်းမိုးမှုများကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ရေးသားဖော်ပြထားသည်။

မကာအိုတွင် လူပေါင်း ၁၅၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ဟောင်ကောင်တွင် လူပေါင်း ၁၂၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ လေပြင်းများတိုက်ခတ်မှုကြောင့် လမ်းမများပေါ်တွင် သွားလာနေသည့်ကားများ တုံးလုံးလဲသွားခြင်း၊ သစ်ပင်များလဲပြိုကျခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့ရကြောင်း၊ သို့သော် ဩဂုတ် ၂၄ ရက်တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ပေးဝေနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်း ဟာတိုကို အခြားသောတိုင်ဖွန်းမုန်တိုင်းများနှင့် နှိုင်းယှဉ်ပါက အင်အားအလွန်ပြင်းထန်ပြီး လျင်မြန်လှကြောင်း၊ မိုးရွာသွန်းမှုမှာလည်း အခြားသောမုန်တိုင်းမိုးများနှင့် နှိုင်းယှဉ်ပါက ပိုမိုရွာသွန်းကြောင်း ဂွမ်ဒေါင်း ပြည်နယ် မိုးလေဝသဗျူရိုမှ မိုးလေဝသခန့်မှန်းရေးမှူး ဝူစီဖန်က ပြောကြားခဲ့သည်။

ထို့ပြင် လာမည့် ရက်သတ္တနှစ်ပတ်အတွင်း မကာအိုနှင့် ဟောင်ကောင်နိုင်ငံများသို့ အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်ကျွန်းစုအနီးတွင် ဖြစ်ပေါ်လျက်ရှိပြီး မုန်တိုင်း၏ လားရာမှာ ဟောင်ကောင်နှင့် မကာအိုဘက်သို့ ရွေ့လျားနေသည်ဟုဆိုသည်။ **မယ်သီတာ**

## အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ အင်အားအဆင့် ၂ ရှိသည့် ဟာရီကိန်းမုန်တိုင်း ဟာဗေးဝင်ရောက်တိုက်ခတ်

အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်သို့ အင်အားအဆင့် ၂ ရှိသည့် ဟာရီကိန်းမုန်တိုင်း ဟာဗေးသည် ဩဂုတ် ၂၆ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း စီအန်န်အန်န်သတင်းတွင် ဖော်ပြထားသည်။

ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မည်ကို ကြိုတင် သတိပေးကြေညာထားသဖြင့် တက္ကဆက်မြို့သူမြို့သား ၂၁၁၀၀၀ တို့သည် လျှပ်စစ်မီးပြတ်တောက်သည့်ဒဏ်ကို ခံစားနေရသည်ဟုဆိုသည်။

"ဟာဗေးဟာ တက္ကဆက်ပြည်နယ်ကို တဖြည်းဖြည်းချင်း ဝင်ရောက်တိုက်ခတ်နေပါပြီ။ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းကတည်းက ဝင်ရောက်တိုက်ခတ်နေတာပါ။ နောက်တစ်ပတ်မှာ တက္ကဆက်ပြည်နယ်အလယ်ပိုင်းကိုဖြတ်ကျော်ပြီး အရှေ့တောင်ပိုင်းကို ဝင်ရောက်တိုက်ခတ်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု အမျိုးသားဟာရီကိန်းဗဟိုဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိပြီး မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိသည်ဟုဆိုသည်။

မုန်တိုင်းဝင်ရောက်လာခြင်း မရှိသေးသော်လည်း တက္ကဆက်ပြည်နယ် အရှေ့တောင်ပိုင်းတွင် မိုးရွာသွန်းမှုမှာ မိုးရေချိန် ၁၀ လက်မကျော်ရှိနေပြီဖြစ်သည်ဟုဆိုသည်။



မုန်တိုင်း စတင်ဝင်ရောက်တိုက်ခတ်ချိန်က တစ်နာရီလျှင် မိုင် ၁၃၀အထိ တိုက်ခတ်ခဲ့သော်လည်း တဖြည်းဖြည်း အင်အားလျော့ကျလာခဲ့ကာ တစ်နာရီလျှင် မိုင် ၁၀၀ သာရှိတော့ကြောင်း အမျိုးသားဟာရီကိန်းစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

"ခန့်မှန်းထားချက်အတိုင်းဆိုရင်တော့ မုန်တိုင်းရဲ့အင်အားဟာ တဖြည်းဖြည်းနဲ့ အားပျော့သွားမှာပါ။ ဟာဗေးဟာ အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်လာနိုင်ဖွယ်ရာရှိပါတယ်"ဟု မိုးလေဝသပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ဩဂုတ် ၂၆ရက် အမေရိကန်နိုင်ငံ စံတော်ချိန် နံနက် ၄ နာရီတိုင်းတာချက်များအရ မုန်တိုင်း၏ ဗဟိုချက်သည် ဗစ်တိုးရီးယား၏အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာတွင်ရှိနေပြီး အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၆ မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိသည်ဟုဆိုသည်။ **မယ်သီတာ**


# ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက ပုသိမ်မြို့ အ•ထ•က (၃)တွင် စားသုံးသူဟောပြောပွဲ ကျင်းပခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းများ ပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆောင်၍ ဩဂုတ်လ ၁၄ ရက်တွင် ပုသိမ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူ အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ကျောင်းမုန့်ဈေးတန်း စစ်ဆေးရာတွင် ပုသိမ်ခရိုင် ဦးစီးမှူးနှင့် ကျောင်းမုန့်ဈေးတန်းအဖွဲ့ ဆရာ၊ ဆရာမများပါဝင်ကာ ကျောင်းအတွင်း ရောင်းချလျက်ရှိသော မုန့်ဆိုင်များတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသော အစားအစာများ လုံးဝမရောင်းချရေး၊ စားသုံးရန် မသင့်သည့် ဆိုးဆေးများ သုံးစွဲထားသောမုန့်များ၊ ရက်လွန်အမြင်မကောင်းသော မုန့်များမရောင်းချရေး၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းစွာရောင်းချရေးတို့ကို စစ်ဆေး၍ အသိပညာပေးခဲ့ပါသည်။ ဆက်လက်၍ ပုသိမ်မြို့ အမှတ် (၃) အစည်းအဝေးခန်းမတွင် ကျောင်းသူကျောင်းသား ၅၀၀ ခန့်အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲအား ကျင်းပခဲ့ရာ ခရိုင်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ တာဝန်များကို သိရှိစေရန်နှင့် မိမိတို့နစ်နာမှုများရှိပါကလည်း တိုင်ကြားနိုင်ရန်အတွက် စားသုံးသူများ အထူးသဖြင့် ကျောင်းသူကျောင်းသားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် လာရောက်အသိပညာပေး ဟောပြောခြင်း ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကျင့်သုံး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပုသိမ်ခရိုင် ဒုတိယဦးစီးမှူးမှ ကျောင်းများတွင် ရောင်းချလျက်ရှိသော မုန့်များတွင် ဆိုးဆေးများ ပါဝင်လျက်ရှိသော မုန့်များအကြောင်း၊ ဆိုးဆေးများ၊ ဖော်မလင်များသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများအကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တားမြစ်ထားသောမုန့်များအား ကျောင်းသူကျောင်းသားများအနေဖြင့် စားသုံးခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် ကျောင်းမုန့်ဈေးတန်းအဖွဲ့ ဆရာ ဆရာမ များကလည်း မိမိကျောင်းအတွင်း ရောင်းချနေသော မုန့်များအား ကျောင်းသူကျောင်းသားများ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသောက်သုံးစွဲနိုင်ရေးအတွက် သေချာစိစစ်ပေးပါရန် ရှင်းလင်း ဆွေးနွေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။ **မောင်ပုသိမ်**

# မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့က ကျောင်းမုန့်ဈေးတန်း များအား ရှောင်တခင် ဝင်ရောက်စစ်ဆေး




မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဩဂုတ် ၂၂ ရက်က မအူပင်မြို့ပေါ်ရှိ အ• ထ• က - ၁၊ အ• ထ• က -၂၊ အ• ထ• က-၃ ကျောင်းများသို့ သွားရောက်၍ ကျောင်းမုန့်ဈေးတန်းများအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။ ဝင်ရောက်စစ်ဆေးပြီးနောက် ကျောင်းမုန့်ဈေးတန်းများ၌ စားသုံးရန်မသင့်သော အစားအစာ(မုန့်)များကို မရောင်းချရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ(၈)ပါ အကြောင်းအရာများကို အကျယ်တဝင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **CONSUMER (MT)**

# ပြည်မြို့နယ်တီတွတ် အ • ထ • ကခွဲနှင့် မိန်းမရဲ အ • လ • က ခွဲတို့တွင် စားသုံးသူ အကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည် မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ ဩဂုတ်လ ၁၀ ရက်က ပြည်မြို့နယ်၊ ထမ္ပကောက်ကျေးရွာအုပ်စုရှိ တီတွတ် အ• ထ• ကခွဲနှင့် မြွေရိုးကျေးရွာအုပ်စုရှိ မိန်းမရဲ အ• လ• က ခွဲ တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ဆွေးနွေး ဟောပြောပွဲ တွင် တီတွတ် အ• ထ• က ခွဲ ကျောင်း၌ ပြည်ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယ ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်တတ်သည့် အလေ့အကျင့်ကောင်းများ ပြုလုပ်ကြရန်နှင့် ဝယ်ယူသုံးစွဲသည့်ကုန်ပစ္စည်း၊ အစားအသောက်များတွင် ပါရှိရမည့် အချက်အလက်များ သေချာကြည့်ရှုပြီး အညွှန်းများအတိုင်း လိုက်နာကျင့်သုံးရန် စသည်ဖြင့် သိသင့်သိထိုက်သည်များကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

မိန်းမရဲ အ• လ• က ခွဲ တွင် ပြည်မြို့နယ်ရုံးမှ အကြီးတန်းစာရေး ဦးအေးသိန်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းနှင့် အစားအသောက်များတွင် ပါဝင်သော ဆိုးဆေးအန္တရာယ်များ၊ ကြာရှည်ခံဆေးများအကြောင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှလည်း စာဖတ်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်း၊ လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များ အကြောင်းတို့အား ဆွေးနွေးဟောပြောပို့ချခဲ့ကြကာ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသည့် မုန့်များတွင် ရက်လွန်မုန့်ရောင်းချခြင်း ရှိ၊ မရှိ၊ တံဆိပ် အမှတ်အသား မပါသည့် မုန့်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၂၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၄၈ ဦး၊ စုစုပေါင်း ၅၇၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ဆွေဝင်း**

# ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၁၇)ကျင်းပ

ပခုက္ကူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/၂၀၁၇) ကို ဩဂုတ်လ ၁၂ ရက်က ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်အတွင်းရှိ ရေစကြို၊ ဆိပ်ဖြူ၊ မြိုင်၊ ပေါက်စသည့် ငါးမြို့နယ်သို့ အသိပညာပေးရာတွင် အလွယ်တကူပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများသို့လည်း အကူအညီများပေးရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်း FDA နှင့် ပူးပေါင်းကာ ကွင်းဆင်း စစ်ဆေးမှု များကိုဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အခြေခံ ပညာကျောင်းများကိုလည်း ပညာရေးဌာနနှင့် ညှိနှိုင်း၍ ကွင်းဆင်း ဆောင်ရွက်သင့်ကြောင်း၊ လက်ကမ်းစာစောင်များကိုလည်း များများဖြန့်ဝေပေးစေချင်ကြောင်း၊ သို့မှသာ ပိုပြီးထိရောက်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ဦးစီးမှူး ဦးသန်းဦးက စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများကို လစဉ် လုပ်ဆောင်လျက်ရှိရာ လစဉ်လတိုင်း လျာထားချက်ထက်ပိုမို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများကို စနစ်တကျ သုံးစွဲရန်အတွက် အသိပညာပေးရန် လိုအပ်နေသေးကြောင်း၊ ဒေသတွင်း တရားမဝင် အေးခဲအသားများ ရောင်းချနေသည်ကို တွေ့ရှိရကြောင်း၊ စားသုံးသူပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများကို ရရှိစေချင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် စားသုံးအငြင်းပွားမှု ဖြေရှင်းရေးကော်မတီ အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော် (ပခုက္ကူ)**

# ဝေါမြို့နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကျင်းပ

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးရုံးမှ ဒု-ဦးစီးမှူး ဦးသိန်းဆွေနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဩဂုတ်လ ၈ရက်တွင် ဝေါမြို့နယ် အတွင်းရှိ ကော့ဝင်းကျေးရွာ၊ ညောင်သုံးခွကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရပါသည်။

ဟောပြောပွဲများကို ကော့ဝင်းကျေးရွာ မူလတန်းလွန်ကျောင်းခန်းမ၌ ပြုလုပ်ရာတွင် ကျောင်းသားကျောင်းသူ ၁၂၈ ဦး၊ ၎င်းကျောင်းခန်းမတွင် ကျေးရွာလူထုကို ဟောပြောရာ လူဦးရေ ၅၀ ဦး၊ ညောင်သုံးခွကျေးရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံတွင် ပြုလုပ်ရာ ကျောင်းသားကျောင်းသူ ၃၁၁ ဦး၊ ၎င်း ဓမ္မာရုံတွင် ကျေးရွာလူထုအား ဟောပြောရာ လူဦးရေ ၈၀ ဦးတို့ အသီးသီး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါဟောပြောပွဲများသို့တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။ ဒုတိယ ဦးစီးမှူး ဦးသိန်းဆွေက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်း၊ အစားအသောက်၊ အသုံးအဆောင်နှင့် ဆေးဝါးများ အသုံးပြုရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ထိခိုက်မှု၊ နစ်နာမှု၊ ဆုံးရှုံးမှု၊ လိမ်လည် ခံရမှုများရှိက တိုင်ကြားမှုများ ပြုနိုင်ကြောင်း အသိပညာပေး ဟောပြောခြင်း၊ တိုင်ကြားနိုင်သည့် လိပ်စာများအား အသိပေးခြင်း၊ တိုင်ကြားရန်တိုက်တွန်းခြင်း၊ နှိုးဆော်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရပါသည်။

ထို့အပြင် ဟောပြောထားသော စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ သိကောင်းစရာများအား ကျောင်းသား ကျောင်းသူများကို ပြန်လည်မေးမြန်းခြင်း၊ ဖြေဆိုနိုင်သူ ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆုများချီးမြှင့်ပေးရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ရပ်မိရပ်ဖများ၊ ပူးပေါင်းပါဝင်ကြသော ဌာနဆိုင်ရာ ဝန်ထမ်းများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြကြောင်း သိရှိရပါသည်။

**TS စားသုံးသူရေးရာ (ပဲခူး)**

# ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၇/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၇/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုဩဂုတ်လ ၁၇ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ပြောကြားရာတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းခြင်းသည် ခက်ခဲသောအလုပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတိုးတက်မှု စံနှုန်းနှင့်အညီ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများမှာလည်း ထုတ်လုပ်မှု နည်းပညာများ ခေတ်မီလာသောကြောင့် ကွင်းဆင်းစစ်ဆေးသောအခါတွင်လည်း တိကျသောအဖြေကိုပြည်သူတစ်ရပ်လုံးအား ရိုးသားပွင့်လင်းစွာ အသိပေးရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး ဦးကျင်ဋ္ဌေးက ဈေးကွက်အတွင်းရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းများ၊ ရပ်ကွက်၊ ကျောင်းများတွင်လည်း အသိပညာပေးလုပ်ငန်းများ ဟောပြောဆောင်ရွက်လျက်ရှိပါကြောင်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံဆေးများကြောင့် FDAမှ စားသုံးရန်မသင့်ကြေညာထားသောအစားအစာ၊ လူသုံးကုန်ပစ္စည်းများကို ကွင်းဆင်းစစ်ဆေးတွေ့ရှိပါက စည်ပင်သာယာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်လကဈေးများအတွင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိရသော အခြေအနေများအားလည်းကောင်း မိတ်ဖက်ဌာနများ၊ YCDC ကျန်းမာရေး ဌာနတို့နှင့် ပူးပေါင်း၍ ရွှေကောင်းကြွယ် စားသောက်ဆိုင်၊ JAPAN HOT POT REN စားသောက်ဆိုင်၊ အိုဆာကာ ရွှေတောင်ခေါက်ဆွဲဆိုင်၊ မင်းလမ်း ရခိုင်မုန့်တီဆိုင်တို့အား ကွင်းဆင်းစစ်ဆေးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက်ခရိုင် စည်ပင်သာယာရေးအဖွဲ့ ဒေါ်မေလင်းလှိုင် (ဌာနစုမှူး) က စားသောက်ဆိုင်များနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှုများကို စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အိုဆာကာရွှေတောင်ခေါက်ဆွဲဆိုင်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုတို့အား ရှင်းလင်းပါသည်။

ထို့နောက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်ဦးက ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များအား တိုင်းဒေသကြီးအစည်းအဝေးတွင်လည်း တင်ပြနိုင်ရန် ညှိနှိုင်းသင့်ပါကြောင်း၊ သို့မှသာ ခရိုင်၏ ဆောင်ရွက်မှု အခြေအနေတို့အား သိရှိရမှာဖြစ်ကြောင်း စသည်ဖြင့် အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။**သန်းအေး(စသသ)**

# ချောင်းဆုံမြို့နယ်နှင့် ကျိုက္ခမီမြို့တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် အဖွဲ့သည် ဩဂုတ်လ ၁၇ ရက်က ချောင်းဆုံမြို့နယ်၊ အ. ထ. က (မုရစ်ကလေး) တွင်လည်းကောင်း၊ ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့သည် ဩဂုတ်လ ၂၂ ရက်က အ. လ. က(ခွဲ) ကျိုက္ခမီကျောင်းတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ကြသည်။

အဆိုပါဟောပြောပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာများ အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များနှင့် တားမြစ်ကုန်ပစ္စည်းများစာအုပ်၊ ဥပဒေစာအုပ်များအား ပေးအပ်ခဲ့သည်။

ဟောပြောပွဲအသီးသီးသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၉၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ထို့ပြင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့သည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျိုက္ခမီမြို့၊ မြို့မဈေးအတွင်း ဈေးဆိုင်များ၊ ဆေးဆိုင်များအား တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**

# မွန်ပြည်နယ်ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်သစ် ရွေးချယ်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

မွန်ပြည်နယ် ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်သစ် ရွေးချယ်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၃ ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက ဤအသင်းကြီးအောင်မြင်စွာ ဖွဲ့စည်းနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက မွန်ပြည်နယ်ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတွင် ယခင်က မော်လမြိုင်မြို့မှ လုပ်ငန်းရှင် ၁၉ ဦးဖြင့်ယာယီဖွဲ့စည်းခဲ့ပြီး ယခုအခါ မြို့နယ် (၁၀) မြို့နယ်မှ လုပ်ငန်းရှင်များပါ ပါဝင်စေလိုကြောင်း၊ ဈေးအတွင်းမှ ဆေးဆိုင်များသာမက ဈေးအပြင်ပမှ ဆေးဆိုင်များကိုလည်း ပါဝင်စေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက မွန်ပြည်နယ်ရှိမြို့နယ် ၁၀ မြို့နယ်လုံးမှ ဆေးဆိုင်လုပ်ငန်းရှင်များပါဝင်လာအောင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံများမှတစ်ဆင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင်အဖွဲ့ဝင် ၁၉ ဦး၏ ဆန္ဒများကိုလည်း ရယူရန်လိုအပ်ကြောင်း၊ စက်တင်ဘာ ၅ ရက်တွင် အသင်းဖြစ်မြောက်ရေးအတွက် ပြန်လည်တွေ့ဆုံဆွေးနွေး ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အစည်းအဝေးသို့ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင် ၂၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မိုးမိုး(မွန်)**

# ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးခွန်ကျော်ဋ္ဌေး ဦးဆောင်သော ဝန်ထမ်းများသည်ဩဂုတ် ၁၅ ရက် မှ ၁၈ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်အတွင်း ရှိစာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။

ဩဂုတ် ၁၆ ရက်တွင် ပအိုဝ့်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ ဗန်းမောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဖယ်ခုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် ဖယ်ခုံမြို့နယ် အ. လ. က(၁) အခြေခံပညာကျောင်းခွဲနှင့် အ. မ. က အခြေခံပညာကျောင်းခွဲ၌ လည်းကောင်း၊ ဩဂုတ် ၁၈ ရက် တွင် ဖယ်ခုံမြို့နယ် အ. လ. က(၂) အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် မိုးဗြဲမြို့အခြေခံပညာ အထက်တန်းကျောင်းတို့၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ဦးစီးမှူး ဦးခွန်ကျော်ဋ္ဌေးက စားသုံးသူ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များနှင့် ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းဟောပြောပြီး၊ အကြီးတန်းစာရေး ဦးဇော်ဇော်လတ်နှင့် အငယ်တန်းစာရေး ဦးအုံ့ကျော်ပိုင်တို့က ဆိုးဆေး၊ အချိုမှုန့်တို့၏ ဆိုးကျိုးများ၊ ယနေ့စားသောက်နေသော အသားငါးများနှင့် အသီးအနှံများတွင် ထည့်သွင်းအသုံးပြုနေသော တာရှည်ခံဆေး( ဖော်မလင်) များ၏ ဆိုးကျိုးများ၊ စားသုံးဆီများနှင့် ပြန်ကြော်ဆီများ၏ ဆိုးကျိုးများအကြောင်းကိုဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇော်ဇော်လတ်(တောင်ကြီး)**

# စတုတ္ထအကြိမ် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က Video Conferencing စနစ်ဖြင့်တက်ရောက်

နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)အစည်းအဝေး ခန်းမတွင် ဩဂုတ် ၂၂ ရက်ကကျင်းပခဲ့သည့် စတုတ္ထအကြိမ်စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က Video Conferencingစနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ် ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခုလုံးတွင် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာနိုင်ခြင်း၊ အသိပညာပေးလုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် အတူပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဗဟို ကော်မတီ၊ အထက်ဌာနများ၏လမ်းညွှန်တာဝန်ပေးအပ်မှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**



**ယခင်တစ်ပတ်မှအဆက်**

**အရည်အသွေးသတ်မှတ်ချက်များ (Quality Specifications)**

အရည်အသွေးပိုင်းဟာဆိုရင် အစားအစာ ဘေးကင်းလုံခြုံမှု လိုအပ်ချက်များ၊ ဈေးကွက်စံချိန်စံညွှန်းများနဲ့ ပေါင်းစပ်ထိန်းချုပ်ထားတဲ့သဘော ဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဝယ်ယူသူတွေဟာ အရည်အသွေးပိုင်းနဲ့ပတ်သက်ပြီး ၎င်းတို့ရဲ့သီးခြားသတ်မှတ်ချက်တွေကိုလည်း အသုံးပြုလေ့ရှိပါတယ်။ ဒါကြောင့် ဥရောပကို တင်ပို့မယ့် လုပ်ငန်းရှင်တွေအနေနဲ့ အရည်အသွေးပိုင်း သတ်မှတ်ချက်များကို လျှော့မတွက်ဘဲ အထူးအလေးထားဆောင်ရွက်သင့်ပါတယ်။ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်ဟာ ပုပ်သိုးလွယ်တဲ့ ကုန်စည်တွေဖြစ်တာကြောင့် ဥရောပမှာဆိုရင် ဝယ်ယူသူများထံမှ အရည်အသွေးပိုင်းဆိုင်ရာ Claims တွေများစွာ ရှိတယ်လို့သိရပါတယ်။ ဒါကြောင့်မို့ အရည်အသွေးပိုင်း စတင်လျော့ကျလာတာနဲ့ တစ်ပြိုင်နက်တည်း အဆိုပါ ကုန်ပစ္စည်းရဲ့ဈေးနှုန်းကို အလွန်အမင်းလျှော့ချခြင်းစတဲ့ Dumping ကဲ့သို့သော စီမံဆောင်ရွက်မှုကို Sudden Decision အဖြစ်ပုပ်သိုး လွယ်တဲ့ ထုတ်ကုန်ဈေးကွက်မှာ ချမှတ်ဆောင်ရွက်လေ့ရှိပါတယ်။ အီးယူမှ သွင်းကုန်လုပ်ငန်းရှင်များနဲ့ကုန်သည်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတဲ့ စံချိန်စံညွှန်းများဟာ United Nations Economic Commission for Europe (UNECE) နဲ့ Codex Alimentarius Commission (CAC) တို့မှ ချမှတ်ထားတဲ့ စံချိန်စံညွှန်းများ ဖြစ်ပါတယ်။

**လူမှုရေးဆိုင်ရာ လေးစားလိုက်နာမှု (Social Compliance)**

လူမှုရေးဆိုင်ရာ သီးခြားစံချိန်စံညွှန်းများကို လေးစားလိုက်နာမှုဟာ နေရာတိုင်းမှာ လိုအပ်ခြင်းမရှိသေးပေမယ့် အဆိုပါ စံချိန်စံညွှန်းများဟာ နောင်နှစ်အနည်းငယ်အတွင်းမှာ အရေးပါလာဖို့ရှိနေပါတယ်။ Corporate Social Responsibility (CSR) နဲ့ ပတ်သက်တဲ့ အလေးထားမှုနဲ့ ဆောင်ရွက်မှုတွေဟာ ဥရောပရဲ့ နယ်ပယ်အသီးသီးအလိုက် ကွဲပြားမှုရှိပါတယ်။ Business Social Compliance Initiative (BSCI) ဟာ ကမ္ဘာလုံးဆိုင်ရာ Supply Chain အတွင်းမှာ လုပ်ငန်းခွင်အခြေအနေ တိုးတက်ရေးကို ကတိကဝတ်ပြုထားကြတဲ့ ကုမ္ပဏီတွေအတွက် အဓိကကျတဲ့ စီးပွားရေးလုပ်ငန်း ဆိုင်ရာဆောင်ရွက်မှုတွေဖြစ်ပါတယ်။ BSCI ဟာ ဥရောပပင်မဒေသမှာ တွင်တွင်ကျယ်ကျယ် လွှမ်းမိုးထားတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဥရောပဈေးကွက်မှာ လူမှုရေးဆိုင်ရာတာဝန်ယူမှု လိုအပ်ချက်များဟာ Ethical Trading Initiative (ETI) အပေါ်မှာ အခြေခံပါတယ်။ ဒါပေမဲ့ ဥရောပအရှေ့ပိုင်းမှာ buyer အနည်းစုကသာ လူမှုရေးဆိုင်ရာ လေးစားလိုက်နာမှုလိုအပ်ချက်တွေကို တောင်းဆိုပြီး ဥရောပအနောက်ပိုင်းမှာဆိုရင်တော့ အချို့နိုင်ငံစုံကုမ္ပဏီကြီးတွေဟာ ၎င်းတို့ရဲ့ ကိုယ်ပိုင် Codes of Conduct ကိုပင် ထားရှိဆောင်ရွက်တာဖြစ်ပါတယ်။ Fresh Product တွေအတွက် အခြားလူမှုရေးဆိုင်ရာ စားသုံးသူသတ်မှတ်ချက်နဲ့ လူသိများထင်ရှားတဲ့ စံချိန်စံညွှန်းများဟာဆိုရင် Fair for Life, Global Social Compliance Programme (GSCP), Rainforest Alliance, Fairtrade နှင့် IDH The sustainable trade initiative တို့ပဲ ဖြစ်ကြပါတယ်။

◉ ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ◉

**တိုးပွားလာနေသော Organic Market အခွင့်အလမ်း**

ဥရောပသမဂ္ဂမှာ သဘာဝနည်းလမ်းများ အသုံးပြုထုတ်လုပ်ထားတဲ့ စားသောက်ကုန်တွေကို ပိုမိုကြိုက်နှစ်သက်တဲ့ စားသုံးသူအရေအတွက်ဟာ ပိုမိုတိုးပွားလျက်ရှိပါတယ်။ အော်ဂဲနစ်နည်းနဲ့စိုက် ပျိုးထုတ်လုပ်ထားတဲ့ သစ်သီးဝလံနဲ့ဟင်းသီးဟင်းရွက်တွေဟာ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားသလို ဥရောပဈေးကွက်မှာ တန်ဖိုးလည်းမြင့်မားပါတယ်။ ဥရောပဈေးကွက်သို့ အော်ဂဲနစ်ထုတ်ကုန်တွေတင်ပို့ရန်အတွက် အီးယူမှချမှတ်ထားတဲ့ အော်ဂဲနစ်ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများကို အော်ဂဲနစ်ထုတ်ကုန်အဖြစ် ဈေးကွက်မတင်ပို့မီ အနည်းဆုံးနှစ်နှစ်ကြာ အဆိုပါ အော်ဂဲနစ်ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုရမှာ ဖြစ်ပါတယ်။ နောက်ထပ်လိုအပ်ချက်တစ်ခုကတော့ အီးယူမှသွင်းကုန်လုပ်ငန်းရှင်ဟာ အီးယူအော်ဂဲနစ်ထိန်းချုပ်ရေးအဖွဲ့များထံမှ သွင်းကုန်တင်သွင်းခွင့်ကို လျှောက်ထားရန်လိုအပ်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာ စစ်ဆေးအတည်ပြုတဲ့ အဖွဲ့အစည်းကစစ်ဆေးပြီးနောက် မိမိတင်ပို့မယ့် ထုတ်ကုန်အပေါ်မှာ EU Organic Logo ကို ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ စံချိန်စံညွှန်းများဟာ တစ်ခုနဲ့တစ်ခု အနည်းငယ်ကွဲပြားနိုင်ပြီး အီးယူမှ သတ်မှတ်ထားတဲ့ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ခြင်းနဲ့ တံဆိပ်ကပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။

ဥရောပကော်မရှင်ဟာ ၂၀၁၄ ခုနှစ်မှာ တည်ဆဲအော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်တဲ့ ဥပဒေအသစ်ကို အဆိုပြုထားပြီး ၎င်းတွင် အော်ဂဲနစ်ကုန်သွယ်မှုအတွက် ပိုမိုတင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ၊ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ပင်ရင်းနိုင်ငံများအကြား အာဏာပိုင်အချင်းချင်း အပြန်အလှန်အသိအမှတ်ပြုခြင်းများလည်း ပါဝင်ပါတယ်။ အဆိုပါဥပဒေအသစ်ကို အတည်ပြုတယ်ဆိုရင် ၂၀၁၇ ခုနှစ် နှစ်လယ်မှာ စတင် အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်သူများနဲ့ တင်ပို့သူများအတွက် သတိထားရမယ့် အချက်ကတော့ ၎င်းတို့အနေနဲ့ ဥရောပနိုင်ငံများရဲ့အခြေအနေအတွက် ဖန်တီးထားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့ ကိုက်ညီအောင် ဆောင်ရွက်ရမယ့်အချက်ပဲဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးမှုရှိပေမယ့် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုဟာ အလွန်ပဲစိတ်ဝင်စားစရာကောင်းတဲ့ သီးခြားဈေးကွက်အခွင့်အလမ်းတစ်ခုဖြစ်တယ်ဆိုတာ ငြင်းမရနိုင်တဲ့အချက်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဥရောပနိုင်ငံများရဲ့အော်ဂဲနစ်ဈေးကွက် လိုလားချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးတဲ့အတွက် ဥရောပရဲ့ဟင်းသီး ဟင်းရွက်နဲ့ သစ်သီးဝလံဈေးကွက်ဟာ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များအတွက် အလားအလာအလွန်ကောင်းမွန်တဲ့ ဈေးကွက်တစ်ခု ဖြစ်လို့နေပါတယ်။ ဥရောပဈေးကွက်သို့ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံထွက်ကုန်များ တိုးတက်တင်ပို့နိုင်ရေး အထောက်အကူပြုစေရန်အတွက် ရည်ရွယ်ချက်နဲ့ စုစည်းဖော်ပြပေးလိုက်ရပါတယ်။

**မှီငြမ်း**

- * What requirements should fresh fruit or vegetables comply with to be allowed on the European market? https://www.cbi.eu/market-information/fresh-fruit-vegetables/buyer-requirements/

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**သန်းသန်းနိုင်**

**ယခင်တစ်ပတ်မှအဆက်**

(ဂ) နိုင်ငံတွင်းဝန်ဆောင်မှုကဏ္ဍတစ်ခုခုကို တည်ထောင်ခြင်း (သို့မဟုတ်) ထိုကဏ္ဍကို ပံ့ပိုးရန် ရည်ရွယ်၍ ကန့်သတ်ပိတ်ပင်မှုပြုရမည့်ကိစ္စရပ်များ။

(ဃ)နိုင်ငံခြားဝင်ငွေနှင့် ထွက်ငွေ မျှတစေရန် ကန့်သတ်ပိတ်ပင်မှုပြုရမည့် ကိစ္စရပ်များ။

(င) တရားဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြားသော ကန့်သတ်ပိတ်ပင်မှုပြုရမည့် ကိစ္စရပ်များ။

(စ) တရုတ်နိုင်ငံမှအဖွဲ့ဝင်အဖြစ် ပါဝင်သော နိုင်ငံတကာပဋိညာဉ် စည်းမျဉ်းစည်းကမ်း၊ သဘောတူညီချက်များနှင့်အညီ ကန့်သတ်ပိတ်ပင်မှုပြုရမည့်ကိစ္စရပ်များ။

(၂၇) နိုင်ငံတော်အနေဖြင့် စစ်ရေးကဏ္ဍနှင့် ပတ်သက်သော နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု၊ ချူထရွန်ပစ္စည်း၊ သာမိုချူကလီယား ပစ္စည်းနှင့် ထိုပစ္စည်းများဖြစ်ပေါ်နိုင်သည့် အရာများနှင့် ပတ်သက်သည့် နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်သလို လုပ်ကိုင်ရန်နှင့် နိုင်ငံတော်လုံခြုံရေးကိုကာကွယ်ရန် လိုအပ်သည်။ စစ်မက်ဖြစ်ပွားချိန်တွင် (သို့မဟုတ်) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်ရန် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သလို လုပ်ကိုင် ဆောင်ရွက်သွားနိုင်သည်။

(၂၈) နိုင်ငံတော်ကောင်စီမှ နိုင်ငံတကာ ကုန်သွယ်မှု လုပ်ငန်းဦးစီးဌာနနှင့် အခြားသော နိုင်ငံတော်ကောင်စီတွင်းရှိ သက်ဆိုင်ရာ ဦးစီးဌာနများအနေဖြင့် ဤဥပဒေ၏ပုဒ်မ(၂၆)(၂၇)နှင့် အခြားဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် အချက်အလက်များကို ချမှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုတ်ပြန်ခြင်းများ ပြုလုပ်နိုင်သည်။

**အပိုင်း - ၅**
**နိုင်ငံခြားကုန်သွယ်မှုနှင့် ပတ်သက်သည့် နည်းပညာပိုင်ဆိုင်ခွင့် အကာအကွယ်ပေးရေးလုပ်ငန်း**

(၂၉) နိုင်ငံတော်အနေဖြင့် နည်းပညာပိုင်ဆိုင်မှု ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းတွင်းရှိ နည်းပညာ ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးသွားမည် ဖြစ်သည်။ တင်သွင်းလာသည့်ကုန်ပစ္စည်းမှာ နည်းပညာ ပိုင်ဆိုင်မှုကို ချိုးဖောက်ခဲ့သော်၊ နိုင်ငံခြားကုန်သွယ်မှုစည်းစနစ်ကို ချိုးဖောက်ခဲ့သော် နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းဦးစီးဌာနမှအတိုင်းအတာတစ်ခုအတွင်း ပိုင်ဆိုင်မှုချိုးဖောက်သူအား ထိုကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခွင့် ပိတ်ပင်ခြင်းများ ပြုလုပ်နိုင်သည်။

(၃၀) နည်းပညာပိုင်ဆိုင်သူအနေဖြင့် နည်းပညာလွှဲပြောင်းပေးထားသူနှင့် ချုပ်ဆိုထားသည့် နည်းပညာ လွှဲပြောင်းမှုစာချုပ်ပါ လုပ်ကိုင်ခွင့်များ အကောင်အထည်ဖော်မှုကို နှောင့်ယှက်ခြင်း၊ ဖိအားဖြင့် နည်းပညာလွှဲပြောင်းမှုအမျိုးမျိုး ပြုလုပ်ကာ တရားဝင်လုပ်ပိုင်ခွင့်များကို ချုပ်ထားခြင်း၊ နည်းပညာ လွှဲပြောင်းမှုစာချုပ်များတွင် အခြားသော နည်းပညာ လွှဲပြောင်းမှုများ ပြုလုပ်မှုကို ပိတ်ပင်ထားခြင်းစသည်တို့ကိုပြုလုပ်ပါက နိုင်ငံတကာ ကုန်သွယ်မှု၏ တန်းတူညီမျှစွာ ယှဉ်ပြိုင်မှုများကို ထိခိုက်စေသော် နိုင်ငံတော်ကောင်စီ၊ နိုင်ငံတကာ ကုန်သွယ်ရေးဦးစီးဌာနမှ သင့်တင့်သည့် တားမြစ်ချုပ်ကိုင်မှုများ ပြုလုပ်၍ ၎င်းကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များကို ကာကွယ်တားဆီးနိုင်သည်။

(၃၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားဝင်လုပ်ငန်းရှင်အသင်းအဖွဲ့ နိုင်ငံသားများ၏ နည်းပညာဆိုင်ရာ တရားဝင်လုပ်ကိုင်ခွင့် (သို့မဟုတ်) တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်း၊ နည်းပညာ၊ ဝန်ဆောင်မှုများရှိ နည်းပညာပိုင်ဆိုင်မှုများကို အခြားနိုင်ငံများ (သို့မဟုတ်) ဒေသများမှ ထိရောက်သော အကာအကွယ်ပေးမှု မပြုလုပ်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စာချုပ် ချုပ်ဆိုထားသော မိတ်ဖက်နိုင်ငံ (သို့မဟုတ်) နိုင်ငံတကာ ပဋိညာဉ်စာချုပ်၊ သဘောတူစာချုပ်ပါ နိုင်ငံ များမှ နည်းပညာပိုင်ဆိုင်မှုအတွက် ရသင့်ရထိုက် သော အကာအကွယ်မပေးနိုင်လျှင် နိုင်ငံတော် ကောင်စီ နိုင်ငံတကာကုန်သွယ်ရေးဦးစီးဌာနမှ သင့်တင့်သည့် တားမြစ်ချုပ်ကိုင်မှုများ ပြုလုပ်နိုင်သည်။

**အပိုင်း - ၆**
**နိုင်ငံခြားကုန်သွယ်မှုစည်းစနစ်**

(၃၂) နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းတွင် လက်ဝါး ကြီးအုပ်မှု တားဆီးရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုမပြုရ။ နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းတွင် လက်ဝါးကြီးအုပ် လုပ်ငန်းများပြုလုပ်ခြင်း၊ ဈေးကွက်တွင် တန်းတူညီမျှသည့် ယှဉ်ပြိုင်မှုကို ထိပါးခြင်းဖြစ်ပေါ်လာပါက လက်ဝါးကြီးအုပ်မှု တားဆီးရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူနိုင်သည်။

အထက်ပါပုဒ်မရှိ ပိတ်ပင်ချက်များကို ချိုးဖောက်မှု၊ နိုင်ငံတကာ ကုန်သွယ်မှုဈေးကွက်ကို ထိပါးမှုများ ဖြစ်လာပါက နိုင်ငံတော်ကောင်စီ၊ နိုင်ငံတကာကုန်သွယ်ရေး ဦးစီးဌာနမှ သင့်တင့်သည့် တားမြစ်ချုပ်ကိုင်မှုများ ပြုလုပ်၍ ၎င်းကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များကို ကာကွယ် တားဆီးနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်**

# ထိုင်းနိုင်ငံတွင် စားအုန်းဆီပိုလျှံထုတ်လုပ်မှုကြောင့် စားအုန်းဆီဈေးကျဆင်း

ဆီအုန်းဈေး ကျဆင်းခြင်းသည် ဈေးကစားမှုကြောင့် မဟုတ်ဘဲ ပိုလျှံထုတ်လုပ်မှုကြောင့် ဖြစ်ကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောကြားပါသည်။ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန အကြီးအကဲ Ms.Nuntawan Sakuntanaga က ဈေးကွက်ဝယ်လိုအားထက် ထုတ်လုပ်မှု ရောင်းလိုအားက များပြားခဲ့ခြင်းကြောင့် ဈေးနှုန်းကျဆင်းသည်ကို စုံစမ်းသိရှိရကြောင်း ပြောကြားပါသည်။ ဆီအုန်းစိုက်ပျိုးသူများက ကုန်သည်များ၏ ဈေးကစားမှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်းမှုအပေါ် ဖြေရှင်းပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ တောင်းဆိုမှုအပေါ် စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

လွန်ခဲ့သည့်နှစ်လအတွင်း စားအုန်းဆီဈေးသည် တစ်ကီလိုဂရမ်တွင် ၅ ဘတ်မှ ၃ - ၃ ဒသမ ၅ ဘတ်အထိ ကျဆင်းခဲ့ကြောင်း၊ ထုတ်လုပ်မှုစရိတ်မှာ တစ်ကီလိုဂရမ်လျှင် ၃ ဒသမ ၈ ဘတ် ကုန်ကျခဲ့ကြောင်း ဖော်ပြထားပါသည်။ Ms Nuntawan ၏ ပြောကြားချက်အရ ယခုနှစ်တွင် ယခင်ကာလတူထက် ပိုမိုထုတ်လုပ်ခဲ့ပြီး ဧပြီလမှ ဇွန်လအတွင်း ထုတ်လုပ်မှုမြင့်တက်ခဲ့ကြောင်း၊ ဧပြီလတွင် ၂၀ ဒသမ ၇ ရာခိုင်နှုန်း၊ မေလတွင် ၃၅ ဒသမ ၃၆ ရာခိုင်နှုန်း နှင့် ဇွန်လတွင် ၂၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး ကာလတူထက်ပိုမို ထုတ်လုပ်ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ ထုတ်လုပ်သမျှ ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိသဖြင့် ဈေးနှုန်း ထပ်မံကျဆင်းဦးမည် ဖြစ်ကြောင်း ၎င်းကရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆီအုန်းကုန်ကြမ်း လက်ကျန်များသည် သန့်စင်သည့် စက်ရုံနှင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်သည့် စက်ရုံများတွင် စုပုံများပြားနေကြောင်း၊ စားအုန်းဆီရောင်းချမှုမှာလည်း ဈေးနှုန်းကျဆင်းနေသည့်တိုင် အရောင်းထိုင်းနေဆဲဖြစ်ကြောင်း၊ ဈေးနှုန်းမှာ ၃၄ ဘတ်မှ ၂၆ ဘတ်ထိ ကျဆင်းသွားကြောင်း၊ သို့ဖြစ်၍ သန့်စင်စက်ရုံများအနေဖြင့်လည်း စားအုန်းဆီကြမ်း ဝယ်ယူရန် စိတ်ဝင်စားမှုမရှိကြကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။ ယင်းသို့ လက်ကျန်များပြားနေခြင်းသည် စားအုန်းဆီကြမ်းများအား ဝယ်ယူရန် မဖြစ်စေနိုင်တော့ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဆောင်သော ဆီအုန်းသီးနှင့် စားအုန်းဆီကြမ်း စီမံခန့်ခွဲရေး ဆပ်ကော်မတီအနေဖြင့် ဆီအုန်းအထွက်နှုန်းအား တစ်ရိုင်တွင် ၂ ဒသမ ၅ တန်မှ သုံးတန်အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် စိုက်ပျိုးသည့် မျိုးကိုလည်း အထွက်နှုန်း ကောင်းမွန်သည့် ဆီ ၁၈ ရာခိုင်နှုန်းပါဝင်သော မျိုးကောင်းမျိုးသန့်များ သုံးစွဲရန် သဘောတူညီခဲ့ကြကြောင်း၊ ဆီ ၁၈ ရာခိုင်နှုန်းပါမျိုးမှာ တစ်တန်လျှင် ဘတ် ၃၀၀ ဝင်ငွေ တိုးမြှင့်ရရှိစေနိုင်ကြောင်း၊ ပြည် နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဆီအုန်းစိုက်ပျိုး သူများအား မျှတသည့် ဈေးနှုန်းရရှိစေရန် စောင့်ကြည့်ကြပ်မတ်ပေးရေး တိုက်တွန်းခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးတိုက်တွန်းခဲ့ပြီး ထုတ်လုပ်မှု စရိတ်လျော့ကျစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးရုံးမှ ဆီအုန်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုက်တွန်းကူညီပေးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

၎င်းစီမံကိန်းတွင် စက်မှုလုပ်ငန်း အဆင့်အတန်း သတ်မှတ်ခြင်းနှင့် စက်မှုလုပ်ငန်းဥပဒေများကိုထိရောက်စွာ လိုက်နာစေရေးတို့လည်း ပါဝင်ကြောင်း၊ စွမ်းအင်စီးပွားရေးဦးစီးဌာနအား အရန်စားအုန်းဆီကြမ်း လက်ကျန်ကို တိုးမြှင့်ထားရှိရန် တိုက်တွန်းခဲ့ကြောင်း၊ ဇွန်လတွင် အရန် စားအုန်းဆီကြမ်း လီတာ ၁၃ သန်းမှ ၆၈ သန်းသို့ လည်းကောင်း၊ ဇူလိုင်လတွင်သန်း ၉၀ သို့လည်းကောင်း၊ ယခုလတွင်သန်း ၁၂၀ သို့လည်းကောင်း အသီးသီး တိုးမြှင့်ထားရှိစေခဲ့ကြောင်း၊ ၎င်းအပြင် အကောက်ခွန် ဦးစီးဌာနအနေဖြင့်လည်း ဆီအုန်းကြမ်းများ တရားမဝင်တင်သွင်းမှုကို တားဆီးပြီး ဈေးနှုန်းကျဆင်းမှုကို ကာကွယ်ပေးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**သောင်းနိုင်(တာချီလိတ်)**

**Source-Bangkok Post**

# ဝင်ငွေထွက်ငွေ မမျှတသည့် ထိုင်းအိမ်ထောင်စု ထက်ဝက်ခန့် စိုးရိမ်ပူပန်နေကြ

ထိုင်း အိမ်ထောင်စု ထက်ဝက်ခန့်တို့သည် နေ့စဉ်လူနေမှုစရိတ် ကြီးမြင့်လာခြင်းအပေါ် စိုးရိမ်လျက်ရှိနေကြကြောင်း၊ ဝင်ငွေအဆင့် တစ်လလျှင် ဘတ် ၁၅၀၀၀ နှင့်အောက် ရရှိသူများအနေဖြင့် စိုးရိမ်ပူပန်မှု ပိုမိုဖြစ်ပွားနေကြောင်း ကာစီကွန်း သုတေသနဌာနမှ ထုတ်ပြန်ပါသည်။ နောက်ဆုံး စီးပွားရေးစစ်တမ်း ကောက်ခံခဲ့မှုအရ ဝင်ငွေ ၁၅၀၀၀ နှင့်အောက် ရရှိသူများသည် ဘဝရပ်တည်မှုအတွက် လုံလောက်မှုမရှိဘဲ အကြွေးသံသရာတွင် နစ်မြုပ်နိုင်သည်ဟု ဖြေဆိုသူ ၅၃ ရာခိုင်နှုန်းက ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

အလုပ်အကိုင်မခိုင်မာသော အိမ်ထောင်စုများအနေဖြင့် နေ့စဉ်ဝင်ငွေရရှိရေးသည် လုံလောက်မှုထက် ပိုမိုအရေးကြီးနေကြောင်း၊ ၎င်းအုပ်စုတွင် ရုံးအလုပ်သမားများနှင့် လုပ်ခနည်း နေ့စားများ ပါဝင်ကြောင်း၊ အလုပ်ခိုင်မာမှုရှိသော အိမ်ထောင်စုများအနေဖြင့် နေ့စဉ်ပုံမှန် ဝင်ငွေ ရရှိရေးထက် လုံလောက်ရေးကို ဦးစားပေးကြောင်း၊ ၎င်းအုပ်စုတွင် အစိုးရအမှုထမ်းများနှင့် စီးပွားရေး လုပ်ငန်းရှင်များပါဝင်ကြောင်း ဖော်ပြထားပါသည်။ ကာစီကွန်း သုတေသနဌာနမှ ၎င်းတို့ တွေ့ရှိချက်အား ထုတ်ဖော်ပြောကြားခဲ့ပြီး အိမ်ထောင်စုများ အနေဖြင့် ဇွန်၊ ဇူလိုင်လမှစ၍စီးပွားရေးလုပ်ငန်းများအပေါ် ယုံကြည်မှုလျော့နည်း ကျဆင်းသွားကြောင်း၊ ယင်းသို့ အိမ်ထောင်စု ယုံကြည်ချက် ကျဆင်းခြင်းသည် အထွေထွေကုန်ပစ္စည်းဈေးနှုန်းနှင့် နိုင်ငံခြားလုပ်သား အခြေအနေတို့ကိုလည်း သက်ရောက်စေကြောင်း၊ အစိုးရအနေဖြင့် ရွှေ့ပြောင်းလုပ်သားအသစ် ခန့်ထားခြင်းဆိုင်ရာ တင်းကြပ်သည့် ဥပဒေအား မကြာမီက ထုတ်ပြန်ခဲ့ပြီးနောက် စီးပွားရေး လုပ်ငန်းရှင်များအတွက် ဈေးနှုန်း သတ်မှတ်ခြင်းနှင့် လုပ်သားငှားရမ်းခြင်း အခက်အခဲများ တွေ့ကြုံခဲ့ရကြောင်း၊ ၎င်းဖြစ်ရပ်များသည် အားသွန်ခွန်စိုက် လုပ်ကိုင်ရသော လုပ်ငန်းများအတွက် ထိခိုက်စေပြီး ဝင်ငွေရရှိမှုကိုလည်း ထိခိုက်စေခဲ့ကြောင်း လေ့လာချက်အရ တွေ့ရှိခဲ့ရပါသည်။

အိမ်ထောင်စုများအနေဖြင့် ဗဟိုဘဏ်မှ မကြာမီက ထုတ်ပြန်ခဲ့သော အကြွေး ဆေးကုသခွင့်အစီအစဉ်သည်လည်း အဆင်မပြေခဲ့ကြောင်း၊ ၎င်းအစီအစဉ်အတွက် လိုအပ်ချက်များအား ပြည့်မီအောင် ဆောင်ရွက်နိုင်သည့် အိမ်ထောင်စု နည်းပါးကြောင်း၊ လျှောက်ထားသူ ၁၈၀၀၀ အနက် အရည်အချင်း ကိုက်ညီသူ ၃၀၀ သာ ရှိခဲ့ကြောင်း၊ ၎င်းအပြင် လျှပ်စစ်ခတ်အားခ မြင့်တက်လာခြင်းသည်လည်း အိမ်ထောင်စုများအတွက် စရိတ်မြင့်တက်စေမှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြသွားပါသည်။

**သောင်းနိုင်(တာချီလိတ်)**

*စာမျက်နှာ (၂၁) မှ ➢ ➢ ➢ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အရည်အချင်းဆိုတာဘာလဲ ...... မှအဆက်*

ဖော်ပြပါခေါင်းဆောင်မှု အရည်အချင်း (၁၀)ချက် ပြည့်စုံသော စီးပွားရေးဆိုင်ရာ ခေါင်းဆောင်တစ်ဦးသည် လုပ်ငန်းစဉ်ဆိုင်ရာ အထက်ဖော်ပြပါ ဆုံးဖြတ်ရမည့် အချက်သုံးချက်ကို သိရှိတတ် ကျွမ်းပြီးပါက စီးပွားရေးလုပ်ငန်းကို ဦးဆောင်မှု အောင်မြင်ပေ လိမ့်မည်။ ဤမျှသာမက စီးပွားရေးဆိုင်ရာ ဝေါဟာရအချို့ကို လေ့လာကာ အမြဲ Update ဖြစ်နေသင့်သည်။

**စီးပွားရေးဆိုင်ရာ ဝေါဟာရအချို့ကို လေ့လာသိရှိခြင်း**

စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအရည်အချင်း ပြည့်စုံစေရန်အတွက် စီးပွားရေးဆိုင်ရာ ဝေါဟာရများကို အမြဲတမ်း လေ့လာလျက် Update ဖြစ်နေဖို့ လိုအပ်သောကြောင့် ဥပမာပေး ဝေါဟာရသုံးမျိုးဖြစ်သည့် oligopoly, open-econony, political business cycle ကို ဖော်ပြအပ်ပါသည်။

အနည်းစု လက်ဝါးကြီးအုပ်မှု (oligopoly) ဆိုသည်မှာ နည်းသော ရောင်းသူဦးရေဟု အဓိပ္ပာယ်ရသည်။ အရေအတွက် အနည်းငယ်မျှသာရှိသော ကုမ္ပဏီများက ဈေးကွက် (Market)ကို လွှမ်းမိုးထားသည့် အခြေအနေကို ဆိုလိုသည်။ ယနေ့ကမ္ဘာ့စီးပွားရေးတွင် ထုတ်လုပ်နေသည့်အတွက် ထုတ်ကုန်၏တစ်ဝက်မှာ အနည်းစုလက်ဝါးအုပ်မှု လုပ်ငန်းနယ်ပယ်မှ လာခြင်းဖြစ်သည်။ နံနက်စာစားသုံးသီးနှံမှ မော်တော်ကားအထိ၊ ကွန်ပျူတာမှ လေယာဉ်ပျံအထိ၊ ရုပ်သံလွှင့်အစီအစဉ်မှ ဆေးဝါးထုတ်လုပ်ရေးအထိ၊ ရေနံမှ ဆပ်ပြာမှုန့်အထိ ထွက်ကုန်ပစ္စည်း အားလုံးလောက်ကို လူနည်းစု လက်ဝါးကြီးအုပ်ကုမ္ပဏီများက ထုတ်လုပ်ဖြန့်ဝေ ရောင်းချကြသည်။ သူတို့က ဈေးကွက်ပါဝါကြီးကြီးကို ကိုယ်တွယ်ထားတတ်သည်။

နိုင်ငံခြားနှင့် ကုန်သွယ်မှု အမြောက်အများ ဆောင်ရွက်သော စီးပွားရေးကို ယေဘုယျအားဖြင့် တံခါးဖွင့် စီးပွားရေး (open-econony)ဟု ခေါ်ကြသည်။ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးမရှိ ကုန်သွယ်မှုကို အပြည့်အဝကုန်သွယ်မှု ဟု ခေါ်သည်။ ကန့်သတ်မှုရှိတန်သလောက်ရှိသော နိုင်ငံခြားကုန်သွယ်မှုများသည် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများတွင် တွေ့ရသည်။

သူ့သဘောသူဆောင်၍ ဖြစ်လေ့ဖြစ်ထရှိသော စီးပွားရေးအတက်အကျ သံသရာရှိစမြဲဖြစ်သည်။ နိုင်ငံရေး ခေါင်းဆောင်များက မိမိတို့နိုင်ငံရေး အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ရှိရှိ ပုံဖော်ဖန်တီးတတ်သော ဘိဇနက်သံသရာ အမျိုးအစားကို နိုင်ငံရေး ဘိဇနက်သံသရာ (political business cycle) ဟု ခေါ်နေကြသည်။ ဥပမာ - အာဏာရပါတီတစ်ခု သည် ရွေးကောက်ပွဲ နီးလာသောအခါ နောက်တစ်ကြိမ် အရွေးခံရစေရန် နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ကို တွန်းတင်တတ်ကြသည်။ ဤတွန်းတင်မှုကြောင့် ထိုကာလအတွင်း နိုင်ငံစီးပွားရေးအတက်ကို political business cycle ပြုသည်ဟု မှတ်ယူနိုင်သည်။ ဤသို့ပြုလုပ်ကြရာ၌ ဘဏ္ဍာရေးပေါ်လစီ (fiscal policy) ကို အသုံးချလျက် အစိုးရအသုံးစရိတ်မြှင့်ခြင်း၊ အခွန်အကောက်လျှော့ဖြတ်ခြင်းစသည့် စီးပွားရေး အတက်ကြမ်းလာအောင် ဆွပေးခြင်းမျိုး တွေ့ရ တတ်သည်။ ဆိုခဲ့သည့် ဝေါဟာရအပြင် စီးပွားရေးဆိုင်ရာ ခေတ်ဆန်းဝေါဟာရများကို အစဉ်လေ့လာနေသင့်ကြောင်းနှင့် ထိုသို့လေ့လာရာမှ စီးပွားရေးလုပ်ငန်း တိုးချဲ့အောင်မြင်နိုင်စွမ်းရလာနိုင်မည့် အခြေခံကောင်း ရှာဖွေတွေ့တတ် ပေမည်။

အချုပ်အားဖြင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အရည်အချင်းဆိုတာ ဘာလဲကို ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်သုံးသပ်မှုများကို အထက်ပါအတိုင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤသို့ စီးပွားရေး အရည်အချင်းပြည့်ဝစေရန် ဆုံးဖြတ်ချက်ချခြင်းနှင့် ရွေးချယ်ခြင်း (decision and choice) ဆိုသည်ကို ဆောင်ရွက်တတ်ရန် အထူးလိုပေသည်။ အကြံဉာဏ်ကြီးများ၊ အယူအဆ ကြီးများကို ဆုံးဖြတ်ရမည့်အချိန် ရောက်လာသည့်အခါ မည်ကဲ့သို့ ဖော်ဆောင်ဆုံးဖြတ်မည်ဆိုသော ဆုံးဖြတ်ချက် မှန်အောင်လုပ်မည့် အချက်အလက်ကို ဆက်လက် ဖော်ပြလိုပေသည်။ ရွေးချယ်စရာများသောအခါ စဉ်းစားစရာ အချက်များတွေ့ရပြီး အချိန်ပိုပေး၍ စဉ်းစားလာရသည်။ ဤသို့စဉ်းစား ဆုံးဖြတ်နိုင်ရန် သတိပြုရမည့်အချက်များကို ဆက်လက် ဖော်ပြထားသည်။

ဆုံးဖြတ်ချက်ချ၍ လုပ်လိုက်သည့်ကိစ္စတစ်ခုတွင် တစ်ယူသန်ပုံသေကားချ ဖြစ်မနေရန် ကျောက်ချထားသကဲ့သို့ ဖြစ်မနေရန်လိုခြင်း၊ နာမည်ပျက်သွားမှာ၊ အရှက်ရမှာစိုး၍ ပိုနေမြဲကျားနေမြဲ ဖြစ်ခြင်း၊ ငွေမြုပ်နေ၍ ဆက်မလုပ်တော့ခြင်း၊ ဆန့်ကျင်ဘက် အယူအဆအမြောက်အများကို ထည့်မတွက်ဘဲ လက်ထဲရှိ အထောက်အထားအရ မှန်ပြီဟု ယူဆခြင်း၊ မိမိအရည်အချင်းကို လိုသည်ထက်ပို၍ မိမိကိုယ်မိမိ ယုံကြည်မှုလွန်ကဲခြင်း၊ ပြဿနာအခက်အခဲက ဘာလဲဆိုသည်ကို ပီပီပြင်ပြင် မမြင်ခြင်း နှင့် များမကြာခင်တုန်းက ဖြစ်ရပ်ကို ပုံသေမှတ်ယူတတ်ခြင်းတို့သည် ဆုံးဖြတ်ချက် မှန်ကန်ရေးအတွက် ကန့်လန့်တိုက်နေသည့် အဆိုပါထောင်ချောက်ခုနစ်ခုကို အထူးသတိပြုရန် လိုသည်။ စီမံကိန်းလုပ်ငန်းတွင် လုပ်ငန်း ဆောင်ရွက်ကြသည့် အုပ်စုကွဲအယူအဆ ပေါ်ပေါက်တတ်သဖြင့် ထိုထောင်ချောက်များကို ဆင်ခြင်သုံးသပ် မှန်ကန်စွာ ဆုံးဖြတ်အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ထောင်ချောက်များကို ကျော်လွှားရာ၌ သတ္တိရှိရှိ၊ အမြော်အမြင်ရှိရှိ စိတ်ရှည်ခြင်းဖြင့် အဆုံးအဖြတ်ပြုရန် အပြစ်အနာအဆာမှန်ကို ရှာဖွေတတ်ရန်၊ မဆိုင်သည်များကို ရှောင်ရန်၊ ဆုံးဖြတ်ပြီးသည်ကို သုံးသပ်ရန်၊ အတိတ်ဖြစ်ရပ်ကြောင့် နောက်မဆုတ်ရန်၊ လူမှုရေးကို မငဲ့မိစေရန်၊ အလားအလာကောင်းကို ရွေးတတ်ရန် လိုပေသည်။ အတော်ဆုံး လူ သို့မဟုတ် အတော်ဆုံးအဖွဲ့က အချိန်ကာလ အခြေအနေနှင့် ကိုက်ညီစွာ ဆုံးဖြတ်ဖို့ ဖြစ်သည်။ သို့ဖြစ်ရာ စီးပွားရေးနှင့်ဆိုင်သော လုပ်ငန်းများအတွက် စီမံခန့်ခွဲမှုအရည်အချင်းကို ခွဲခြမ်းစိတ်ဖြာရာ၌ ဖော်ပြပါအလုံးစုံသော အရည်အသွေးဖြင့် မှန်ကန်တည့်မတ်စွာ ဆုံးဖြတ်ချက်ချနိုင်ပါမှ လုပ်ငန်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

❑

## စာမျက်နှာ (၁၉) မှ ➢➢➢ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တွေ့ဆုံခြင်း . . . . . မှ အဆက်

ပြောရမယ်ဆိုရင် လက်ရှိ မတ်ပဲ ထွက်နေတဲ့အရေအတွက်ကို လျှော့ချဖို့ရယ်၊ ပဲစင်းငုံ ထွက်နေတဲ့ပမာဏကို လျှော့ချဖို့ရယ်၊ ဒါကို လက်ရှိဦးစားပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနရယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရယ် ပူးပေါင်းပြီး တောင်သူတွေကို လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေကို Information ပေးရမှာ ဖြစ်ပါတယ်။

**ဒါဆိုရင် ပြောင်းလဲစိုက်ပျိုးမယ့် သီးနှံတွေရဲ့ဈေးကွက် အခြေအနေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ပူးပေါင်းပြီး ဘယ်လိုမျိုးလုပ်ဆောင်မလဲဆိုတာ ရှင်းပြပေးပါဦး။**

ပြောရမယ်ဆိုရင်တော့ လက်ရှိမြေပဲလိုဟာမျိုးကို ပြည်တွင်းမှာလည်း ဆီထွက်သီးနှံအဖြစ် ကြိတ်ခွဲစားသုံးလို့ရသလို မြေပဲဆန်ဆိုရင်လည်း တရုတ်ဘက်တို့၊ ထိုင်းဘက်တို့ သွားရင်လည်း ဈေးကောင်းရပါတယ်။

ထိုနည်းလည်းကောင်းပဲ ကုလားပဲဆိုရင်လည်း ဒီနှစ်က ကုလားပဲ အနီပဲဖြစ်ဖြစ်၊ V2, V7 စသည်ဖြင့် ပဲဖြူလေးတို့၊ ပဲလုံးကြီးတို့မှာလည်း ဒီနှစ်မှာဆိုရင် တစ်တင်းကို ကျပ်ငါးသောင်းလောက် ရှိတယ်။ ပဲစင်းငုံတို့ဘာတို့ဆိုရင် ပြုတ်ကျသွားတဲ့ အနေအထားမှာ ကျပ်တစ်သောင်းခွဲလောက်ပဲရှိ တော့တယ်။ အလားတူ မတ်ပဲဆိုရင်လည်း ကျသွားတဲ့အနေအထားမှာ တစ်တင်းမှ ကျပ် နှစ်သောင်း သုံးသောင်း၊ ဒီကြားထဲမှာပြေးနေတယ်ဆိုတော့ တောင်သူဘက်မှာလည်း အကျိုးရှိနိုင်တဲ့ ပဲ၊ ပြည်ပဈေးကွက်မှာလည်း နိုင်ငံခြားကို တင်ပို့လို့လည်း ရနေတဲ့ပဲမျိုးတွေကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက ပညာရှင်တွေကို တကယ်ဈေးကွက်ရှိတဲ့ပဲမျိုးတွေကို တင်ပြမယ်။ သူ့ မြေသူ့ရေနဲ့စိုက်ပျိုးလို့ အဆင်ပြေမယ့်ဒေသတွေမှာ ဘာတွေ စိုက်ပျိုးလို့ အဆင်ပြေမလဲဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနက ထပ်ပြီး ထုတ်ပြန်ပေးရမယ့်သဘောမျိုးပါ။

**လက်ရှိပဲတင်ပို့မှုမှာ G to G စနစ်နဲ့ တင်ပို့တာမျိုးမရှိသေးတာဟာ ဘာကြောင့်ပါလဲ။**

မှန်ပါတယ်။ ကျွန်တော်တို့ စပြီး အိန္ဒိယဘက်ကို နှစ်ပေါင်း ၃၀ လောက်ပဲတင်ပို့ရာမှာ စပြီး ပို့စဉ်အခါကတည်းက လွတ်လပ်တဲ့ ဈေးကွက် စီးပွားရေးစနစ်ဆိုပြီးတော့ ပြောရရင် Public လုပ်ငန်းအနေနဲ့ ဖွင့်ပေးလိုက်တာပါ။ ဖွင့်ပေးလိုက်တဲ့အခါကျတော့ Public လုပ်ငန်းအနေနဲ့ တဖြည်းဖြည်း တိုးတိုးပြီး ပို့လို့လည်း မနှစ်ကဆို တန်ချိန် ၁၄ သိန်း ကျော်လောက်တင်ပို့နိုင်ခဲ့တယ်။ ဟိုးအရင် စပြီး တင်ပို့စဉ်က တစ်နှစ်မှ တန်ချိန် လေးသိန်း ငါးသိန်းလောက်ပဲတင်ပို့နိုင်တယ်။ စိုက်ပျိုးတဲ့ တောင်သူလည်း အကျိုးရှိတယ်။ နိုင်ငံအတွက် လည်း ဝင်ငွေကောင်းတယ်။ ကုန်သည်တွေအတွက်လည်း အကျိုးရှိတယ်ဆိုတဲ့ အခါကျတော့ စိုက်ပျိုးတဲ့တောင်သူတွေကလည်း တိုးပြီးစိုက်သလို တကယ်တမ်းတင်ပို့တဲ့သူတွေအားကလည်း တကယ်ကောင်းတဲ့အခါကျတော့ Public အနေနဲ့ကတော့ တကယ်တွန်းပြီး တင်လာကြတာပေါ့။ G to G ရယ်လို့ ရှေ့မှာ နှစ်ပေါင်း ၃၀ လောက် လုပ်လာခဲ့တာ မရှိသေးဘူး။ အခုမှ အကယ်၍ အိန္ဒိယဝန်ကြီးချုပ်လာတဲ့အချိန်မှာ သူ့ဘက်က ဘယ်လိုပြန်ဖွင့်ပေးနိုင်မလဲ၊ Public ကိုပဲ ပြန်ဖွင့်ပေးနိုင်မလား၊ ဒါမှမဟုတ် G to G ဖွင့်မှာလား၊ အခုဆွေးနွေးပွဲမှာ ပြန်ပြီး ဆုံးဖြတ်နေတဲ့သဘော ပါပဲ။

**G to G လုပ်ခဲ့မယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အားနည်းချက် အားသာချက်တွေကိုလည်း ပြောပြပေးပါဦး။**

ပြောရရင်တော့ Government to Government ဆိုတာကတော့ အိန္ဒိယအစိုးရက တိုက်ရိုက် ဈေးနှုန်းရော အရေအတွက်ရော Limit လုပ်ပြီး ဝယ်မှာပေါ့နော်။ ဝယ်တဲ့အခါမှာကျတော့ ဒီဘက် မြန်မာနိုင်ငံ အစိုးရအနေနဲ့ကျတော့ ဒီဘက်မှာရှိတဲ့ အများပိုင်တစ်ခုခုကို တာဝန်ခံခိုင်းရတော့မယ်။ တာဝန်ခံတဲ့အခါမျိုးမှာ ဈေးနှုန်းက သင့်တင့်မျှတတဲ့ဈေးနှုန်းတစ်ခုပဲ အိန္ဒိယအစိုးရဘက်က ဝယ်ယူတာမျိုးပဲ ဖြစ်လာမှာပါ။ ကန့်သတ်လိုက်တဲ့ ဥပမာ ဆိုတဲ့သဘောက MSP Price ဆိုတာ သူတို့တောင်သူ စိုက်ပျိုးပြီးတော့ ရရှိတဲ့အကျိုးအမြတ် အနည်းငယ်ပေးပြီးမှ သူတို့အိန္ဒိယမှာဆိုရင် မတ်ပဲဆိုရင် ဒီနှစ်မှာ ရူပီး ၅၄၀၀ လောက်ပဲ ပေးတယ်။ အဲဒီအတိုင်းပဲ ပဲစင်းငုံဆိုရင်လည်း ရူပီး ၅၀၀၀၊ ၅၁၀၀ လောက်ပေးထားတယ်။ အဲဒီလိုမျိုးဈေးနှုန်း တစ်ခုကတော့ fixed သဘောမျိုးဖြစ်သွားမယ်။

အခု Public လုပ်ငန်းလို ဈေးနှုန်းတက်တာ ကျတာဆိုတာမျိုးကတော့ အရမ်းကို နည်းသွားမယ်။ အခုလက်ရှိအနေအထားအရ အိန္ဒိယဘက်မှာ မြန်မာနိုင်ငံက ထွက်တဲ့ပစ္စည်းက အိန္ဒိယနိုင်ငံကို အဓိက သွားနေတဲ့အခါကျတော့ အိန္ဒိယနိုင်ငံက ပိတ်လိုက်တဲ့အခါမှာထွက်ပေါက်တစ်ခုရအောင် အရင်ဆုံးကြိုးစားရမယ့်သဘောပါ။ ပြီးမှ ကျွန်တော်တို့ ပြန်ပြီးတော့ မတ်ပဲ၊ ပဲစင်းငုံ တန်ချိန် ခြောက်သိန်း ထွက်တယ်၊ တန်ချိန်နှစ်သိန်းခွဲထွက်တဲ့နေရာမှာ တန်ချိန်သုံးသိန်းပဲထွက်မယ်၊ တန်ချိန် တစ်သိန်းခွဲပဲထွက်မယ် စသည်ဖြင့် တဖြည်းဖြည်း လျှော့ချလာတဲ့အချိန်မှာကျတော့ အိန္ဒိယကလည်း သူတို့က လုံးဝကို မဝယ်တော့ဘူးလို့ ပိတ်တာမျိုး မဟုတ်ဘူး။ Public ကို သူက လက်ရှိ ကန့်သတ် လိုက်တာ။ Public ကိုပဲ စင်းငုံနဲ့ပတ်သက်ရင် တန်ချိန် နှစ်သိန်း၊ မတ်ပဲနဲ့ ပဲတီစိမ်းနဲ့ပတ်သက်ရင် တန်ချိန်သုံးသိန်း၊ အဲဒီလိုကန့်သတ်လိုက်တာ။ ဒါကလည်း မတ်လကုန်တဲ့အထိပဲ ကန့်သတ်ထားတာ။ ဧပြီလ ၁ရက် ၂၀၁၈ ဘတ်ဂျက်နှစ်ကို စရောက်တာနဲ့ တစ်ပြိုင်နက် ဒီပစ္စည်း Amount ကို ပြန်ဝယ်ဦးမှာ။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ထွက်ပေါက်တစ်ခုအဖြစ် မဖြစ်တဲ့အဆုံးမှာ G to G ကို အိန္ဒိယဝန်ကြီးချုပ် မြန်မာနိုင်ငံကို လာရောက်တဲ့ အချိန်မှာ လူကြီးတွေနဲ့ ကြိုးစားကြည့်မယ်။ Public က ဝယ်ရင်တော့ ပိုကောင်းမှာပေါ့။ ကျွန်တော်တို့ရဲ့အမြင်မှာတော့ နည်းနည်းခက်ပါမယ်။ တကယ်လို့ အိန္ဒိယဝန်ကြီးချုပ်က နောက်ဆုံးနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဝယ်မယ်ဆိုရင်တောင် G to G ဖြစ်ဖို့ အရမ်းများသွားပြီ။ G to G ဖြစ်အောင်ဝယ်တဲ့အခါမှာလည်း ကျွန်တော်တို့အနေနဲ့ ထွက်ပေါက်တစ်ခုအနေနဲ့ ယူထားရမှာပဲ။ နောက်ပြီး Public အနေနဲ့ ပို့နိုင်တဲ့ပမာဏကိုလည်း ပို့ရမှာပဲ။

**G to G စနစ်က ရေရှည်မှာ ဈေးနှုန်း တည်ငြိမ်မှုရှိပြီး အာမခံချက်ရှိတဲ့ စနစ်ဖြစ်တာကြောင့် ပြန်ဖွင့်လာတဲ့အခါမှာ G to G စနစ်နဲ့ သွားမယ်ဆိုရင် ကုန်သည်တွေရဲ့ သဘောထားက ဘယ်လိုရှိလာမလဲ။**

လက်ရှိမှာ G to G ဆိုတာကတော့ တောင်သူစိုက်ပျိုးတဲ့စရိတ်၊ တောင်သူကို ထိုက်သင့်တဲ့ အကျိုးအမြတ်ပေးပြီးတော့ သယ်ယူစရိတ်တွေ ပေါင်းပြီး မြန်မာနိုင်ငံမှာ ဘယ်ဈေးနဲ့ဝယ်မယ်ဆို ပြီးတော့ သူက လာမယ်ပေါ့။ အဲဒီလိုမျိုးလာတဲ့အခါမှာ တောင်သူတွေအနေနဲ့ ဒီအကျိုးအမြတ်ပေါ်မှာ မကျေနပ်ဘူးဆိုရင် တခြားပဲကို ပြောင်းသွားကြမှာပါ။ ဒါကြောင့် G to G ကို ကျွန်တော်တို့အနေနဲ့ နှစ်ရှည်တော့ မချုပ်ချင်ပါဘူး။ လက်ရှိ ဖြစ်နေတဲ့အခက်အခဲပေါ်မှာ တစ်နှစ်လား နှစ်နှစ် လားအစရှိသည်ဖြင့်ပေါ့။ ဒါတွေက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရော၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရော၊ ပဲလုပ်ငန်းရှင်အသင်းရော ညှိနှိုင်းပြီးတော့ တကယ် ချုပ်ရမှာပါ။ မဟုတ်ရင် တောင်သူကလည်း စိုက်ဖို့ဆိုတာ တဖြည်းဖြည်းနည်းလာမှာပါ။ မဖြစ်မနေ ကိုယ့်မြေက မတ်ပဲ ပဲစိုက်လို့ အဆင်ပြေမှာပါဆို ရင် သူက မတ်ပဲပဲစိုက်မှာကိုး။ ဒါကြောင့် G to G ဆိုတာက ကာလရှည်ဖြစ်ဖို့ နည်းနည်းလေး ခက်ပါတယ်။ Public လုပ်လာတာက နှစ်ပေါင်း ၃၀ လောက်ရှိပြီဆိုတော့ G to G ဆိုရင် ဈေးနှုန်းမရခဲ့လို့ အိန္ဒိယမှာ ဈေးတက်နေတယ်၊ တခြားနိုင်ငံတွေမှာ ဈေးတက်နေတယ်၊ အထွက်နည်းတယ်ဆိုရင် တောင်သူတွေအတွက် တကယ်ကိုအထိနာမှာ သေချာပါတယ်။ အခုလက်ရှိအနေအထားအရတော့ သူတို့ဘက်က ကမ်းလှမ်းခဲ့ရင် ကျွန်တော်တို့ကတော့ ကြိုးစားပြီး လုပ်ကြည့်ရမှာပဲ။ ထွက်ပေါက်တစ်ခုအနေနဲ့တော့ ကြိုးစားကြည့်ရမှာပဲ။ ကျွန်တော်တို့ဘက်ကလည်း တဖြည်းဖြည်း ပုံစံ ပြောင်းမယ်၊ ထွက်လာတဲ့ပဲပမာဏလျှော့လာတယ်ဆိုရင် ကန့်သတ်ထားတဲ့ပမာဏထဲကို ဝင်တယ်ဆိုရင် ဒီအတိုင်းလုပ်ချင်ရင် လုပ်မှာပါ။

**အရင်က G to G လုပ်ဖို့ စီစဉ်ထားတာ ဘာကြောင့် ပျက်သွားရတာပါလဲ။**

လက်ရှိ အိန္ဒိယဘက်က ဈေးမြင့်တဲ့အချိန်တုန်းက G to G ဝယ်ဖို့ လာပြီး ကမ်းလှမ်းတာရှိပါတယ်။ လာကမ်းလှမ်းတဲ့အချိန်မှာ သူက G to G ပဲ ဝယ်ချင်တယ်။ ကျွန်တော်တို့ဘက်မှာလည်း အစိုးရက ဆိုလိုတဲ့သဘောက အရင်တုန်းကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာ ကုန်သွယ်/လယ်ယာဆိုတာရှိတယ်။ သိုလှောင်ရုံတွေမှာ ပစ္စည်းဝယ်တယ်။ နိုင်ငံတော်ကငွေနဲ့ ပေးချေတယ်။ ပြီးမှ နိုင်ငံခြားကို ပြန်တင်ပို့တယ်။ ဒါက G to G လုပ်လို့ရတယ်။ အခု ဒီမှာကျတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ Public လုပ်ငန်းအနေနဲ့ လွှဲပေးလိုက်တဲ့အခါကျတော့ ဒီလုပ်ငန်းက ဈေးကွက်စီးပွားရေးစနစ်ဖြစ်သွားပြီ။ အဲဒီတော့ ကျွန်တော်တို့က လည်း ဘာပဲဖြစ်ဖြစ် ဟိုအရင်ကတည်းကလည်း စဉ်းစားပြီးသား၊ ဒီလို G to G လာကမ်းလှမ်းရင် ကျွန်တော်တို့က ရောင်းမယ်။ ဒါပေမဲ့ ကျွန်တော်တို့ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ပေါက်ဈေးအတိုင်း တစ်ပတ်ကို တန် ဘယ်လောက်လိုချင်သလဲ၊ တစ်လကို တန်ဘယ်လောက် လိုချင်သလဲ၊ လိုချင်တဲ့ဟာကို ကုန်စည်ဒိုင်မှာ ရောင်းပေးမယ်။ ဒီမှာလာပြီး Open Tender သဘောမျိုး ရောင်းပေးမယ်။ ဒါကိုသူတို့က လက်မခံဘူး။ လက်မခံတာမှ ဘာအထိ လက်မခံတာလဲဆိုတော့ ဈေးကွက်အနိမ့်အမြင့်ကို သူတို့ မလိုချင်ဘူး။ ဈေးကွက်ပုံသေတစ်ခုပဲလိုချင်တယ်။ မင်းတို့ တောင်သူဘယ်ဈေးအရင်းကျသလဲ၊ သူတို့မေးပုံက ရှင်းရှင်းလေးရယ်။ ကျွန်တော်တို့ကိုလာ မေးတာ။ တောင်သူရဲ့အရင်းက ဘယ်လောက်လဲ။ အဲဒီဈေးနဲ့ ရန်ကုန်ရောက်ရင် ဘယ်လောက်လဲ။ သန့်စင်ပြီးကုန်ကျတာ ဘယ်လောက်လဲ။ ငါတို့ အိန္ဒိယကို ပြန်ပို့ရင် ကုန်ကျစရိတ်ကဘယ်လောက်လဲ။ အကုန်ပေါင်းပြီး အဲဒီပေါ်မှာ ငါတို့ အမြတ်ပေးမယ်။ အဲဒီတုန်းက အဲဒီလိုအခြေအနေမျိုးဖြစ်ခဲ့လို့ ပျက်သွားခဲ့တယ်။

ဒါပေမဲ့ အခုကတော့ ကျွန်တော်တို့မှာ ထွက်ပေါက်မရှိတော့ဘူး။ အခက်အခဲဖြစ်သွားပြီ။ ဒီ G to G လည်း မတတ်နိုင်တော့ဘူး၊ ခေါင်းညိမ့်ရမယ့်အနေအထားကို ရောက်သွားပြီ။ ကျွန်တော်တို့ လိုချင်တာက Public ဘက်က အာမခံပေးမှာက စီးပွား/ကူးသန်း၊ Public နဲ့စီးပွား/ကူးသန်းနဲ့ပေါင်းပြီးတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ ရောင်းမှာ။ ဒါကို လက်မခံဘူး။ သူက G to G ပဲလိုချင်တာ။ G to G မှာ ဈေးနှုန်းတစ်ခုကို သူက Fixed လုပ်ပြီးတော့ပဲ ဝယ်ချင်တာ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အိန္ဒိယကို ပဲတစ်မျိုးပဲတင်သွင်းတယ်ဆိုပေမယ့် သူတို့နိုင်ငံကနေ ကျွန်တော်တို့ပြန်ဝယ်တဲ့ ပစ္စည်းတွေက နည်းမှ မနည်းတာ။ တကယ့်အိမ်သုံးဆေးဝါးလိုဟာမျိုးတွေ၊ လယ်ယာသုံးပစ္စည်း တွေ၊ အိမ်ဆောက်ပစ္စည်းနဲ့ပတ်သက်ရင် သံတို့၊ ဘိလပ်မြေတို့၊ သကြားတို့၊ ကျွန်တော်တို့ နောက်ဆုံးကြည့်လိုက်တဲ့ ဩဂုတ်လ လဆန်းပိုင်းအထိဆို ကျွန်တော်တို့ ပို့လိုက်တဲ့ပဲပမာဏထက် သူတို့ဆီက ပြန်တင်သွင်းလာတဲ့ပမာဏက ပိုပြီးများနေတာကို တွေ့ရပါတယ်။

**ဟုတ်ကဲ့။ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

## စာမျက်နှာ (၁၉) မှ ➢➢➢ အိန္ဒိယနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းများ . . . . . မှ အဆက်

ဆွေးနွေးခဲ့ကြရာ အသင်းသားတစ်ဦးက မြန်မာနိုင်ငံအတွင်းသို့ ပဲများတင်သွင်းနေမှုအားလည်း ကန့်သတ်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံတွင်းသို့ စားတော်ပဲများ တင်သွင်းနေမှုကို ကန့်သတ်ပေးစေလိုကြောင်း၊ ကုလားပဲသည် အိန္ဒိယနိုင်ငံတွင် ဈေးအကောင်းဆုံးဖြစ်သည့် ပဲအမျိုးအစားဖြစ်နေ၍ ကုလားပဲကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ မည်သည့်ဒေသတွင် မည်သည့်ပဲမျိုးကို စိုက်ပျိုးရန်သင့်မသင့်ဆို သည်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျေးရွာအုပ်စုများအထိ ကွင်းဆင်း၍ အသိပညာပေးခြင်းတို့ကို ပြုလုပ်စေလိုကြောင်း၊ Value Added လုပ်ရန်အတွက်ကိုလည်း စဉ်းစားကြစေလိုကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်မည်ဆိုပါက ပဲခွဲစက်များ အများအပြား လိုအပ်မည်ဖြစ်ပါကြောင်း၊ ပဲစင်းငုံကို တပ်ရိက္ခာနှင့်အကျဉ်းဦးစီးရိက္ခာအတွက် ပေးသွင်းရန် စဉ်းစားပေးစေလိုကြောင်း၊ အဆိုပါတပ်ရိက္ခာနှင့် အကျဉ်းဦးစီးရိက္ခာများကို ပေးသွင်းနေသည့် Yellow Peas, Yellow Pesa(Dried) တင်သွင်းနေမှုကို ပိတ်ပေးစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် အိန္ဒိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့လာ ရောက်သည့်အခါတွင် ကန့်သတ်ထားသည့် ပဲများအား တင်သွင်းခွင့်ရရှိရေးအတွက် နိုင်ငံတော်အဆင့်တာဝန်ရှိသူများက ဆွေးနွေးနိုင်ရန် အချက်အလက် အသေးစိတ်နှင့်တကွ စီးပွားရေးနှင့် ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နှင့် တွေ့ဆုံရာတွင် တင်ပြသွားရန်၊ နှစ်နိုင်ငံအစိုးရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ G to G စနစ်ဖြင့် (ဝယ်ယူမည့် တန်ချိန်သာ ဖော်ပြ၍ ဈေးနှုန်းသတ်မှတ်ခြင်း မပြုသည့်)စာချုပ်ချုပ်ဆို ဝယ်ယူခြင်း အား လက်ခံရန်၊ ပြည်ပမှ Yellow Peas, Yellow Pesa(Dried) တင်သွင်းနေမှုအား Bill of Loading ရက်စွဲဖြစ်သည့် ဩဂုတ်လ ၂၄ ရက်ကို နောက်ဆုံးထား၍ ကုန်ပစ္စည်းတင်ဆောင်ပြီး သက်ဆိုင်ရာဆိပ်ကမ်းမှ ထွက်ခွာလာသည့် ကွန်တိန်နာများကိုသာ လက်ခံတင်သွင်းခွင့်ပြုရန်နှင့် လက်ရှိ စိုက်ပျိုးပြီးဖြစ်သည့် ပဲစင်းငုံနှင့် မကြာမီလပိုင်းအတွင်း စိုက်ပျိုးတော့မည့် မတ်ပဲစိုက်ဧရိယာများတွင် စိုက်ပျိုးမြေနှင့် ကိုက်ညီသည့်အခြားသော ပဲများကိုတောင်သူများ ချင့်ချိန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တစ်ဆင့် အသိပညာပေးရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ရင်းနှီးမြှုပ်နှံသူများသို့ အသိပေးကြေငြာခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တို ဘာလ ၁၈ ရက်၌ ပြဋ္ဌာန်းပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံ သူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းသစ်များနှင့်အညီ အဆိုပြုလွှာများ၊ အတည်ပြုလျှောက်ထားလွှာများတင်ပြကြရာတွင် အခက်အခဲမရှိစေရေးအတွက် ကော်မရှင်သို့ အဆိုပြုလွှာနှင့် အတည်ပြုလျှောက်ထားလွှာတင်ပြရန် ပြင်ဆင်လျက်ရှိကြသော လုပ်ငန်းရှင်များအားကော်မရှင်ရုံးအဖွဲ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလပထမပတ်မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း လက်ခံတွေ့ဆုံကာ လိုအပ်သည်များကို ရှင်းလင်းဖြေကြားကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက်/အချိန် | အကြောင်းအရာ |
|---|---|---|
| (က) | လစဉ်ပထမပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားသောက်ကုန်နှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ခ) | လစဉ် ဒုတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | CMP လုပ်ငန်းများနှင့် စက်မှုကဏ္ဍ (စားသောက်ကုန်နှင့် သစ်လုပ်ငန်းမှအပ)ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဂ) | လစဉ် တတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | အိမ်ရာအဆောက်အအုံ၊ စက်မှုဇုန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဟိုတယ်ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဃ) | လစဉ် စတုတ္ထပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | လျှပ်စစ်၊ စွမ်းအင်၊ အခြားဝန်ဆောင်မှုနှင့် သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |

အဆိုပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေပါ အဆိုပြုချက်နှင့် အတည်ပြု လျှောက်ထားလွှာများ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးခြင်းအစီအစဉ်ကို တက်ရောက်လိုပါက ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦးကိုယ်တိုင် တက်ရောက်မည့် ပုဂ္ဂိုလ်အမည်၊ ကုမ္ပဏီ၊ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ကိုဖော်ပြလျက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁- ၆၅၈၁၀၃ ၊ ဖက်စ်- ၀၁- ၆၅၈၁၄၃၊ အီးမေးလ်- dica.ip.mm@gmail.com) သို့ ကြိုတင်စာရင်းပေး ဆက်သွယ်၍ တက်ရောက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

# စားအုန်းဆီတင်ပို့ရာတွင် အတားအဆီးများစွာနှင့် အင်ဒိုနီးရှားနိုင်ငံ ရင်ဆိုင်နေရ



စားအုန်းဆီတင်ပို့ရာတွင် အင်ဒိုနီးရှားနိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများစွာနှင့် ရင်ဆိုင်နေရကြောင်းဂျကာတာပို့စ်၏ သတင်းထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့် ဧပြီလအတွင်းက European Community ၏ အော်ဂဲနစ်ထုတ်ကုန်နှင့် ပတ်သက်၍ ကန့်သတ်ခြင်း ခံခဲ့ရပြီးနောက် ဒုတိယအကြိမ်အဖြစ် အိန္ဒိယနိုင်ငံ၏စားအုန်းဆီတင်သွင်းခွန်ကို တိုးမြှင့်သည့်ကြေညာချက်နှင့် ရင်ဆိုင်ခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကြမ်းတင်သွင်းမှုကို အခွန်တိုးမြှင့်ကောက်ခံရာတွင် ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင် အိန္ဒိယအစိုးရသည် စားအုန်းဆီကြမ်း တင်သွင်းမှုသာမက စားအုန်းဆီနှင့် ပတ်သက်ဆက်နွယ်နေသည့် ကုန်ပစ္စည်းများတင်သွင်းမှုကိုလည်း အခွန် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံခဲ့သည်။

ယင်းကဲ့သို့ စားအုန်းဆီနှင့်ပတ်သက်သည့်သွင်းကုန်ခွန်များကို တိုးမြှင့်ကောက်ခံလိုက်သဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်း၏အဓိကပို့ကုန်ဖြစ်သည့် စားအုန်းဆီတင်ပို့မှုကို အကြပ်ရိုက်စေခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး မစ္စတာ Enggartiasto Lukita က အိန္ဒိယနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပို့ကုန်များ၏ အဓိကဈေးကွက် တစ်ခုပင်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံက ၎င်းနိုင်ငံသို့တင်သွင်းနေသည့် သွင်းကုန်များကို လျှော့ချမည့် ကြေညာချက်များသည် ၎င်းတို့နိုင်ငံအတွက် အလွန်အမင်းထိခိုက်စေသည့် ကြေညာချက်များပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အင်ဒိုနီးရှားနိုင်ငံဟာ အိန္ဒိယနိုင်ငံကို ဆင့်တက်ပြုပြင်ထားတဲ့ စားသောက်ကုန်များ အပါအဝင် အခြားသော စားသောက်ကုန်များကို တင်သွင်းနေတဲ့နိုင်ငံငါးနိုင်ငံအနက် တတိယမြောက် နေရာမှာရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အင်ဒိုနီးရှားအစိုးရအနေနဲ့ အိန္ဒိယနိုင်ငံအစိုးရထံကို စားအုန်းဆီကြမ်းတင်သွင်းမှုနဲ့ ပတ်သက်ပြီး ကုန် သွယ်ရေးဆိုင်ရာအတားအဆီးတွေကို လျှော့ချပေးဖို့ တောင်းဆိုသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်မှုပြုရာတွင် ယခုနှစ် ပထမငါးလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၁ ဘီလီယံရှိခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်းက အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၃ ဘီလီယံရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းအချက်အလက်များကို ကိုးကား၍ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများအနက် အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုနှစ်ပထမနှစ်ဝက်ကာလအတွင်း စားအုန်းဆီတန်ချိန် ၃ ဒသမ ၈ သန်းကို တင်ပို့နိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူက စားအုန်းဆီ တန်ချိန် ၂ ဒသမ ၆သန်းတင်ပို့ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

# ထိုင်း-ဘင်္ဂလားဒေ့ရှ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်လက်မှတ်ရေးထိုးရန်ပြင်ဆင်နေ

ထိုင်းနိုင်ငံ စီးပွားရေးခေါင်းဆောင်များအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA) အတွက် ဆွေးနွေးနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်းနှင့် ၎င်းသည် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအတွက် ဖြေလျှော့မှု အခွင့်အလမ်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သို့သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခွဲတမ်းကင်းလွတ်ခွင့်(Free Quota) အား ခွင့်ပြုရန်မှာ ကာလတိုအတွက်သာမဟုတ်၍ သေချာစွာ စဉ်းစားသင့်ကြောင်း၊ အကောက်ခွန်နှုန်းမဲ့ (Tariff-free) ပေးအပ်ခြင်းသည် ထိုင်းပြည်တွင်းထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် ထိခိုက်မှုရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်က ထိုင်း-ဘင်္ဂလားဒေ့ရှ်ပူးတွဲကုန်သွယ်ရေးကော်မတီ (JTC) အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှ ထိုင်းနိုင်ငံဘက်သို့ သွင်းကုန်ခွန်များ ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ပို့ကုန် ၃၆ မျိုးအပေါ် တောင်းခံခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ ချည်ထည်နှင့် အဝတ်အထည်ကဏ္ဍမှ အများစုပါဝင်ကြောင်း၊ ၎င်းအပြင် စိုက်ပျိုးရေးထုတ်ကုန်များလည်း ပါဝင်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စအပီရာဒီတန်ထရာဘွန်းက ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံမှ သွင်းကုန်ခွန် ပယ်ဖျက်ရေးကိစ္စမှာ ကုလသမဂ္ဂအဖွဲ့မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) သို့ ခွင့်ပြုမှုကဲ့သို့ လိုအပ်လျက်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်မှ တောင်းဆိုသောအခွန် သုညရာခိုင်နှုန်းသည် ကုန်သွယ်မှုလိုငွေကွာဟချက် မြင့်မားနေခြင်းအား လျှော့ချရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းလင်းပြောကြားခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ကြောင်း၊ ထိုင်း- ဘင်္ဂလားဒေ့ရှ် အပြန်အလှန် ကုန်သွယ်မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံသို့ရောက်ရှိခဲ့ပြီး ယခင်နှစ်များထက် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ကြီးမားသော ကုန်သွယ်မှုပိုငွေရရှိခဲ့ကြောင်း၊ ထိုင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၉၄၀ ခန့်ရှိခဲ့ပြီး အဓိကပို့ကုန်များမှာ ပလတ်စတစ်စေ့၊ ဓာတုထုတ်ကုန်များ၊ ဘိလပ်မြေ၊ ချည်ထည်၊ သံမဏိပစ္စည်း၊ ပီလောပီနံထုတ်ကုန်နှင့် အလှ ကုန်ပစ္စည်းတို့ဖြစ်ကြောင်း၊ သွင်းကုန်တန်ဖိုးမှာ အလွန်နည်းပါးပြီး အဝတ်အထည်များ၊ ဘိလပ်မြေနှင့် မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းတို့ တင်သွင်းခဲ့ကြောင်း၊ သို့ဖြစ်၍ နှစ်စဉ်ကုန်သွယ်မှုလိုငွေ ကွာဟချက် ကြီးမားခြင်းကို လျှော့ချနိုင်ရန်အတွက် အကောက်ခွန် သုညရာခိုင်နှုန်း လိုလားခြင်းဖြစ်ကြောင်း ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ပါသည်။

ထိုင်းကုန်သည်အသင်း ဒုတိယဥက္ကဋ္ဌ Mr Phairush Bunrapachaisri က ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အစိုးရအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွင်းကုန်ခွန်သုညရာခိုင်နှုန်း ခွင့်မပြုမီ သေချာစွာ စဉ်းစားချင့်ချိန် ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဝတ်အထည် အပါအဝင် ကုန်ပစ္စည်းများ စုပြုံဝင်ရောက်လာနိုင်မည့်သဘောဖြစ်ကြောင်း၊ ယင်းကြောင့် ဒေသခံ အထည်လုပ်ငန်းရှင်များအား ထိခိုက်စေနိုင်ကြောင်း၊ ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်း လုပ်အားခကြီးမြင့်သည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် စက်ရုံများအား အိမ်နီးချင်းနိုင်ငံများသို့ရွှေ့ပြောင်းတည်ဆောက်ရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်စည်များလည်း များစွာ ဝင်ရောက်လာနိုင်မည်ဖြစ်၍ ဒေသခံတောင်သူလယ်သမားများ အကျိုးကိုလည်း ထိခိုက်စေနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

သို့သော်လည်း ထိုင်းစီးပွားရေးလုပ်ငန်းကဏ္ဍအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မည့် အကြံအစည်အား ကြိုဆိုပါကြောင်း၊ ထိုင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဘင်္ဂလားဒေ့ရှ်အား ဒေသတွင်း ကုန်စည်များ ထုတ်လုပ်ဖြန့်ဖြူးရန် ရင်းနှီးမြှုပ်နှံမှု ဗဟိုဒေသအဖြစ် စိတ်ဝင်စားလျက်ရှိနေကြောင်း ဖော်ပြထားပါသည်။

Source- Bangkok Post

**သောင်းနိုင်(တာချီလိတ်)**







| | | | |
|---|---|---|---|
| Pathein Office | 042-22098 | Mandalay Office | 09-910 16221 |
| Magwe Office | 063-26080 | Mawlamyine Office | 09-4980 5134 |
| Sittwe Office | 043-22504 | Taung Gyi Office | 081-21-24952 |
| Nay Pyi Taw Office | 067-26223 | Pyay Office | 09-425005115 |
| Myeik Office | 09-7800 36 005 | Myit Kyina Office | 09-2400 136 |


AWI

**ASIA WINNER INDUSTRIAL LTD.**

No. 25, 63rd Street, Botataung Tsp, Yangon, Myanmar

☎ : (95-1) 397096 (Dir), 9010237, 9010238, 397097~397100,

Fax : (951) 397101, Hotline : 09 783 85 83 86








Ocean
SUPERCENTER
သင့်မိသားစုအတွက်
အကောင်းဆုံးရွေးချယ်မှုများနှင့်ပြည့်စုံစေသောနေရာ
BEST CHOICE &
GREAT DEALS
for your family!

# အိန္ဒိယနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဆုံးရှုံးနေရဟုဆို

အိန္ဒိယနိုင်ငံတွင် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း အိန္ဒိယအစိုးရ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ သည်တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ၂၀၂၀ ပြည့်နှစ်မှ ယခုရာစုနှစ်ကုန်ပိုင်းအထိ လယ်ယာကဏ္ဍထုတ်လုပ်မှုများကို ဆိုးဆိုးရွားရွား ထိခိုက်လာနိုင်ကြောင်း အိန္ဒိယအစိုးရက ခန့်မှန်းထားသည်။

လာမည့်နှစ် အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံတွင် အဓိကသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုများသည် လျော့ကျလာနိုင်ကြောင်း၊ သို့သော် လယ်ယာကဏ္ဍကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်ခဲ့ပါက သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်အရောက်တွင် ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း အိန္ဒိယပါလီမန်တွင် မကြာသေးမီက တင်ပြခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကြောင့် လည်းကောင်း၊ တစ်နေ့တခြား ဆင်းရဲနွမ်းပါးမှုပိုမိုများပြားလာခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဂျုံ၊ ဆန်၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့မှာ တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းလျော့ကျလာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဆန်ကဲ့သို့သော ကောက်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အိမ်နီးချင်း အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုပင် မယှဉ်နိုင်သေးပေ။ သို့သော် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများကိုပင် ပြန်လည်တင်ပို့နိုင်လိမ့်မည်ဖြစ်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ကိုးဘီလီယံမှ ၁၀ ဘီလီယံအထိဆုံးရှုံးလျက်ရှိကြောင်း၊ ယင်းဆုံးရှုံးမှုများအနက် ၈၀ ရာခိုင်နှုန်းမှာ အာမခံမထားရှိသည့်အတွက် ဆုံးရှုံးရခြင်းဖြစ်သည်ဟု ဆိုသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်အတွင်းက ကက်ရှ်မီးယားဒေသတွင် ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရှိခဲ့ပြီး ယင်းနှစ်အတွင်းမှာပင် ဆိုင်ကလုန်းမုန်တိုင်းဟွဒ်ဟွဒ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိခဲ့သည်။





## တရုတ်နိုင်ငံ၏ ဝိုင်ဈေးကွက်ကို အဇာဘိုင်ဂျန်နိုင်ငံက မျက်စိကျနေ

တရုတ်နိုင်ငံ၏ ဝိုင်ဈေးကွက်ကို အဇာဘိုင်ဂျန်နိုင်ငံက မျက်စိကျနေကြောင်း၊ တရုတ်နိုင်ငံသို့ ဝိုင်ပိုမိုတင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း အဇာဘိုင်ဂျန်နိုင်ငံပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှုမြှင့် တင်ရေးဖောင်ဒေးရှင်း (AZPROMO) က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဩဂုတ် ၂၅ ရက်က ရေးသားဖော်ပြခဲ့သည်။

အဇာဘိုင်ဂျန်နှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဝိုင်တင်ပို့မှုနယ်ပယ်ကို တိုးချဲ့ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံ ဝိုင်ထုတ်လုပ်သူများနှင့် အဇာဘိုင်ဂျန်မှ ဝိုင်တင်ပို့သည့်ကိုယ်စားလှယ် Teymur Nadiroglu တို့တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း AZPROMO ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

၂၀၁၅ခုနှစ်ကတည်းက တရုတ်နိုင်ငံသို့ ဝိုင်တင်သွင်းမှုပမာဏသည် ပိုမိုကြီးထွားလာခဲ့ပြီး တရုတ်နိုင်ငံ၏ ဝိုင်ဈေးကွက်တွင် ပြင်သစ်ဝိုင်အမျိုးအစားများကသာ ဈေးကွက်ဝေစု၏ ၄၀ ရာခိုင်နှုန်းကို ရယူထားခဲ့သည်။

အခြားသော ဝိုင်ထုတ်လုပ်တင်ပို့သည့် နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ချီလီ၊ စပိန်၊ အီတလီနှင့် အမေရိကန်နိုင်ငံတို့သည်လည်း တရုတ်နိုင်ငံဝိုင်ဈေးကွက်ဝေစု၏ ၆၀ ရာခိုင်နှုန်းကို ရယူထားနိုင်ခဲ့ကြောင်း အဇာဘိုင်ဂျန်နိုင်ငံမှ ဝိုင်တင်သွင်းသည့်ကိုယ်စားလှယ်ဖြစ်သူ Nadiroglu က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်းက အဇာဘိုင်ဂျန် ပြည်တွင်းကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ ဝိုင်ပုလင်းပေါင်းငါးသိန်းကို တင်ပို့နိုင်ခဲ့သည်။

အဇာဘိုင်ဂျန်အနေဖြင့် ဝိုင်နှင့် စွမ်းအင်သာမက ခရီးသွားလာရေးလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မယ်သီတာ စုစည်းသည်


Myanmar Synergy Co.,Ltd.
SYNERGY Sales & Service Center

- ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော အီတလီဒီဇိုင်းဖြစ်ခြင်း။
- FPT Euro 3, CURSOR 9 အင်ဂျင်တပ်ဆင်ထားသောကြောင့် ဆီစားနှုန်းသက်သာခြင်း။
- လုံခြုံစိတ်ချမှုရှိပြီး သက်တောင့် သက်သာ မောင်းနှင်နိုင်ခြင်း။
- Spareparts များလွယ်ကူစွာ ဝယ်ယူရရှိနိုင်ပြီး ပြင်ဆင်စရိတ်သက်သာခြင်း။
- ကျွမ်းကျင်သော Service Engineer များဖြင့် ဖွဲ့စည်းထားရှိခြင်း။

IVECO 682




အမှတ် (1/၂)၊ မိန်းလမ်းမကြီးနှင့် အလယ်လမ်းထောင့်၊ အနော်ရထာရက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
အမှတ် (၂၀၅)၊ ဗိုးရာဇာလမ်းနှင့် ၅၅လမ်းထောင့် ၊ စက်မှုဇုန် (၁)၊ မန္တလေးမြို့။
အမှတ် (၀၁၁/၉၀) ယွမ်မှ၊ ဆိုင်းတောင်ကြီးလမ်း။ ဖားကန့်မြို့။

Sales Hotline: 09 263 617 334, 09 2029015